# မိုးကျော်သူ

## ရဲတိုက်ဝင်္ကပါ

ဒုတိယပိုင်းဇာတ်သိမ်း



စာမူကြိုတင်ပုံနှိပ်ခွင့်အမှတ် ၁၄၈/၈၉(၈)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၉၈/၉၀(၂)

ပထမအကြိမ်၊ ၁၉၉၀ ပြည့်နှစ် မေလ
အုပ်ရေ ၅၀၀၊ တန်ဖိုး ၃၄ ကျပ်

အဖုံးရိုက် သင်းအောဖ်ဆက်

ထုတ်ဝေသူ ဦးကျော်ဝမ်း (မြဲ ၀၁၆၁၁)
မိုးကျော်သူစာပေ
အမှတ် ၁၈၀၊ ဓမ္မစေတီလမ်း
ဗဟန်း၊ ရန်ကုန်။

ပုံနှိပ်သူ ဦးပါကြီး (မြဲ ၀၁၉၅)
ဆန်းသစ်စပုံနှိပ်တိုက်
အမှတ် ၅၀၂၊ သိမ်ဖြူလမ်း
ရန်ကုန်မြို့။

ဖြန့်ချိရေး စွယ်တော်စာပေ
အမှတ် ၁၃၃၊ အခန်း ၆
ဆိပ်ကမ်းသာလမ်း၊ ရန်ကုန်။

မိမိငှါးရမ်းသွားသော စာအုပ်
ရေစို-စုတ်ပြဲ-ပျက်စီး-ပျောက်ဆုံးလျှင်
စာအုပ် တန်ဖိုး နှင့်တကွ ငှါးခ ရက်
အတွက်ပါ ပေးလျော် ရမည်။



## ( ၁ )

'ကျားကြီး ငြိမ်သွားပြီလား'

ဌာနမှူး ကိုထန်က အစောင့်နှစ်ယောက်အား မေးလိုက်လေသည်။

အစောင့်တစ်ယောက်က အရိုအသေပြုပြီးမှ....

'အစပထမတုန်းကတော့ ဌာနမှူးရဲ့ ကုတ်ကို ရိုက်ချိုးပစ်မယ်လို့ ဆူပူသောင်းကျန်းနေပါတယ်'

ဌာနမှူးကိုထန်က ကျောချမ်းသွားသည်။ သူသည် အမှတ်မထင် လည်ကုတ်အား စမ်းကြည့်မိလေသည်။

အစောင့်က စကားဆက်လိုက်သည်။

'နောက်တော့ တဖြည်းဖြည်း ငြိမ်သွားပါတယ်၊ တစ်ခါ တစ်ခါ သက်ပြင်းချတဲ့အသံလောက်ပဲ ကြားရပါတယ်'

ဌာနမှူး ကိုထန့်၏ရင်ထဲ၌ အလုံးကြီးကျသွားလေသည်။

အစောင့်က စကားဆက်လိုက်ပြန်သည်။

'နောက်ဆုံး ဘာသံမှ မကြားရတော့ပါဘူးခင်ဗျာ'

အာဏာသား ဝတုတ်က ခေါင်းညိတ်လိုက်သည်။

'ယင်းဖုံးပြောတဲ့စကား မှန်နေပါလား'

ကိုထန့်က သူ့အား မျက်လုံးပြူး၍ ကြည့်လိုက်သည်။

'သူက ဘာတွေ ပြောသွားလို့လဲ'

အာဏာသား ဝတုတ်က....

'ကျားကြီး ဒေါသပြေသွားရင် အသိတရားဝင်လာလိမ့်မယ် လို့ ပြောသွားပါတယ်'

'ဒါက သူပြောမှုလား'

ကိုထန် နှာခေါင်းရှုံ့လိုက်လေသည်။ ပြီးနောက် သော့လှမ်း ပေးလိုက်လေသည်။

'ကဲ-တံခါးပေါက လက်ထိတ်များကို ဖွင့်လိုက်ပါ'

အစောင့်တစ်ယောက်သည် သော့ခလောက်နှင့် လက်ထိတ် များအား သော့ဖြင့် ဖွင့်ပေးလိုက်လေသည်။ ကိုထန်က မီးဖုံး အိမ်၏ ရှေ့ဆုံးမှ လှမ်းဝင်သွားသည်။ ကျန်ရှိသော လူများက နောက်မှလိုက်၍ အခန်းထဲသို့ လှမ်းဝင်သွားလေသည်။

ကိုထန်သည် မီးအိမ်အား ကျားကြီး သော့ခတ်ထားသော နေရာသို့ မြှောက်၍ ကြည့်လိုက်လေသည်။



မီးရောင်အောက်တွင် မူလခြေလက်များကို လက်ထိတ် ခြေထိတ် ခတ်ထားသော ကျားကြီးသည် ယခုအခါမှာ ကျားကြီး လုံးဝမဟုတ်တော့တဲ့ ကျားကြီးအစား ရှောင်ပေရှုံအဖြစ် ပြောင်း လဲသွားသည်ကို တွေ့မြင်လိုက်ရလေသည်။

* * *

(၂)

အားလုံးသော လူများသည် ရုတ်တရက် အံ့အားသင့်ကုန် ကြလေသည်။

သော့အထပ်ထပ် ခတ်၍ထားသော အိမ်ခန်းထဲ၌ ချုပ်နှောင် ထားသော ကျားကြီးက မည်သည့်နေရာသို့ ရောက်ရှိသွားပါ သနည်း။ ရှောင်ပေရှုံက အဘယ်ကြောင့် ကျားကြီးနေရာသို့ အစားထိုး ဝင်ရောက်လာပါသနည်း။

ထိုအိမ်ခန်းသည် ကျောက်တုံးများဖြင့်ခိုင်ခံ့စွာတည်ဆောက် ထားသော အိမ်ခန်းဖြစ်သည်။

ယင်းအခန်းသည် တံခါးပေါက်တစ်ခုမှလွဲ၍ ပြတင်းပေါက် ဟူ၍ ကြောင်တစ်ကောင်ပင် ထွက်ရန် အပေါက်မရှိပါ။

ယခုမှာမူ အိမ်ခန်းထဲ၌ ခြေလက်များအား နံရံပေါ် သေချာစွာ သော့ဖြင့်ခတ်ထားခဲ့သော ကျားကြီးသည် အဘယ်ကြောင့် ပျောက်ဆုံးသွားပါသနည်း။ ကျားကြီးအစား ရှောင်ပေရှုံက မည်သည့်နေရာက ဝင်ရောက်လာနိုင်ပါသနည်း။

'ဘယ်လို ဖြစ်ကုန်ပါလိမ့်'

အာဏာသား ဝတုတ်က ထအော်မိလေသည်။ ဦးရေး၏ မျက်လုံးအစုံမှာလည်း ပြူးကျယ်သွားလေသည်။

'ဟာ....ရှောင်ပေရှုံပါလား'

ကိုထန်က ခေါင်းကုတ်လိုက်သည်။

'ကျားကြီးက မှော်အတတ် တတ်ပြီထင်တယ်'

အာဏာသား ဝတုတ်က ဌာနမှူးကိုထန်အား လှည့်ကြည့်လိုက်သည်။

'ဆရာ ဘယ်လိုဖြစ်ကုန်တာလဲဗျာ'

ဌာနမှူးကိုထန်က ချောင်းတစ်ချက် ဟန့်လိုက်သည်။

'သိပ်လဲပြောမနေကြနဲ့၊ ရှောင်ပေရှုံကိုမေးကြည့်ရင် အားလုံးရှင်းသွားမှာပါ'

အာဏာသားဝတုတ်က ခေါင်းညိတ်လိုက်သည်။

'ဟုတ်သားပဲ'

ထိုစဉ် တစ်ချိန်လုံး စကားမပြောဘဲ အေးဆေးစွာ အကဲခတ်နေသော ယင်းဖုံးက သက်ပြင်းချလိုက်လေသည်။

'သူလဲ ရှင်းမပြနိုင်ရှာပါဘူး'

ဌာနမှူး ကိုထန်က သူ့အား လှည့်ကြည့်လိုက်သည်။

'ဘာဖြစ်လို့လဲ'



ယင်းဖုံးက ပခုံးတစ်ချက် တွန့်လိုက်သည်။

'သူက သေသွားပြီ၊ သေတဲ့လူက စကားဘယ်ပြောနိုင်တော့မှာလဲ'

ယင်းဖုံး၏စကားကြောင့် အားလုံးသောလူများသည် ရှောင်ပေရှုံမှာ သေဆုံးနေသည်ကို တွေ့ရှိရလေသည်။

အာဏာသားဝတုတ်က မီးအိမ်ဖြင့် သေသေချာချာစစ်ဆေးကြည့်သည်။

'ရှောင်ပေရှုံ သေဆုံးသွားတာ ဘာဒဏ်ရာမှလဲ မတွေ့ရပါလား'

ဌာနမှူး ကိုထန်ကလည်း စစ်ဆေးကြည့်လိုက်လေသည်။

'ဟုတ်တယ်၊ ဒဏ်ရာမတွေ့ဘူး'

ဦးရေးက....

'ဒါဖြင့် သူက ဘာကြောင့် သေသွားတာလဲ'

ယင်းဖုံးက အနည်းငယ် စဉ်းစားလိုက်သည်။

'သူ သေဆုံးပုံကတော့ အဆိပ်မိတာဖြစ်မယ်၊ ဒါမှမဟုတ် မူးယစ်ဆေးဝါး အလွန်အကျွံ သောက်မိတာဖြစ်မယ်'

ဌာနမှူး ကိုထန်က....

'ဘယ်လိုပဲသေသေ၊ အရေးကြီးတာက သူက ဘယ်လိုလုပ် ဒီကိုရောက်လာတာလဲ'

အာဏာသား ဝတုတ်က....

'ဟုတ်တယ်၊ ကျားကြီးကကော ဘယ်လိုလုပ် ထွက်သွားတာလဲ'

ယင်းဖုံး မျက်မှောင်ကုတ်သွားသည်။

'ဒါက စဉ်းစားစရာတွေပဲ'

ဌာနမှူး ကိုထန်သည် အစောင့် နှစ်ယောက်အား လှမ်းခေါ်လိုက်သည်။

'မင်းတို့နှစ်ယောက် ခဏလာကြစမ်း'

အစောင့် နှစ်ယောက်သည် အိမ်ထဲသို့ ဝင်ရောက်လာပြီးအရိုအသေပြုလိုက်လေသည်။

'မင်းတို့ ဒီမှာစောင့်နေတာတခြားနေရာသွားခဲ့သေးသလား'

အစောင့်နှစ်ယောက် ပြိုင်တူ ခေါင်းခါယမ်းလိုက်သည်။

'ကျွန်တော်တို့ ဘယ်မှမသွားပါဘူးဆရာ'

ဝတုတ်က....

'သူတို့ထွက်သွားတယ်ပဲထား၊ လက်ထိပ်တွေ၊သော့ခလောက်တွေ ခတ်ထားတယ်၊ ဘယ်လိုလုပ်ဖွင့်နိုင်မှာလဲ'

ဌာနမှူး ကိုထန်သည် အခန်းတစ်ခုလုံးသို့ သေသေချာချာ စစ်ဆေး ကြည့်ရှုလိုက်လေသည်။ ယင်းအခန်းသည် တံခါးထွက်ပေါက်တစ်ခုမှလွဲ၍ အခြားမည်သည့် ထွက်ပေါက်မျှ မရှိသည်ကို တွေ့ရသည်။

သူသည် ခေါင်းတွင်တွင်ကုတ်သည်။

'ကျားကြီးကများ မှော်အတတ်ပညာနဲ့ လုပ်လိုက်သလားမှ မသိပဲ'

ဝတုတ်က ခေါင်းညိတ်လိုက်သည်။

'ဒါဖြစ်နိုင်တယ်'

ယင်းဖုံးက ခေါင်းခါယမ်းလိုက်သည်။

'ဒါက မှော်အတတ်ပညာနဲ့ လုပ်လို့ရတဲ့ ကိစ္စမှမဟုတ်ပဲ'



ဌာနမှူးကိုထန်က....

'ခင်ဗျားကော ဘယ်လိုထင်မြင် ယူဆမိသလဲ'

ယင်းဖုံးက ခေါင်းခါယမ်းလိုက်သည်။

'အခုအချိန်ထိ ကျွန်မဘာမှ စဉ်းစားလို့ မရသေးပါဘူးရှင်'

ဝူးရားက သက်ပြင်းတစ်ချက် ချလိုက်သည်။

'ရှောင်ပေရှီကသာ မသေရင် သူ့ကို မေးကြည့်လိုက်တာနဲ့ အားလုံးသိမှာပဲနော်'

ဌာနမှူး ကိုထန်က သက်ပြင်းတစ်ချက် ချလိုက်လေသည်။

'ဖန်ကြည်ကြည်ကပျောက်ဆုံးသွားတယ်၊ရှောင်ပေရှီအသတ်ခံရတယ်၊ အဲဒီတော့ ဒီအားမှဟာ ကျားကြီးပဲ ရသွားမယ်ထင်တယ်'

* * *

ယင်းဖုံးသည် မျက်မှောင်ကုတ်၍ တွေးတောနေ၏။ ဝူးရားသည် နေမထိထိုင်မထိ ဖြစ်နေ၏။

အစောင့်နှစ်ယောက်ကလည်း ဆက်လက် စောင့်ရမည်လော။ သို့မဟုတ် ပြန်သွားရမည်လော ဖြစ်နေ၏။

ဌာနမှူးကိုထန်က အတွေးထဲသို့ နှစ်မြုပ်နေသော ယင်းဖုံး အား ကြည့်လိုက်သည်။

'ဒီအမှုဟာ တဖြည်းဖြည်းနဲ့ ထူးထူးဆန်းဆန်းဖြစ်လာတယ်၊ အဲဒါကို ခင်ဗျားက ဘယ်လိုယူဆမိသလဲ'

ယင်းဖုံးက....

'ဌာနမှူးကော'

ဌာနမှူးကိုထန်က....

'ကျုပ်အထင်နဲ့ ပြောရမယ်ဆိုရင် ကျားကြီးကမှော်အတတ် ပညာတတ်ထားတဲ့ လူတစ်ယောက်ဖြစ်တယ်၊ ဒါကြောင့်ရှောင် ပေရုံကိုလဲ သူက သတ်လိုက်ပြီး ဒီအခန်းထဲမှာ လာထားတာဖြစ်ရမယ်'

ယင်းဖိုးက ပြုံးလိုက် သည်။

'လူသတ်တရားခံ ဘယ်သူ ဖြစ်တယ်ဆိုတာတော့ အခုပြောဖို့အချိန် စောပါသေးတယ်၊ ရှောင်ပေရုံ သေဆုံးတဲ့ အခြေအနေကို လေ့လာကြည့်မယ်ဆိုရင် သူသေဆုံးသွားတာ အများဆုံး သုံးနာရီလောက်ပဲ ကြာဦးမယ်'

ကိုထန်က နားထောင်နေ၏။ ယင်းဖိုးက ဆက်လက်ရှင်းပြလိုက်သည်။

'ကျွန်မ အယူအဆ မမှားဘူးဆိုရင် ရှောင်ပေရုံမှာ လမ်းအပြန် အသတ်ခံရတာ ဖြစ်လိမ့်မယ် ထင်တယ်'

ကိုထန်က မျက်မှောင်ကုတ်သွားသည်။

'ဒါဖြင့် သူကဒီအိမ်ထဲကို ဘယ်လိုလုပ် ရောက်လာတာလဲ'

ယင်းဖိုးက....



'လူသတ်တရားခံက သယ်ဆောင်လာတာ ဖြစ်မှာပေါ့'

ကိုထန်က မဲ့ပြုံး ပြုံးလိုက်သည်။

'ဒီအိမ်အပြင်မှာ အစောင့်နှစ်ယောက်ချထားတယ်၊ တံခါးကိုလဲ သေသေချာချာ သော့ခတ်ထားတယ်၊ သူက ဘယ်လိုလုပ်ဝင်လို့ရမှာလဲ'

သူသည် စကားဆက်လိုက်ပြန်သည်။

'နောက်ပြီး ဒီအခန်းထဲမှာ သော့ အထပ်ထပ်ခတ်ထားတဲ့ ကျားကြီးက ဘယ်ရောက်သွားတာလဲ'

ယင်းဖုံးက....

'ဒီပြဿနာကိုတော့ စဉ်းစားလို့မရခင် မစဉ်းစားတာပဲ ကောင်းတယ်'

ကိုထန်က မျက်မှောင်ကုတ်သွားသည်။

'ဒါဖြင့် တို့ဒီအတိုင်း လက်ပိုက်ကြည့်နေရတော့ မှာလား'

ယင်းဖုံးက ပြုံးလိုက်သည်။

'လက်ပိုက်ကြည့်လို့တော့ ဘယ်ရပါ့မလဲ'

ကိုထန်က....

'ဒါဖြင့် ဘာဆက်လုပ်ကြမလဲ'

ယင်းဖိုးက....

'လူသတ်တရားခံဟာ သိပ်ဝေးဝေးရောက်မှာ မဟုတ်သေးဘူးထင်တယ်၊ အခုနေ လိုက်သွားရင် မိကောင်းမိနိုင်သေးတယ်'

ကိုထန်က ရယ်မောလိုက်သည်။

'ဘယ်ကို လိုက်ရမှာလဲဗျာ၊ ဘာ အထောက် အထားရှိလို့ ဘယ်သူ့ကို ဖမ်းရမှာလဲ'

ယင်းဖုံးက ပြုံးလိုက်သည်။

'ကျွန်မတို့ပဲ လိုက်သွားပါ့မယ်'

သူမသည် ဝူးရေးဘက်သို့ လှည့်ကြည့်လိုက်သည်။

'ဝူးရေး၊ ညည်းက အရှေ့ဘက်ကို လိုက်သွားပါ၊ မမက အနောက်ဘက်ကို လိုက်သွားမှယ်'

'ဟုတ်ကဲ့ မမ'

ဝူးရေးသည် အလွန်လှုပ်ရှားလိုသော မိန်းကလေးတစ်ယောက်ဖြစ်သည်။ ထို့ကြောင့်သူမသည် ချက်ချင်းပင် ပြေးလွှားထွက်ခွာသွားလေသည်။

ယင်းဖုံးက ဌာနမှူး ကိုထန်အား တစ်ချက်ကြည့်လိုက်၏။

'ကျွန်မ လိုက်သွားပါဦးမယ်'

သူမသည် အခန်းထဲမှ ခြေလှမ်းမှန်မှန်ဖြင့် ထွက်ခွာသွားလေသည်။

* * *

ယင်းဖုံးသည်အပြင်ဘက်သို့ရောက်ရှိလာသည်နှင့် သူ၏ကိုယ်ဖော့ပညာကို အသုံးပြုလိုက်လေသည်။



သူမ၏ ခန္ဓာကိုယ်သည် ပျံလွှားတစ်ကောင်ပမာ ပေါ့ပါးစွာဖြင့် ခြံဝန်းနံရံပေါ်သို့ ကျော်လွှားသွားလေသည်။ ထို့နောက် အနောက်ဘက်အရပ်သို့ ဦးတည်၍ ပြေးလွှား ထွက်ခွာသွားလေသည်။

သူမသည် အနောက်ဘက်အရပ်သို့ ဦးတည်၍ ပြေးလွှားသွားသည်။ သူမ၏ မျက်လုံးအစုံသည် ဘေးပတ်ဝန်းကျင်တို့ကို အကဲခတ်ကြည့်ရှုနေ၏။

သို့သော် သူမ ပြေးလွှားလာသော လမ်းတစ်လျှောက်လုံးမှာ လူခြေ တိတ်ဆိတ်ပြီး လူရိပ်ကိုပင် မတွေ့ရပါ။

သူသည် နှစ်မိုင်ခန့် ပြေးလွှားသွားပြီးနောက် ခြေလှမ်းရပ်တန့်လိုက်သည်။ သူမသည် ပတ်ဝန်းကျင်သို့ တစ်ချက်ဝေ့ကြည့်လိုက်ပြီးနောက် သူထင်မြင်ယူဆထားသော လူသတ်တရားခံသည် ဤဘက်သို့ ပြေးလွှားလာခြင်းမဟုတ်မှန်း ယုံကြည်လေသည်။

ထို့ကြောင့် သူသည် လာလမ်းအတိုင်း ပြန်လည်ပြေးလွှားလာသည်။ ထို့နောက် ဝူးရေး လိုက်သွားသောဘက်သို့ ဦးတည်၍ ပြေးလွှားသွားလေသည်။

သူမသည် အတန်ကြာ ပြေးလွှားလာသောအခါ....

'မမ....မမယင်းဖုံး'

ဝူးရေး၏ အက်ကွဲပြီး ကျယ်လောင်သောအသံကို ကြားလိုက်ရလေသည်။ ယင်းဖုံးသည် အသံထွက်ပေါ်လာရာသို့ ပြေးလိုက်သွားသည်။

သူမသည် ခြေလှမ်း(၂၀၀)ခန့် ရောက်ရှိသွားသောအခါ ဝူးရားက သူမအား မတွေ့မိသေးဘဲ အသံကျယ်လောင်စွာ အော်ဟစ်နေသည်ကို တွေ့ရှိရလေသည်။

'မမ....မမယင်းဖုံး'

'ငါဒီမှာဟ'

ယင်းဖုံးက ပြောရင်း သူမထံသို့ လျှောက်သွားလေသည်။

ဝူးရားသည် ယင်းဖုံးအား တွေ့မြင်လိုက်သည်နှင့် အားတက်သွားသည်။

ယင်းဖုံးက....

'ညည်းက ဘာကို တွေ့ထားလို့ ဒီလောက်တောင် အော်ကြီးဟစ်ကျယ် ခေါ်နေရတာလဲ'

ဝူးရားက....

'ကျွန်မ သူ့ကို တွေ့မိလို့ပါ'

ယင်းဖုံး မျက်မှောင်ကြုတ်သွားသည်။

'ဘယ်သူ့ကို တွေ့မိလို့လဲ'

ဝူးရားက....

'ကျားကြီး'

ယင်းဖုံးက....

'ကျားကြီး ဟုတ်လား၊ သူ ဘယ်မှာလဲ'

ဝူးရားက....

'သူက လယ်ကွင်းထဲမှာ ရှိတယ်'

ယင်းဖုံးက....

'လဲနေတယ်'



ယင်းဖုံးက မျက်မှောင်ကြုတ်သွားသည်။

'သူက ဒဏ်ရာရနေလို့လား'

ဝူးရားက....

'မသိဘူး'

ယင်းဖုံးက....

'ဒါဖြင့် သေများ သေနေပြီလား'

ဝူးရားက....

'မသိဘူး'

ယင်းဖုံးက မျက်မှောင်ကြုတ်သွားလေသည်။

'ညည်းက ဘာမှမသိပါလား'

ဝူးရားက....

'ကျွန်မ ဒီကိုရောက်လာတော့ သူက လယ်ထဲမှာ လဲလျောင်းနေတာကို တွေ့ရတယ်၊ သေသေချာချာ သွားမကြည့်သေးပါဘူး'

ယင်းဖုံးက မျက်မှောင်ကြုတ်သွားလေသည်။

'ကဲ....ဘယ်မှာလဲ၊ လိုက်ပြစမ်း'

ဝူးရားက ချီတုံချတုံဖြစ်နေ၏။

သူမသည် ကျားကြီးမှာ မှော်အတတ်ပညာတတ်ထားသည်ဟု ယုံကြည်ပြီး ကျားကြီးအနီးသို့ မချဉ်းကပ်ဝံ့ဘဲ ဖြစ်နေ၏။

ယင်းဖုံးက ပြုံးပြလိုက်သည်။

'ကျားကြီးဖြစ်ရမယ်ဆိုတာတော့ မမ ထင်သားပဲ၊ သူက ဒဏ်ရာလောက်ရလိမ့်မယ်လို့ ထင်နေတာ၊ အခုတော့ သူသေဆုံးသွားပြီ ထင်တယ်'

သူမသည် ဝူးရားအား ပြုံးပြလိုက်သည်။

'မမတစ်ယောက်လုံးရှိပါတယ်၊ မကြောက်ပါနဲ့'

ဝူးရားက အားတက်လာသည်။ သူသည် ရှေ့ဆုံးမှလမ်းပြ၍ ခေါ်ဆောင်သွားလေသည်။

* * *

ဤနေရာသည် ခရီးသွားများအတွက် တစ်ထောက်နားရန် အကာမဲ့သော အဆောင်တစ်ခုရှိသည်။

ယင်းအဆောင်၏ မဝေးသော လယ်ကွင်းထဲ၌ ကျားကြီးသည် တောင့်တင်းစွာ လဲလျောင်းနေသည်ကို တွေ့မြင်လိုက်ရလေသည်။

ဝူးရားသည် ကျားကြီး၏ကြမ်းတမ်းပြီး ကြောက်မက်ဖွယ်ရာကောင်းသော မျက်နှာကို မကြည့်ဝံ့သဖြင့် ရှေ့သို့ ဆက်မသွားတော့ဘဲ ခြေလှမ်း ရပ်တန့်လိုက်သည်။

'ဟိုမှာ မမ'

ယင်းဖုံးသည် ကျားကြီး လဲလျောင်းသော နေရာသို့ ချဉ်းကပ်သွားလေသည်။ သူမသည် ကျားကြီး၏ အလောင်းကို အတန်ကြာ လေ့လာစစ်ဆေးနေ၏။



ကျားကြီး၏ ခန္ဓာကိုယ်တစ်ခုလုံး အေးစက် တောင့်တင်းနေ၏။ သူ၏ ရုပ်သွင်သည် ပို၍ ကြောက်မက်ဖွယ်ရာကောင်းပြီး တြိဂံမျက်လုံးအစုံမှာ ပြူးကျယ်၍နေ၏။

အလွန်သတ္တိရှိသော ယင်းဖုံးပင်လျှင် ကျောချမ်းသွားသည်။

* * *

ကောင်းကင်တစ်ခုလုံးသည် လရောင်မရှိပါ။

ကြယ်ကလေး၏ အလင်းရောင်ပင် မရှိပါ။

အနောက်မြောက်ဘက်မှ တိုက်ခတ်လာသော လေသည် တဟူးဟူးတိုက်ခတ်နေ၏။ ဌာနမှူးကိုထန် အပါအဝင် အားလုံးသော လူများသည် ကျားကြီး၏ အလောင်းကို စစ်ဆေးကြည့်ရှုနေကြလေသည်။

သူတို့သည် ကျားကြီး၏ ကြမ်းတမ်းပြီး ကြောက်မက်ဖွယ်ကောင်းသော မျက်နှာကိုကြည့်ကာ ရင်ထဲ၌ ဖော်မပြနိုင်သော ကြောက်ရွံ့စိတ်များ ဖြစ်ပေါ်လာလေသည်။

ကိုထန်သည် အတန်ကြာကြည့်ပြီးမှ စိတ်ကို ထိန်းချုပ်လိုက်လေသည်။

'ဝတုတ်၊ ကျားကြီးရဲ့ လက်နှစ်ဖက်ကို လက်ထိတ်ခတ်လိုက်စမ်း'

ဝတုတ်က လက်ထိတ်ယူ၍ အနီးသို့ ချဉ်းကပ်သွားသည်။

ယင်းဖုံးက

'သူ သေသွားပြီပဲ၊ လက်ထိတ်ခတ်ဖို့ မလိုတော့ပါဘူး'

ဌာနမှူးကိုထန်က ခေါင်းတွင်တွင်ခါယမ်းလိုက်သည်။

'သတိဆိုတာ ပိုတယ်လို့ မရှိပါဘူး၊ အခု သူသေသွားတယ်ဆိုတာ တကယ်သေချင်မှ သေမှာ'

ယင်းဖုံးက ပြုံးလိုက်သည်။

'တကယ်သေတာပါ ရှင်၊ ဟန်ဆောင် သေတာ မဟုတ်ပါဘူး'

ကိုထန်က....

'မဟုတ်ဘူးဗျ၊ သူက မှော်အတတ်တက်ထားတယ်၊နောက်ပြီး သူ ငါတို့ကို ကြိမ်းသွားသေးတယ် မဟုတ်လား၊ သူ့ကို သတ်ပစ်ရင် နှစ်နာရီအတွင်းမှာ အသက်ပြန်ရှင်လာလိမ့်မယ်လို့'

ယင်းဖုံးက ရယ်မောလိုက်သည်။

'ဒါတွေဟာ ပုံပြင်ထဲက အဖြစ်အပျက်တွေပါ၊ တကယ် လက်တွေ့မရှိပါဘူး'

ဌာနမှူးကိုထန်က ခေါင်းခါယမ်းလိုက်သည်။



'မယုံမရှိနဲ့၊ ဒီလို အလားတူတဲ့ကိစ္စတွေဟာ မကြာခဏဖြစ်ခဲ့ဖူးတယ်ဗျ'

သူသည် စကားဆက်လိုက်သည်။

'ကျုပ် ကြားဖူးထားတာက လူတစ်ယောက်ဟာ သီးခြားဖော်စပ်တဲ့ ဆေးတစ်မျိုးကို သောက်လိုက်ရင် (၇)ရက်လုံးလုံး သေသွားပြီးမှ ပြန်ရှင်လာတတ်တယ်'

အာဏာသား ဝတုတ်က ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်၊ ကျွန်တော်လဲ ကြားဖူးတယ်'

သူသည် လက်ထိတ်ကိုဖြုတ်လိုက်ပြီးကျားကြီး၏ အလောင်းရှိရာသို့ ရင်တထိတ်ထိတ်ဖြင့် လျှောက်သွား လေသည်။

'ဘာပဲဖြစ်ဖြစ် လက်ထိတ်ခတ်လိုက်တာပဲ စိတ်ချရတယ်'

သူသည် တုန်တုန်ယင်ယင်ဖြင့် ကျားကြီး၏ လက်နှစ်ဖက်ကို လက်ထိတ်ခတ်လိုက်လေသည်။ ထိုအချိန်ကျမှ ဌာနမှူး ကိုထန်က အနီးသို့ ချဉ်းကပ်သွားဝံ့လေသည်။ သူသည် ကျားကြီး၏ ထွားကြိုင်းသော ခန္ဓာကိုယ်တစ်ခုလုံးအား စစ်ဆေးကြည့်ရှုလိုက်လေသည်။

အာဏာသား ဝတုတ်က....

'ဒဏ်ရာ တွေ့သလားဆရာ'

ကိုထန်က ခေါင်းခါရမ်းလိုက်သည်။

'ဒဏ်ရာလုံးဝ မတွေ့ပါလား'

အာဏာသားဝတုတ်က....

'ဒါဖြင့် သူက ဘာကြောင့် သေဆုံးသွားတာလဲ'

ကိုထန်က မျက်မှောင်ကုတ်သွား၏။

'ဒါကိုတော့ အလောင်းကို စစ်ဆေးတဲ့လူကို ပြမှပဲ သိရမှာပေါ့'

ဝတုတ်က....

'ဟုတ်တယ်၊ သူတို့က ဒီအလုပ်ကိုမှ ကျွမ်းကျင်မှုရှိတာ'

ယင်းဖုံးက ပြုံးလိုက်သည်။

'ကျွန်မ စစ်ဆေးကြည့်ပါဦးမယ်'

သူမသည် ကျားကြီး၏ ခန္ဓာကိုယ်တစ်ခုလုံးကို စစ်ဆေးကြည့်ရှုလေသည်။

ဌာနမှူးကိုထန်က....

'ခင်ဗျား ဘာကို တွေ့သလဲဗျ'

ယင်းဖုံးက ပြုံးပြလိုက်သည်။

'ကိုယ်ခန္ဓာပေါ်မှာတော့ ဘာဒဏ်ရာမှ မတွေ့ရဘူး'

ဌာနမှူးကိုထန်က....

'ဒါဖြင့် ကျားကြီးက ဘာကြောင့်သေသွားရတာလဲ'

ယင်းဖုံးက....

'အဆိပ်တစ်မျိုးမျိုးနဲ့ ဒါမှမဟုတ်ရင် မူးယစ်ဆေးဝါးတစ်ခုကြောင့် သေသွားတယ်လို့ပဲ ယူဆနိုင်ပါတယ်'



ဝတုတ်က ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်၊ ဒါပဲဖြစ်နိုင်တယ်'

သူသည် ဌာနမှူးကိုထန်အား မော့ကြည့်လိုက်သည်။

'ဒီအလောင်းကို ဘယ်လိုလုပ်ရင် ကောင်းမလဲ'

ဌာနမှူးကိုထန်က ခေါင်းကုတ်လိုက်သည်။

'သူ့ကိုတော့ မြေမြှုပ်လို့ မဖြစ်သေးဘူး'

ယင်းဖုံးက....

'အခန်းလွတ်တစ်ခုထဲမှာ ခေါင်းတစ်လုံး ကိုတော့ ကျွန်မ တွေ့ခဲ့မိတယ်၊ အဲဒီ ခေါင်းထဲမှာ ထည့်ထားရင် ကောင်းမယ်'

ဌာနမှူးကိုထန်က ခေါင်းညိတ်လိုက်သည်။

'ကောင်းပြီ၊ အဲဒီအလောင်းကို ခေါင်းထဲမှာ ထားလိုက်ပါ၊ လိုအပ်တဲ့အခါမှာ စစ်ဆေးကြည့်ရှုနိုင်တာပေါ့'

သူသည် လေပူတစ်ချက် မှုတ်ထုတ်လိုက်သည်။

'ဒီအမှုကတော့ အဆုံးသတ်ဖို့ပဲ ရှိတော့တယ်'

ယင်းဖုံးက မျက်မှောင်ကုတ်သွားသည်။

'ဌာနမှူးက ဒီအမှုကို ပိတ်တော့မယ်ဟုတ်လား'

ကိုထန်က ခေါင်းညိတ်လိုက်၏။

'ဟုတ်တယ်'

ယင်းဖုံးက....

'အမှုကို ဘယ်လိုပိတ်မလဲ'

ဌာနမှူးကိုထန်က....

'ဒီအမှုမှာ လူသတ်ကောင်က ကျားကြီးပဲ၊ အခု သူသေသွားပြီ၊ ဒါကြောင့် ဒီအမှုဟာ ဒီအတိုင်းပဲ ပိတ်လိုက်ရင်ရပါတယ်'

ယင်းဖုံးက ခေါင်းခါရမ်းလိုက်သည်။

'ကျွန်မ သဘောမတူနိုင်ဘူး'

ဌာနမှူးကိုထန်က မျက်မှောင်ကုတ်သွားသည်။

'ဘာဖြစ်လို့လဲ'

ယင်းဖုံးက....

'ရှောင်ပေရုံက သေဆုံးသွားပြီ၊ သူ့ကိုသတ်တဲ့လူက ဘယ်သူလဲ'

ဌာနမှူး ကိုထန်က....

'ဒါရှင်းပါတယ်၊ လူကိုသတ်တဲ့ လူသတ်တရားခံဟာ ကျားကြီးပဲ မဟုတ်လား'

ယင်းဖုံးက....



'ဒါဖြင့် ကျားကြီးကို သတ်တာဘယ်သူလဲ'

ဌာနမှူးကိုထန် ပါးစပ်ပိတ်ထားလိုက်လေသည်။

ယင်းဖုံးက....

'နောက်ပြီး ဖန်ကြည်ကြည်ကို ဘယ်သူက ဖမ်းသွားတာလဲ'

ဌာနမှူးကိုထန် ပါးစပ်ပိတ်မြဲပိတ်ထားလိုက်သည်။

ယင်းဖုံးက....

'ဖန်ကြည်ကြည်ဟာ သေသလား၊ ရှင်သလားဆိုတာ မသိရသေးဘူး'

ဌာနမှူးကိုထန်က ပါးစပ် ပိတ်နေ၏။ ယင်းဖုံးက....

'တကယ်လို့ ဖန်ကြည်ကြည် သေဆုံးသွားပြီဆိုရင် သူ့ကို သတ်တဲ့ တရားခံက ဘယ်သူလဲ'

ဌာနမှူးကိုထန်က သူမအား စိုက်ကြည့်လိုက်၏။

'ခင်ဗျားက ဘယ်လိုထင်မြင်ယူဆထားသလဲ'

ယင်းဖုံးက....

'ကျွန်မ ထင်တဲ့အတိုင်း ပြောရမယ်ဆိုရင် ဒီအမှုဟာ အခုမှပဲ အစရှိသေးတယ်လို့ ပြောချင်ပါတယ်'

ဌာနမှူးကိုထန်က မကျေမနပ်ဖြင့်နေသော်လည်း ယင်းဖုံး ထောက်ပြသော အချက်များကို မငြင်းနိုင်ဘဲဖြစ်နေ၏။

သူသည် စကားဦး လှည့်လိုက်လေသည်။

'ဒါတွေကို နောက်မှ ဆွေးနွေးကြ တာပေါ့၊ လောလော ဆယ်တော့ ကျားကြီး အသက်ရှင်မလာခင် ရဲတိုက်ကိုမှ သွား ပြီး ခေါင်းထဲကို သံနဲ့အသေရိုက်ထားဖို့ အရေးကြီးတယ်'

ဝတုတ်သည် အစောင့်နှစ်ယောက်နှင့် ကျားကြီးအလောင်း ကို ရဲတိုက်ထဲသို့ သယ်ဆောင်သွားကြလေသည်။

## လူလော သရဲလော

### ( ၁ )

မိုးဖွဲကလေး တဖွဲဖွဲကျနေသည်။

ရာသီဥတုသည် ရုတ်တရက် အေးစိမ့်လာလေသည်။

ဝတုတ်နှင့် အစောင့်နှစ်ယောက်တို့သည်ကျားကြီးအလောင်း ကို သယ်ဆောင်ကာ ခေါင်းထားရှိသော အခန်းရှိရာသို့ သယ် ဆောင်သွားကြလေသည်။

ဌာနမှူးကိုထန်သည် ဝတုတ်တို့က ကျားကြီးအလောင်းကို ခေါင်းထဲသို့ထည့်ပြီး အဖုံးကို သံရိုက်ပြီးသည်အထိ ရပ်ကြည့် နေသည်။

ထိုခေါင်းသည် ကျွန်းသားဖြင့် ပြုလုပ်ထားသည်။ ခေါင်းက အလွန်ကြီးမားလေသည်။ အလွန်ခိုင်မာသော ခေါင်းတစ်လုံးပင် ဖြစ်လေသည်။

ဌာနမှူးကိုထန်သည် စိတ်ချရတော့မှ ထွက်လာပြီး ဧည့်ခန်းရှိရာသို့ လျှောက်သွားလေသည်။

* * *

( ၂ )

ဧည့်ခန်းထဲ၌ မီးဖိုအား မီးမွှေးထားသဖြင့် အခန်း တစ်ခုလုံးမှာ ထွေးထွေးနွေးနွေး ရှိလှပေသည်။

ဌာနမှူးကိုထန်သည် ဧည့်ခန်းထဲသို့ လှမ်းဝင် လိုက်သောအခါ ယင်းဖုံးသည် မီးဖို၏နံဘေးတွင် အေးဆေးစွာထိုင်၍ တစ်စုံ တစ်ခုစဉ်းစားနေသည်ကို တွေ့မြင်ရလေသည်။

ယင်းဖုံး၏ နံဘေးတွင် ဖန်ကြည်ကြည်၏ အိမ်ဖော်ဖြစ်သူ အချင်းက ထိုင်နေသည်ကိုတွေ့ရလေသည်။

သူမသည် မီးဖိုအနီးတွင် ထိုင်နေသောကြောင့် အနည်းငယ်ပူစပ်ပူလောင် ဖြစ်လာသဖြင့် အနွေးထည်ကို ချွတ်လိုက်လေသည်။



ယနေ့ည သူမသည် ပန်းနုရောင်အင်္ကျီဝတ်ဆင်ထားပြီး ပန်းနုရောင်ခေါင်းစီးဖြင့် ခေါင်းကိုအုပ်ထားလေသည်။

ဌာနမှူးကိုထန်က ယင်းဖုံး၏ရှေ့တွင်ရှိသော ကုလားထိုင်ပေါ်သို့ ထိုင်ချလိုက်လေသည်။

ယင်းဖုံးသည် စဉ်းစားတွေးတောနေရာမှ ခေါင်းမော့ကြည့်လိုက်လေသည်။

'ကျားကြီးအလောင်းကို ခေါင်းထဲကို ထည့်ပြီး ပြီလား'

ကိုထန်က....

'ထည့်ပြီးပါပြီ'

သူသည် ပြုံး၍ စကားဆက်လိုက်သည်။

'မကြောက်ပါနဲ့တော့၊ သူ့ကိုသေသေချာချာ သံရိုက်ထားတယ်'

ယင်းဖုံးက ပြုံးလိုက်လေသည်။

'ဌာနမှူးက သရဲဆိုတာ ယုံသလားရှင်'

ကိုထန် မျက်မှောင်ကုတ်သွားသည်

'ယုံတာပေါ့'

ယင်းဖုံးက....

'အခု ကျားကြီးသေဆုံးသွားပြီး သရဲဖြစ်သွားလိမ့်မယ်လို့ ဌာနမှူးက ယုံကြည်သလား'

ဌာနမှူး ကိုထန်က....

'ကျားကြီးက သရဲဖြစ်မှာမဟုတ်ဘူး၊ အသက်ပြန်ရှင်လာမှာ'

ယင်းဖုံးပြုံးလိုက်မိသည်။

'သူပြန်ရှင်လာလိမ့်မယ်လို့ ဌာနမှူးက ယုံသလား'

ဌာနမှူး ကိုထန်က....

'ယုံရမှာပေါ့'

ယင်းဖုံးက....

'ဘာဖြစ်လို့ယုံရတာလဲဟင်'

ဌာနမှူးကိုထန်က....

'ကျားကြီးဟာ မှော်အတတ် ပညာကို တတ်ထားတယ်၊ ဒါကြောင့်တိုက သူ့ကို အခန်းထဲမှာ သော့ခတ်ထားသည့် တိုင်အောင် ထွက်သွားနိုင်တာပေါ့'

သူသည် စကား ဆက်လိုက်သည်။

'နောက်ပြီး သူပြောသွားပါသေးတယ်၊ သူ သေသွားယင်မကြာမီ ပြန်ရှင်လာလိမ့်မယ်လို့'

ယင်းဖုံးက ပြုံးလိုက်သည်။

'ဒါကြောင့်ဌာနမှူးက ယုံကြည်တယ် ဟုတ်လား'

ဌာနမှူးကိုထန်က....

'ခင်ဗျားရော မယုံဘူးလား'

ဌာနမှူးကိုထန်က....

လွင် ဝ၁ ၆၀



'ဒါဖြင့် သူ့ကိုအိမ်ခန်းထဲမှာ ခြေလက်ကို သော့ရော လက်ထိပ်ကော ခတ်ထားရက်သားနဲ့ ဘာကြောင့် လယ်ကွင်းထဲရောက်သွားရတာလဲ'

ယင်းဖုံးက....

'ဒီအချက်ကို ကျွန်မလဲ လေ့လာတုန်းပါ'

ဌာနမှူး ကိုထန်က....

'နောက်ပြီး ရှောင်ပေရှံဟာ ဘာကြောင့်အခန်းထဲမှာလာပြီးသေနေရတာလဲ'

ယင်းဖုံးက....

'ကျားကြီး ဘယ်လိုလုပ် အခန်းထဲက ထွက်နိုင်တာကိုလေ့လာ သိရှိနိုင်ရင် ရှောင်ပေရှံက ဘာကြောင့် အခန်းထဲရောက်နေတယ်ဆိုတာ အလိုလို ရှင်းသွားမှာပါ'

ဌာနမှူး ကိုထန်က လှောင်ပြုံးပြုံးလိုက်လေသည်။

'ဒီမှာယင်ဖုံး၊ ခင်ဗျားဟာ အမျိုးသမီး တစ်ယောက်ပါ၊ ဒီလို အမှုမျိုး အတွေ့အကြုံ နည်းနည်း နည်းပါသေးတယ်၊ ဒါကြောင့် ကျုပ်ကို မမီသေးပါဘူး'

ယင်းဖုံက ခေါင်းညိတ်လိုက်သည်။

'ကျွန်မအဖို့အတွေ့အကြုံ နုသေးတယ်ဆိုတာ ဝန်ခံပါတယ်၊ ဒါပေမယ့် အချို့လူတွေဟာ ရာထူးသာ ကြီးတယ် အလုပ်သဘော နားမလည်တဲ့လူတွေ အများကြီးပါပဲ'

အချင်းသည် သူတို့နှစ်ယောက်ကြားမှ ထိုင်၍ တစ်ယောက်နှင့် တစ်ယောက်အချီအချ ပြောဆိုနေကြသည်ကို စိတ်ဝင်စားစွာ နားထောင် နေလေသည်။

* * *

( ၃ )

အချိန်သည် တရွေ့ရွေ့ ကုန်ဆုံးသွားသည်။

ရဲတိုက် ကင်းစခန်းမှ အုန်းမောင်းခေါက်သံ တစ်ချက် တိထိ ထွက်ပေါ်လာသည်ကို ကြားလိုက် ရလေသည်။

ဌာနမှူး ကိုထန်သည် ယင်းဖုံးနှင့် အချီအချ အငြင်းအခုံ ပြုလုပ်နေကြသဖြင့် အချိန် ကြာလာသောအခါ ဌာနမှူး ကိုထန်ကရေငတ်လာလေသည်။ သူသည် ရေနွေးခရားကို လှမ်းယူလိုက်သည်။

သို့သော် ရေနွေးခရား တစ်အိုးလုံးကို သူကပင် မကြာမကြာ ငှဲသောက်ခဲ့သဖြင့် ခန်းခြောက်နေသည်ကို တွေ့ရလေသည်။

'လောက်အော့'



သူသည် အစောင့်တစ်ယောက်၏ နာမည်ကိုပါ ခေါ်လိုက်လေသည်။ အရပ်ပိန်ပိန်ရှည်ရှည်ရှိသော အစောင့်တစ်ယောက်က အခန်းထဲသို့ လှမ်းဝင်လာလေသည်။

ဌာနမှူးကိုထန်က ခရားကို လှမ်းပေးလိုက်သည်။

'အားလုံးအတွက် ရေနွေးသွားကြိုပါဦး'

လောက်အော့အမည်ရှိသော အစောင့်သည် ခရားကို ယူပြီး မီးဖိုဆောင်ဘက်သို့ ထွက်ခွာသွားလေသည်။

ရေငတ်သွား၍လားမသိ ဌာနမှူးကိုထန်က စကား မပြောတော့ပါ။ သူသည် ကုလားထိုင်ကို ကျောမှီလျက် မျက်လုံးကို မှိတ်ထားလိုက်လေသည်။

အာဏာသားဝတုတ်မှာမူ မီးဖိုအနီး၌ထိုင်နေသည်။ ဌာနမှူး ကိုထန်က အိပ်ငိုက်နေသဖြင့် အာဏာသားဝတုတ်သည် ယင်းဖုံး နှင့် ခွေးနွေ ပွဲ ဆက်လိုက်လေသည်။

'ဒါနဲ့ ခင်ဗျားခုနပြောတဲ့ စကားထဲက သရဲနဲ့ပတ်သက်ပြီး ခင်ဗျားကမယုံဘူးမဟုတ်လား'

ယင်းဖုံးကခေါင်းညိတ်လိုက်သည်။

'လောကပေါ်မှာ သရဲဆိုတာ မရှိပါဘူး'

သူမကပြုံး၍ စကားဆက်လိုက်သည်။

'ရှင်ကကော ယုံလား'

အာဏာသား ဝတုတ်က....

'ကျုပ်ဘော့ ယုံတယ်'

ယင်းဖုံးကပြုံးလိုက်သည်။

'ရှင်ကဘာကြောင့်ယုံသလဲ'

အာဏာသား ဝတုတ်က....

'ကျုပ်ကိုယ်တိုင် တွေ့ခဲ့လို့ ယုံတာပေါ့ဗျ'

ယင်းဖုံးက မျက်မှောင်ကုတ် သွားသည်။

'ရှင်က သရဲကိုတွေ့တယ် ဟုတ်လား'

ဝတုတ်က ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်-ကျုပ်တွေ့ခဲ့တယ်'

ယင်းဖုံးက စိတ်ဝင်စားလာလေသည်။

'ဘယ်နေရာမှာ တွေ့ခဲ့သလဲဟင်'

ဝတုတ်က....

'ဖန်ကြည်ကြည်နဲ့ ရှမ်းရှမ်းတို့က သင်္ချိုင်းမြေမှာ အရိုးစုတစ်ခုနဲ့တွေ့ခဲ့တယ်လို့ ပြောတယ်၊ အဲဒီအရိုးစုဟာ လှုပ်ရှားနိုင်တဲ့အပြင် ရှမ်းရှမ်းရဲ့ လည်ပင်းကိုတောင် ညှစ်သတ်ဖို့လုပ်တယ်ဆိုတာ သိရတယ်'

ယင်းဖုံးက ပြုံးလိုက်သည်။

'ဒါကို ပြောတာလား'

ဝတုတ်က ခေါင်းညိတ်လိုက်သည်။



'ဟုတ်တယ်၊ အဲဒါ ဘယ်လိုဖြေရှင်းမလဲ'

ယင်းဖုံးက ပြုံးလိုက်လေသည်။

'ဒါကတော့ လူတစ်ယောက်ဟာ အမည်းရောင် အင်္ကျီကို ဝတ်ဆင်ပြီး အထူးဖော်စပ်ထားတဲ့ ဆေးရည်တစ်မျိုးနဲ့ လူခေါင်းနဲ့ အရိုးစုခြေလက်များကို ရေးဆွဲထားလိုက်ရင် အမှောင်ထဲမှာ ကြည့်လိုက်တဲ့အခါမှာ အရိုးစုကိုပဲ တွေ့ရတာဖြစ်ပါတယ်'

ဝတုတ်က....

'ဒါဖြင့် ခင်ဗျားဆိုလိုတာက လူတစ်ယောက်ဟာ အမည်းရောင်အင်္ကျီ ဝတ်ဆင်ပြီး အထူးဖော်စပ်ထားတဲ့ ဆေးတစ်မျိုးနဲ့ အရိုးစု ရေးခြယ်ထားလိုက်ရင် အမှောင်ထုထဲမှာ ကြည့်လိုက်တဲ့ အခါမှာ အမည်းရောင်အင်္ကျီကိုမ တွေ့ရတော့ဘဲ ရေးဆွဲထားတဲ့ အရိုးစုကိုပဲ တွေ့မြင်တယ်လို့ ဆိုလိုတာလား'

ယင်းဖုံးက ခေါင်းညိတ်လိုက်သည်။

'ဟုတ်ပါတယ်'

ထိုအချိန် ဌာနမှူး ကိုထန်က အိပ်ငိုက်ရာမှ မျက်လုံးဖွင့်ဒိုလိုက်လေသည်။

'ကျုပ် ရေငတ်လှပြီ၊ ရေနွေး မဆူသေးဘူးလား မသိဘူး' သူသည် ဝတုတ်ဘက်သို့ လှည့်လိုက်သည်။

'မီးဖိုဆောင်ထဲ ခဏသွားလိုက်ပါဦးကွာ၊ ရေနွေး ဆူရင် တစ်ခါတည်းယူခဲ့'

'ဟုတ်ကဲ့ပါ ဆရာ'

ဝတုတ်က ထိုင်ရာမှထလိုက်ပြီး မီးဖိုဆောင်ဘက်သို့ ထွက်ခွာသွားလေသည်။

* * *

( ၄ )

တစ်ခဏအကြာတွင်....

ခြေသံ သုတ်သီးသုတ်ပြာ ထွက်ပေါ်လာသည်ကို ကြားလိုက်ရသည်။ ယင်းဖုံးက လှည့်ကြည့်လိုက်သည်။ ဌာနမှူး ကိုထန်ကလည်း လှမ်းကြည့်လိုက်လေသည်။

အာဏာသား ဝတုတ်တစ်ယောက် မောကြီးပန်းကြီးဖြင့် ဧည့်ခန်းထဲသို့ ပြေးဝင်လာသည်ကို တွေ့မြင်လိုက်ရသည်။

ဌာနမှူးကိုထန် မျက်မှောင်ကြုတ်သွားသည်။

'ဝတုတ် ဘာဖြစ်လာတာလဲ'



အာဏာသား ဝတုတ်က မောဟိုက်နေသဖြင့် ချက်ချင်းစကားမပြောနိုင်သေးပါ။ တစ်ခဏအကြာ အမောဖြေပြီးမှ....

'ဒုက္ခတော့ ရောက်ပြီထင်တယ်'

ဌာနမှူးကိုထန်က မျက်မှောင်ကြုတ်၍ ကြည့်လိုက်သည်။

'ဘာတွေ ဒုက္ခရောက်နေတာလဲ'

ဝတုတ်က....

'လောက်အော့ မီးဖိုဆောင်ထဲမှာလဲနေတာ တွေ့ရတယ်'

ဌာနမှူး ကိုထန်၏မျက်နှာ ကွက်ခနဲ ပျက်သွားသည်။

'သူ ဘာဖြစ်သွားလို့လဲ'

ဝတုတ်က....

'ဘာဖြစ်သွားမှန်း မသိဘူး ဆရာ'

ယင်းဖုံးက....

'သေသွားလို့လားဟင်'

ဝတုတ်က ခေါင်းခါရမ်းလိုက်သည်။

'မသိဘူးခင်ဗျာ၊ ကျွန်တော် အနား မသွားရဲတာနဲ့ သေသလား၊ ရှင်သလားဆိုတာ မသိခဲ့ဘူး'

ယင်းဖုံး ထိုင်ရာမှ ထလိုက်သည်။

'ဒါဖြင့် တို့သွားကြည့်ကြမယ်'

* * *

## ( ၅ )

ယင်းဖုံးတို့လူစုသည် မီးဖိုဆောင်ထဲသို့ ရောက်ရှိ လာကြလေသည်။

မီးဖိုပေါ်၌ ရေနွေးအိုးက ဆူနေပြီဖြစ်သည်။

လောက်အော့သည် မီးဖိုရှေ့တွင် လဲလျောင်းနေ၏။ ယင်းဖုံးသည် လောက်အော့အနီးသို့ ချဉ်းကပ်သွားလေသည်။

သူမသည် လောက်အော့အား စစ်ဆေးကြည့်ရှုပြီး နောက်-

'မသေသေးပါဘူး၊ မူးမေ့သွားတာပါ'

သူမသည် ဝတုတ်ဘက်သို့ လှည့်လိုက်၏။

'ရှင်က သူ့ကို နှိပ်နယ်ပေးလိုက်ရင် ပြန်ပြီး သတိ ရလာမှာပါ'

ဌာနမှူးကိုထန်သည် လောက်အော့ သေဆုံးသည် မဟုတ်မှန်း သိလိုက်သဖြင့် စိတ်သက်သာယာ ရသွားလေသည်။

ဝတုတ်သည် လောက်အော့အား နှိပ်နယ် ပေးလိုက်သည်နှင့် လောက်အော့က သတိရလာလေသည်။

'သရဲ....သရဲ'



သူသည် သတိရလာသည်နှင့် အထိတ်တလန့် ထအော်လိုက်လေသည်။

သူ၏အော်သံကြောင့် ဝတုတ်နှင့် ဌာနမှူး ကိုထန် တို့သည် ထိတ်ထိတ်ပျာပျာ ဖြစ်သွားလေသည်။

ဌာနမှူး ကိုထန်က....

'မင်းက သရဲတွေ့ခဲ့လို့လား'

လောက်အော့က မျက်လုံးပြူးကျယ်စွာဖြင့် ဌာနမှူးကိုထန်အား ကြောင်တောင်တောင်ဖြင့်ကြည့်နေ၏။

'သရဲ....သရဲ'

သူသည် ထိတ်လန့်တုန်လှုပ်စွာဖြင့် အော်လိုက်ပြန် လေ၏။ ယင်းဖုံးက သွေးကြောများအား ဖွင့်ပေးလိုက်လေသည်။

ယင်းကဲ့သို့ သွေးကြောများ ဖြေပေးလိုက်တော့မှ လောက်အော့ အနည်းငယ် တည်ငြိမ်လာလေသည်။

အတန်ကြာမှ ဌာနမှူး ကိုထန်က....

'မင်း ဘာကို မြင်တွေ့ခဲ့ရသလဲ'

'သရဲ....သရဲ'

လောက်အော့၏အသံသည် တုန်တုန်ယင်ယင်ဖြစ်နေ၏။

ဌာနမှူး ကိုထန်က....

'ဘယ်လို သရဲလဲ'

လောက်အော့က မျက်လုံး ကြောင်တောင်တောင်ဖြင့် ကြည့်နေ၏။

'ကျားကြီး....ကျားကြီး'

ဌာနမှူးကိုထန် ကျောချမ်းသွားလေသည်။

'ဘယ်လို၊ မင်းက ကျားကြီးကို တွေ့ခဲ့တယ် ဟုတ်လား'

လောက်အော့က....

'သရဲ ကျားကြီး'

ဝတုတ်က သူ၏မျက်နှာကို စိုက်ကြည့်ရင်း....

"မင်းက သရဲကို တွေ့ခဲ့တာလား၊ ကျားကြီးကို တွေ့ခဲ့တာလား'

လောက်အော့က....

'သရဲ ကျားကြီး'

လောက်အော့သည် ယင်းစကား နှစ်ခွန်းကိုသာ ထပ်တလဲလဲ ပြောနေ၏။

ဌာနမှူးကိုထန်က....

"ကျုပ်နားလည်ပြီ၊ သူက ကျားကြီး သရဲဖြစ်တာကို တွေ့လိုက်တာနဲ့ တူတယ်'

ဝတုတ်က ခေါင်းညိတ်လိုက်သည်။

'ဒါ ဖြစ်နိုင်တယ်'



ယင်းဖုံးက ကြားဖြတ်လိုက်လေသည်။

'သူက သတိကောင်းကောင်း မရသေးဘူး၊ အခန်းထဲ ခေါ်သွားပြီး အနားယူခိုင်းလိုက်ဦး'

ဝတုတ်နှင့် အစောင့်တစ်ယောက်သည် လောက်အော့အား တွဲခေါ်၍ အခန်းထဲသို့ ခေါ်ဆောင်သွားလေသည်။

* * *

ယင်းဖုံးက သက်ပြင်းတစ်ချက် ချလိုက်၏။

'ကျွန်မ ပြောတဲ့အတိုင်းပါပဲ၊ အမှုဟာ မပြီးနိုင်သေးပါဘူးလို့'

ဌာနမှူး ကိုထန်က....

'ခင်ဗျားခန့်မှန်းတာလဲ မဆိုးပါဘူး၊ ဒါပေမယ့် ကျုပ်ခန့်မှန်းထားတာလဲ မှန်နေပါတယ်'

ယင်းဖုံးက....

'ဌာနမှူးက ဘယ်လို ခန့်မှန်းထားသလဲ၊ အမှုက ပြီးဆုံးသွားပြီ ဟုတ်လား'

ဌာနမှူး ကိုထန်က....

'ဒီလို ပြောလို့လဲ ရပါတယ်၊ အခုလဲ ကြည့်လေ၊ လူသတ်တရားခံ ဖြစ်တဲ့ ကျားကြီး သေဆုံးသွားပြီ ဆိုတာ မဟုတ်တော့ဘူး'

ယင်းဖုံးက....

'ဘာဖြစ်လို့လဲ'

ဌာနမှူး ကိုထန်က....

'ကျားကြီးဟာ မှော်အတတ် ပညာ တတ်ထား တယ်လို့ ကျုပ် ပြောခဲ့တယ်၊ အခု သူသေဆုံးသွားတယ်ဆိုတာလဲ မဖြစ်နိုင်ဘူး'

ယင်းဖုံးက....

ယ'သူသေဆုံးလို့လဲ ခေါင်းထဲကို ဌာနမှူးကိုယ်တိုင် ထည့်ထားတယ် မဟုတ်လား'

ဌာနမှူး ကိုထန်က....

'ဟုတ်တယ်၊ အဖုံးကိုဘောင် သေသေချာချာ သံနဲ့ ရိုက်ထားတာ'

ယင်းဖုံးက....

'ဒီလိုဆိုရင် လောက်အောင့် တွေ့မြင်ခဲ့ရတဲ့ သရဲဆိုတာ ကျားကြီး ဘယ်ဖြစ်နိုင်ပါ့မလဲ'



ဌာနမှူးကိုထန်က....

'ဒါလဲ ဘယ်ပြောနိုင်ပါ့မလဲ၊ အခုလောက်ဆို ခေါင်းထဲက ထွက်သွားပြီလား မသိဘူး'

ယင်းဖုံးသည် ဌာနမှူးကိုထန်နှင့် ဆက်လက် စကားပြောလျှင် အကြောင်းထူးတော့မည် မဟုတ်မှန်းနားလည်ထားသဖြင့် ပါးစပ်ပိတ်ထားလိုက်လေသည်။

* * *

အပြင်ဘက်၌ လေတိုက်ခတ်သံသည် တဟူးဟူး ထွက်ပေါ်လာလေသည်။

ဝူးရားသည် အပျင်းတစ်ချက် ဆန့်လိုက်ပြီး မျက်လုံး စုံမှိတ်၍ အနားယူလိုက်လေသည်။

ဌာနမှူးကိုထန်သည် ဆေးတံကို ကောက်ယူလိုက်ပြီး မီးညှိကာ ဖွာရှိုက်နေ၏။

ထိုစဉ် စူးရှသော အသံတစ်ခု ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

'ကယ်တော်မူကြပါရှင်'

ဝူးရားသည် ဆတ်ခနဲ ထထိုင်လိုက်သည်။

သူမသည် နားစွင့်လိုက်လေသည်။

'ကယ်ကြပါရှင်....ကယ်ကြပါ'

အမျိုးသမီး တစ်ယောက်၏ စူးရှစွာ အော်ဟစ် အကူအညီ တောင်းနေသော အသံဖြစ်သည်။ သူမသည် ယင်းဖုံးဘက်သို့ လှည့်ကြည့်လိုက်သည်။

'မမကြားတယ် မဟုတ်လား'

ယင်းဖုံးက အာရုံ စူးစိုက်၍ နားစွင့်နေ၏။

'ဟုတ်တယ်၊ မိန်းကလေး တစ်ယောက်ရဲ့ အကူအညီ တောင်းတဲ့ အသံပါပဲ'

ဝူးရားက ထိုင်ရာမှ ထရပ်လိုက်လေသည်။

'ဒီအတိုင်း ထိုင်ကြည့်လို့ ဘယ်ဖြစ်မလဲ၊ သွားပြီး ကယ်ရင် ကောင်းမယ် ထင်တယ်'

ယင်းဖုံးက ခေါင်းညိတ်လိုက်သည်။

'ဘာပဲဖြစ်ဖြစ် တို့ ပြည်သူတွေကို ကာကွယ်ရမယ့် တာဝန် ရှိတယ်လေ'

ဌာနမှူး ကိုထန်က ဖွာရှိုက်နေသော ဆေးတံကို ချထား လိုက်သည်။



'ဒီလိုလဲ ပစ်သွားလို့ မဖြစ်သေးဘူး၊ ခင်ဗျားတို့ နှစ်ယောက် လိုက်သွားကြပါ'

ယင်းဖုံးက ဝူးရားဘက်သို့ လှည့်ကြည့်လိုက်သည်။

'ဝူးရား၊ သွားကြစို့'

သူမကပြောပြီးအခန်းထဲမှထွက်ခွာသွားလေသည်။ ဝူးရားက နောက်မှ လိုက်သွားလေသည်။

* * *

ဝန်းကျင်တစ်ခုလုံးသည် မည်းမှောင်၍နေ၏။

ကြယ်ကလေး၏ အလင်းရောင်ကို အားပြုပြီး ယင်းဖုံးက ရှေ့သို့ ပြေးလွှားသွားသည်။ ဝူးရားက သူမနောက်သို့ ပြေး လိုက်သွားသည်။

'ကယ်ကြပါရှင်'

ယင်းအသံသည် တောအုပ်ထဲမှ ထွက်ပေါ်လာသော အသံ ဖြစ်သည်။

ယင်းဖုံးသည် အသံလာရာဘက်သို့ ပြေးလွှား သွားသည်။ မိန်းကလေး၏ အော်သံမှာ တဖြည်းဖြည်း ဝေး၍ ဝေး၍ သွားသည်။

လူဆိုးများက အမျိုးသမီး တစ်ယောက်အား အတင်းအဓမ္မ ဆွဲခေါ်သွားသည်မှာ သေချာနေ၏။

ဝါးရားသည် အစွမ်းကုန် ပြေးလိုက် သွားသော်လည်း ယင်းဗုံနှင့် တဖြည်းဖြည်း ဝေးကွာသွားလေသည်။

သူတို့နှစ်ယောက်သည် ရှေ့ဆင့် နောက်ဆင့်ဖြင့် တောအုပ်ထဲသို့ ပြေးဝင် သွားကြလေသည်။

* * *

ညှော်ခန်းထဲ၌ ဌာနမှူးကိုထန်က အေးဆေးစွာ ထိုင်နေ၏။ သူသည်ဆေးတံကို ဖွာရှိုက်ရင်း ရုတ်တရက် အသိ တစ်ခု ဝင်ရောက်လာလေသည်။

သူ၏မျက်နှာပေါ်တွင် စိုးရိမ်ထိတ်လန့်သော အရိပ်အယောင်များပေါ်လွင်လာလေသည်။ သူ၏ စိတ်ထဲ၌ အလိုလိုချောက်ချားလာလေသည်။

သူသည် နေမထိ ထိုင်မထိ ဖြစ်လာသဖြင့် ထရပ် လိုက်ပြီး ပြန်လည် ထိုင်ချလိုက်လေသည်။

တခဏ အကြာတွင်....



သူသည်ထရပ်လိုက်ပြီး လက်နှစ်ဘက်ကို နောက်ပစ်၍ အခန်းထဲ၌ ခေါက်တုံ့ခေါက်ပြန် လျှောက်နေ၏။

အာဏာသား ဝတုတ်သည် သူ့အား နားမလည်သော မျက်လုံးဖြင့် ကြည့်နေ၏။

အစောင့်နှစ်ယောက်မှာမူ အိပ်ငိုက်၍နေလေသည်။ ဌာနမှူးကိုထန်သည်ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်ရင်း တစ်ချက်တစ်ချက် ခေါင်းကုတ်သည်။

တစ်ချက်တစ်ချက် ဆေးတံကို အားရပါးရ ဖွာရှိုက်လိုက်သည်။ သူသည်ဂနာမငြိမ်ဖြစ်နေ၏။

ဝတုတ်က မျက်မှောင်ကုတ်သွားသည်။

'ဆရာ ဘာဖြစ်နေတာလဲ'

ဌာနမှူးကိုထန်၏ ခြေလှမ်း ရပ်တန့်သွားလေသည်။

'ငါတစ်ခု စဉ်းစား နေမိလို့ပါ'

ဝတုတ်က....

'ဘာများလဲ ဆရာ'

ဌာနမှူးကိုထန်က....

'ကျားကြီးလေ–ကျားကြီး'

ဝတုတ်က မျက်မှောင်ကုတ် သွားသည်။

'ကျားကြီးက ဘာဖြစ်သလဲဆရာ'

ဋ္ဌာနမှူး ကိုထန်က....

'ကျားကြီးဟာ မှော်အတတ် တတ်တယ်ဆိုတာ မှင်းတို့အားလုံး သိကြတယ်မဟုတ်လား'

ဝတုတ်က ခေါင်းညိတ် ပြလိုက်လေသည်။

အစောင့် နှစ်ယောက်ကလည်း ခေါင်းညိတ် ပြလိုက်လေသည်။

ဋ္ဌာနမှူး ကိုထန်က....

'လောက်အော့ကပြောတယ်၊ သူက ကျားကြီးကိုတွေ့တယ်'

ဝတုတ်နှင့် အစောင့် နှစ်ယောက်စလုံး ခေါင်းညိတ်လိုက်လေသည်။

ဋ္ဌာနမှူး ကိုထန်က....

'ဒါကြောင့် သူဟာ ခေါင်းထဲမှာ မရှိတော့ဘူးလို့ ကျုပ်စိုးရိမ်မိတယ်'

သူ၏စကားကြောင့် ငြိမ်သက်စွာ ထိုင်၍ နားထောင်နေသော အချင်း၏မျက်နှာ ကွက်ခနဲ ပျက်သွားသည်။

'ဒီလိုဆိုရင်သူက ဒီမှာလာပြီးဒုက္ခပေးဦးမလားမသိဘူး'

ဋ္ဌာနမှူး ကိုထန်က လက်ကာပြလိုက်သည်။

'မဖြစ်နိုင်ဘူး'

ဝတုတ်က....

'ဘာဖြစ်လို့လဲ'



ကိုထန်က....

'ခုနတုန်းက အမျိုးသမီးတစ်ယောက်ရဲ့ အော်သံကို ကြားမိကြတယ်မဟုတ်လား'

ဝတုတ်နှင့်တကွ ကျန်ရှိနေသော လူအားလုံး ပြိုင်တူ ခေါင်းညိတ်လိုက်လေသည်။

ကိုထန်က....

'အဲဒါက ကျားကြီးရဲ့ လက်ချက်ဖြစ်ရမယ်'

ဝတုတ်က....

'ဆရာဆိုလိုတာက ကျားကြီးက အမျိုးသမီး တစ်ယောက်ကို လုယူခေါ်သွားတယ် ဟုတ်လား'

ကိုထန်က ခေါင်းညိတ် လိုက်လေသည်။

'ဟုတ်တယ်'

ဝတုတ်က လေပူတစ်ချက် မှုတ်ထုတ်လိုက်သည်။

'ဒီလိုဆိုရင် ကျုပ်တို့ကို လာပြီး ဒုက္ခ မပေးအားတော့ဘူးနဲ့ တူတယ်'

'ဒါပေမယ့် ကျားကြီးဟာ မှော်အတတ် တတ်ထားတယ်ဆိုတော့ ချက်ချင်း ပြန်ရောက်လာယင် ရောက်လာနိုင်တယ်'

အချင်း၏မျက်နှာ ကွက်ခနဲပျက်သွားလေသည်။

'ဒီလိုဆိုရင် ဘယ်လိုလုပ်ကြမလဲဟင်'

ကိုထန်က အနည်း ငယ်စဉ်းစားလိုက်သည်။

'သူက ပြန်ရောက်ချင် ရောက်လာမယ်၊ ဒါကြောင့်....'

သူသည် အနည်းငယ် စဉ်းစားပြီးမှ စကားဆက်လိုက်သည်။

'ကျုပ်ရဲ့ ဆန္ဒအရဆိုရင် ခေါင်းကို သွားဖွင့်ကြည့်ချင်တယ်'

ဝတုတ်က....

'ဘာလုပ်မလို့လဲ'

ဠာနမှူးကိုထန်က....

'တကယ်လို့ သူကအသက်ပြန်မဝင်သေးဘူးဆိုရင် အလောင်းကို မီးရှို့လိုက်တာ ပိုပြီး စိတ်ချရမယ်လို့ ထင်လို့ပါ'

ဝတုတ်က....

'ဒီအကြံ သိပ်ကောင်းတယ် ဆရာ'

ဠာနမှူးကိုထန်သည် မျက်မှောင်ကြုတ်၍ အမိန့်ပေးလိုက်လေသည်။

'ကဲ....မင်းတို့အားလုံး မီးပုံးအိမ်နဲ့ လက်နက်တွေကို ယူပြီး သွားကြမယ်'

ရှေ့ဆုံးမှသွားနေသူမှာ အစောင့်နှစ်ယောက်ဖြစ်သည်။သူတို့နောက်တွင် ဠာနမှူးကိုထန် ဖြစ်သည်။ ဠာနမှူး ကိုထန်၏နောက်တွင် အာဏာသား ဝတုတ် ဖြစ်သည်။ အချင်းက နောက်ဆုံးမှ လိုက်ပါလာ၏။



သူတို့သည် ခေါင်းထားသော အခန်းရှိရာသို့ ရောက်လာသော အခါ ဠာနမှူးကိုထန်က ခြေလှမ်းရပ်တန့်လိုက်သည်။ အစောင့်နှစ်ယောက်က အခန်းတံခါးကို ရင်တထိတ်ထိတ်ဖြင့် ဖွင့်လိုက်လေသည်။

ထို့နောက် မီးပုံးအိမ်ကို မြှောက်၍ အခန်းထဲသို့ ကြည့်လိုက်သည်။ အခန်း၏ အလယ်တွင် ကြီးမားသော ခေါင်းတစ်လုံး ရှိနေ၏။ ၎င်း ခေါင်းထဲတွင် ကျားကြီးအလောင်းရှိလေသည်။

'ဝင်ကြ'

ဠာနမှူးကိုထန်က အမိန့်ပေးလိုက်ရာ အစောင့်နှစ်ယောက်က ခြေလှမ်းတုန်တုန်ယင်ယင်ဖြင့် အထဲသို့ လှမ်းဝင်လိုက်လေသည်။

ဠာနမှူးကိုထန်က နောက်သို့ လှည့်ကြည့်လိုက်သည်။

'ဝတုတ်....ဘာလုပ်နေတာလဲ၊ ဝင်လေ'

ဝတုတ်က သူ့အား ကျော်၍ မဝံ့မရဲဖြင့် အခန်းထဲသို့ လှမ်းဝင်သွားလေသည်။

နောက်ဆုံးမှ ဠာနမှူးကိုထန်နှင့် အချင်းတို့က ဝင်ရောက်သွားလေသည်။ အစောင့်နှစ်ယောက်သည် ခေါင်းအနီးတွင် ကြောက်ရွံ့စွာ ရပ်နေ၏။

ဠာနမှူးကိုထန်က ချောင်းတစ်ချက်ဟန့်လိုက်သည်။

'ဘာငေးနေကြတာလဲ၊ သံတူရွင်းယူပြီး အဖုံးကို ဖွင့်လိုက်ပါလား'

'ဟုတ်ကဲ့ပါ ဆရာ'

အစောင့်နှစ်ယောက်၏ အသံသည် တုန်ခါနေ၏၊ သူတို့သည် အခန်းထောင့်မှာ အသင့်ရှိနေသော သံဘူရှင်းကိုယူ၍ ခေါင်း၏ အဖုံးကို ဖွင့်ရန် ဟန်ပြင်လိုက်လေသည်။

သို့သော် ခေါင်းမှာ ပွင့်နေသည်ကို တွေ့မြင်ရသေသည်။

'ဆရာ....ခေါင်းပွင့်နေတယ်'

ဌာနမှူးကိုထန်က မျက်နှာကွက်ခနဲပျက်သွားလေသည်။

'တုတ်လား၊ ဒါဖြင့် ခေါင်းထဲမှာ ကျားကြီးမရှိတော့ဘူးနဲ့ တူတယ်'

သူသည် နောက်သို့ ခြေလှမ်းနှစ်လှမ်းခန့် ဆုတ်သွားသည်။

'အဖုံးကို ဖွင့်ကြည့်စမ်း'

အစောင့်နှစ်ယောက်က ကြောက်ရွံ့စွာဖြင့် အဖုံးကို ဖွင့်လိုက်လေသည်။

ဝတုတ်က မီးပုံးအိမ်ကို မြှောက်၍ကြည့်လိုက်သည်။ သူတို့အားလုံးသည် မျက်လုံးများပြူးကျယ်သွားကြကုန်လေသည်။

ခေါင်းထဲ၌ ကျားကြီးကို မတွေ့ရတော့ပါ။ ကျားကြီးအား ခတ်ထားသော လက်ထိတ်နှင့် သံကြိုးများတို့သာ ကျန်ရှိနေသည်ကို တွေ့လိုက်ရလေသည်။

အားလုံးသောလူများသည် မှင်တက်မိကာ အဘန်ကြာ ငေးမောရပ်နေရာမှ အချင်း၏အသံထွက်ပေါ်လာလေသည်။



'ဟောတော့....ကျားကြီးရဲ့အလောင်း မတွေ့ရတော့ပါလား'

အစောင့်နှစ်ယောက်က....

'သူ အသက်ပြန်ရှင်ပြီး အပြင်ရောက်သွားတာ သေချာတယ်'

ကိုထန် ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်၊ ခုန အမျိုးသမီးအော်သံကြားတာ သူ ဟိုရောက်နေတာ သေချာတယ်'

အချင်းက....

'ဒီလိုဆိုရင် ကျားကြီးနဲ့ ယင်းဖုံးတို့နဲ့ တွေ့ပြီနဲ့တူတယ်'

ဝတုတ်က....

'တို့ ဒီမှာနေလို့ မဖြစ်တော့ဘူးနဲ့တူတယ်'

အချင်းက....

'ဒါဖြင့် ဘယ်လိုလုပ်ကြမလဲ'

ကိုထန်က....

'ဘာပဲဖြစ်ဖြစ် ဒီရဲတိုက်ကနေ အမြန်ဆုံးထွက်သွားကြတာ ကောင်းပါတယ်'

သူတို့အားလုံးသည် အခန်းထဲမှ သူ့ထက်ငါ အလုအယက် ပြေးထွက်လာကြလေသည်။

* * *

ကိုထန်တို့လူစုသည် ညှော်ခန်းထဲသို့ ပြန်လည် ရောက်ရှိလာ[ြ]
လေသည်။

အစောင့်တစ်ယောက်က....

'ကျုပ်တို့အဖော်တစ်ယောက် အခန်းထဲမှာ ရှိနေသေးတ[ယ်]
သွားခေါ်မှ ဖြစ်မယ်ထင်တယ်'

အချင်းက....

'ကျွန်မ အဝတ်အစားလဲ ယူရဦးမယ်'

ဝတုတ်က....

'ဒီလိုဆိုရင် မြန်မြန်သွားပါ၊ ဒီမှာ စောင့်မယ်'

ကိုထန်က စိတ်မရှည်နိုင်တော့ပါ။

'မင်တို့မြန်မြန်သွားပါ၊ တံခါးဝမှာ သွားစောင့်နေမယ်'

သူသည် တစ်ယောက်တည်း တံခါးရှိရာသို့ လျှောက်သွ[ား]
လေသည်။

* * *



ကိုထန်သည် တံခါးဝ၌ စောင့်နေ၏။

ဝတုတ်တို့ လူစုမှာမူ တစ်ယောက်မှ ရောက်မလာသေးပါ။ ကိုထန်သည် စောင့်ရင်း စောင့်ရင်း အနည်းငယ် ကြောက်ရွံ့လာလေသည်။

'ဒုက္ခပါပဲ၊ သူတို့ တစ်ယောက်မှ ရောက်မလာကြသေးဘူး'

သူသည် တစ်ယောက်တည်း ဂနာမငြိမ်ဖြစ်နေစဉ်....

'ဂျိမ်း....'

အခန်းတံခါးကို တစ်စုံတစ်ယောက် တွန်းဖွင့်လိုက်သောအသံ ကြားလိုက်ရလေသည်။

ဌာနမှူးကိုထန် ရင်ထိတ်သွားသည်။ မိမိလူများ သည်အခန်းထဲမှာ အားလုံးရှိနေကြသည်။ ယခု တံခါးတွန်းဖွင့်သူမှာ မည်သူများ ဖြစ်နိုင်ပါသနည်း။

'ဘယ်သူလဲ'

သူက မေးလိုက်သည်။

'ဂျိမ်း....'

တံခါးတွန်းဖွင့်နေသော အသံကိုသာ ကြားရသည်။ တစ်စုံတစ်ယောက်မှ အဖြေမပေးပါ။ တံခါးမကြီးက အလွန်ကြီးမား ထူထပ်ပြီး မင်းတုပ်ကလည်း ခိုင်မာသဖြင့် ရုတ်တရက် တံခါး ပွင့်မသွားပါ။

'ယင်းဖုံးလား'

ဌာနမှူး ကိုထန်က ထပ်မံမေးလိုက်သည်။ သို့သော်ပြန်ဖြေ
သောအသံမကြားရပါ။

တံခါးကိုသာ အတင်းတွန်းဖွင့်နေသော အသံကိုကြားနေရ
သည်။

မည်သူက တံခါးတွန်းဖွင့်နေပါသနည်း။

ဌာနမှူးကိုထန်က တွေးယင်း တံခါးကိုကြောင်၍ ကြည့်
နေ၏။

'ဂျိမ်း'

တံခါးမင်းတုပ် ကျိုးပဲ့သွားပြီး တံခါးမကြီး ပွင့်သွားလေ
သည်။

လူတစ်ယောက်သည် ဒေါသကြီးစွာဖြင့် အခန်းဝတွင် မာ
မား မတ်မတ် ရပ်နေသည်ကို တွေ့မြင်လိုက်ရလေသည်။

* * *



အခန်းဝ၌ လူတစ်ယောက်ရပ်နေ၏။

သူ၏မျက်နှာသည် ကြမ်းကြုတ်ပြီး ကြောက်ဖွယ်ရာကောင်း
လှပေသည်။

ပြားချပ်သောမျက်နှာ၊ မုဆိုးလိုက်ခွေးကဲ့သို့ ချွန်ထက်သော
သွားများ၊ ကျယ်လောင်သောပါးစပ်၊ တြိဂံပုံသဏ္ဌာန် မျက်
လုံး ပြား၍ကျယ်သော နှာခေါင်း၊ မျက်နှာတစ်ခုလုံးမှာ အဖု
အထစ်များဖြင့် ပြည့်နှက်၍နေ၏။

ယင်းလူမှာ ကျားကြီးပင်ဖြစ်လေသည်။

ဌာနမှူးကိုထန်သည် ထိတ်လန့်တုန်လှုပ်လွန်း၍ ကြောင်၍
ရပ်နေ၏။

ဤသို့ဖြင့် သူတို့နှစ်ယောက်သည် တစ်ယောက်မျက်နှာ တစ်
ယောက်ကြည့်ကာ မလှုပ်မယှက် ရပ်နေ၏။

အတန်ကြာသောအခါမှ ဌာနမှူး ကိုထန်ကသတိဝင်လာ
လေသည်။ သူသည်ထွက်ပြေးရန် အသိ ဝင်ရောက် လာလေ
သည်။

သူ၏ခြေလှမ်းသည် မသိမသာ နောက်သို့ တဖြည်းဖြည်း
ဆုတ်သွားသည်။

သူ၏ခန္ဓာကိုယ်သည် ထွက်ပြေးနိုင်ရန် နောက်သို့လှည့်ဟန်ပြင်
လိုက်သည်။

'မပြေးနဲ့'

ကျားကြီး၏အသံမှာ အလွန်ကြောက်မက်ဖွယ်ရာ ကောင်းလှပေသည်၊

ငှာနမှူး ကိုထန် ခြေလှမ်းရပ်တန့်လိုက်ရလေသည်။

'ကျုပ်ဘာမှ မလုပ်ပါဘူးဗျာ'

'မင်းကိုငါသတ်ပစ်မယ်'

ငှာနမှူး ပို၍ တုန်လှုပ်သွားလေသည်။

'ကျုပ်ကို ခွင့်လွှတ်ပါဗျာ'

'မင်းကို ငါသတ်ပစ်မယ်'

ကျားကြီးက ယင်းစကားကိုပင် ထပ်ပြောနေ၏။

ငှာနမှူးကိုထန်သည် ပို၍ကြောက်ရွံ့သွားလေသည်။ ကျားကြီးက သူ့အား စိုက်ကြည့်လိုက်သည်။

'ငါ့ဆီ လာခဲ့စမ်း'

ငှာနမှူးကိုထန်သည်ရှေ့သို့ မတိုးသည့်အပြင် နောက်သို့ပင် ဆုတ်သွားလေသည်။

ကျားကြီးက....

'မင်း ငါ့ဆီကိုလာခဲ့စမ်း'

ငှာနမှူးကိုထန်က နောက်သို့ ခြေနှစ်လှမ်း ဆုတ်သွားပြန်လေသည်။



'ရပ်လိုက်'

ကျားကြီး၏အသံ ဟိန်း ထွက် သွား လေ သည်။ ငှာနမှူးကိုထန် ခြေလှမ်းရပ်တန့်သွားလေသည်။

'မင်းမလာရင် ငါလာခဲ့မယ်'

ကျားကြီးကပြောပြီး သူ့ထံသို့ တစ်လှမ်းချင်း လှမ်းလာလေသည်။ ငှာနမှူး ကိုထန်က တုန်လှုပ်ချောက်ချားသွားလေသည်။

'ကျုပ်ဆီမလာပါနဲ့ဗျာ'

သူ၏အသံသည် တုန်၍ခါနေ၏။ သို့သော် ကျားကြီးမှာမူ ခြေထောက် တစ်လှမ်းပြီးတစ်လှမ်း သူ့ထံသို့ လျှောက်လာလေသည်။

ငှာနမှူးကိုထန်သည် နောက်သို့ တစ်လှမ်းခြင်းဆုတ်သွားလေသည်။

ဤသို့ဖြင့် သူတို့သည် ဧည့်ခန်းအနီးသို့ ရောက်ရှိလာကြလေသည်။

* * *

အစောင့်နှစ်ယောက်နှင့် အချင်းတို့သည် သူတို့ပစ္စည်းများကို ယူပြီး ညှော်ခန်းထဲမှ ထွက်လာကြလေသည်။

အာဏာသား ဝတုတ်ကလည်း သူ၏ပစ္စည်းယူ၍ နောက်မှ ထွက်လာလေသည်။

သူတို့သည် ညှော်ခန်းထဲမှ ထွက်ခွာသွားရန် ခြေလှမ်းလှမ်းလိုက်သောအခါ ဌာနမှူး ကိုထန်က ညှော်ခန်းထဲသို့ နောက်ဆုတ်၍ ဝင်လာသည်ကို တွေ့မြင်လိုက်ရလေသည်။

ဝတုတ်က....

'ဆရာ ဘာဖြစ်လာတာလဲ'

သူသည် စကားမဆုံးသေးပါ၊ ကျားကြီးအား တွေ့မြင်လိုက်ရလေသည်။

'ဟောဗျာ ကျားကြီးပါလား'

အချင်းက စူးရှစွာ အော်ပြောလိုက်လေသည်။

ဝတုတ်က....

'ငါတို့ နောက်ဖက်တံခါးကနေထွက်ပြေးရင် ကောင်းမယ်'

ထိုအချိန် အစောင့်နှစ်ယောက်တို့သည် သူ၏အဖော်ကိုတွဲကာ နောက်ဖက်တံခါးဖက်သို့ ပြေးလွှားသွားလေသည်။

အချင်း၏ စူးရှသောအော်သံကြောင့် ထိုကြောက်မက်ဖွယ်ရာ ကောင်းသောကျားကြီးက လှည့်ကြည့်လိုက်လေသည်။



ဌာနမှူးကိုထန်သည် ကျားကြီး၏ အနောက်မှဖြတ်၍ရဲတိုက်၏ အနောက်ဘက်အပေါက်သို့ ပြေးလွှားသွားကြလေသည်။

'မင်းကို ငါသတ်မယ်'

ကျားကြီးက အော်ပြောရင်း ဌာနမှူးကိုထန်နောက်သို့ ပြေးလိုက်သွားလေသည်။

* * *

ဌာနမှူး ကိုထန်နှင့် ကျန်ရှိသောသူများသည် ရဲတိုက်၏ အနောက်ဘက်ပေါက်မှ ရှေ့ဆင့် နောက်ဆင့် ပြေးလွှားကြလေသည်။

ကျားကြီးက သူတို့နောက်သို့ သဲသဲမဲမဲ လိုက်နေလေသည်။

သူတို့သည် ရဲတိုက်နောက်ဘက်တံခါးမှ ပြေးထွက်လာပြီး နောက် ရှေ့သို့ ဦးတည်ပြေးလွှားသွားကြလေသည်။

အချင်းသည် အားနွဲ့သော မိန်းကလေး တစ်ယောက်ဖြစ်နေသော်လည်း သူမသည် ရှေ့ဆုံး၌ပြေးနေရသည်။

အချင်း၏ နောက်တွင် ပြေးလွှားနေသူမှာ မီးပုံးအိမ်ကိုင်ဆောင်ထားသော ဝတုတ်ဖြစ်ပေသည်။

သူ၏ နောက်တွင် အစောင့်နှစ်ယောက်နှင့် လောက်အော့တို့ဖြစ်ကြသည်။

နောက်ဆုံးမှ ပြေးလိုက်နေသူမှာ ဌာနမှူး ကိုထန်ဖြစ်လေသည်။

ဌာနမှူး ကိုထန်နောက်တွင် ထပ်ချပ်မကွာလိုက်လာနေသူမှာ ကျားကြီးပင် ဖြစ်လေသည်။

'မင်းကိုငါသတ်မယ်'

ကျားကြီးက ပြေးလိုက်ရင်း ကြုံးဝါးနေ၏။

ဌာနမှူး ကိုတန်က ပြေးလွှားရင်းလှည့်ကြည့်လိုက်ရာ ကျားကြီးက သူနှင့်အလွန်နီးကပ်လာနေသည်ကို တွေ့မြင်လိုက်ရလေသည်။

သူသည်ထိတ်လန့်တုန်လှုပ်သွားသည်။

စိတ်ထဲ၌ထိတ်လန့်တုန်လှုပ်နေသောကြောင့်သူ၏ခြေလှမ်းမှာအရှိန်လျော့သွားလေသည်။

ကျားကြီး၏လက်တစ်ဖက်သည် သူ၏ ကျောပြင်သို့ မိလုမတတ် ဖြစ်လာသောအခါ သူက အသံကုန် အော်ဟစ်လိုက်သည်



'ဟေ့....ပြေးကြဟေ့....ပြေးကြ'

သူက ယင်းကဲ့သို့ အော်ဟစ်သတိပေးရင်း ကျားကြီးလက်ဝါးတစ်ဖက်သည် သူ၏ကျောပြင်သို့ ရိုက်ချလိုက်လေသည်။

'အား'

ကိုထန်သည် နာကျင်သောဝေဒနာကို ခံစားလိုက်ရသောကြောင့် စူးရှစွာအော်ဟစ်လိုက်လေသည်။

'ဝုန်း'

သူ၏ ခန္ဓာကိုယ်သည် ရှေ့သို့ ဟပ်ထိုးလဲသွားလေသည်။

* * *

ကိုထန်သည် မြေပေါ်သို့ ဟပ်ထိုးလဲကျသွားသည်။

ဤတစ်ကြိမ် မိမိအသက်အန္တရာယ်နှင့် တွေ့ရပြီဟု ထင်မှတ်လိုက်လေသည်။

သို့သော် ကျားကြီးက သူ့အား လှည့်ပင်မကြည့်ဘဲ ရှေ့သို့ ဆက်လက် ပြေးလွှားသွားလေသည်။

ယခုမှ သူသည် စိတ်သက်သာရာရလာလေသည်။

သို့သော် ရှေ့မှ ပြေးလွှားနေကြသော သူများအား စိုးရိမ်လာလေသည်။

သူသည် ယင်းကဲ့သို့ စိုးရိမ်နေသော်လည်း မည်သို့မျှ မဘတ်နိုင်ပါ။

မြေပေါ်မှ လူးလွန့်ထလိုက်ပြီး ရှေ့သို့ လှမ်းကြည့်လိုက်လေသည်။

ဝန်းကျင်တစ်ခုလုံးမှာ မှောင်မည်း၍နေသဖြင့် မည်သည့်အရာကိုမျှ မတွေ့ရပေ။

* * *

အချင်းသည် ရှေ့ဆုံးမှ ပြေးလွှားနေ၏။

သို့သော် သူမသည် အချိန်ကြာကြာပြေးလွှားလာသောအခါ မောဟိုက်၍လာလေသည်။

သူမ၏ ခြေလှမ်းများမှာ တဖြည်းဖြည်း အရှိန်လျော့လာလေသည်။

သူမက နောက်လှည့်ကြည့်လိုက်ရာ သူမ အနောက်တွင် အာဏာသားဝတုတ် လိုက်လာနေသည်ကို တွေ့ရလေသည်။



အာဏာသားဝတုတ်မှာမူ မီးပုံးအိမ်ကိုယူ၍ ပြေးလွှားနေသဖြင့် ကျားကြီးက ထိုမီးရောင်ကို မြင်တွေ့ရသောကြောင့် လိုက်လာနေခြင်းဖြစ်သည်ဟု သတိရလာလေသည်။

အာဏာသားဝတုတ်၏နောက်တွင် အစောင့်(၃)ယောက်က လိုက်လာနေ၏။

သူတို့သည် အစွမ်းကုန် ပြေးလွှားနေသော်လည်း အလွန်အပြေးသန်သော ကျားကြီးက တဖြည်းဖြည်း မီလာလေသည်။

ကျားကြီးသည် သူ၏ သန်စွမ်းသော လက်နှစ်ဖက်ဖြင့် ပြေးလွှားနေကြသော အစောင့်(၃)ယောက်အား အလဲထိုး ချလိုက်လေသည်။

အံ့ဩဖွယ်ရာကောင်းသည်မှာ ကျားကြီးသည် လဲကျသွားသော လူများအား ဆက်လက်တိုက်ခိုက်ခြင်းမပြုဘဲ ရှေ့သို့သာ ဆက်လက် ပြေးလိုက်နေသည်ကို တွေ့ရလေသည်။

အာဏာသားဝတုတ်သည် နောက်သို့ လှည့်ကြည့်လိုက်သောအခါ ကျားကြီး နီးကပ်လာနေသည်ကို တွေ့မြင်လိုက်ရသည်။

သူသည် မီးပုံးအိမ်ကို အဝေးသို့ ကမန်းကတန်း လွှင့်ပစ်ပြီး ချုံပုတ်တစ်ခုထဲသို့ လှဲချ ပုန်းအောင်းလိုက်လေသည်။

ထို့နောက် ချုံပုတ်ထဲမှ မှောက်လျက် ကျားကြီးကို ချောင်းကြည့်နေလေသည်။

ကောင်းကင်ပေါ်၌ လဝန်းမရှိသော်လည်း ကြယ်ကလေး များဖြင့် ပြည့်နှက်နေ၏။

ကြယ်ကလေးများ၏ အလင်းရောင်ကြောင့် ဝန်းကျင်သို့ ပီပြင်စွာ တွေ့မြင်နိုင်လေသည်။

ကျားကြီးသည် သူပုန်းအောင်းနေသော နေရာမှ ဖြတ်ကျော် သွားပြီး အချင်းနောက်သို့ ပြေးလိုက်နေသည်ကို တွေ့မြင်ရ လေသည်။

'အမယ်လေး....'

အချင်းသည် ကျားကြီး လိုက်လာနေသည်သို့ တွေ့မြင်ရသဖြင့် ထိတ်လန့်စွာ အော်ဟစ်လိုက်ခြင်း ဖြစ်လေသည်။

အာဏာသားဝတုတ်သည် ကျားကြီးက အချင်းအား မီလု ဆဲဆဲ ဖြစ်နေသဖြင့် စိုးရိမ်နေ၏။

သူသည် ကျားကြီးအား မည်ကဲ့သို့ ရင်ဆိုင်ရမည်ကို အကြံ ထုတ်နေ၏။

သူက အကြံထုတ်နေစဉ်အတွင်းမှာပင် အချင်း၏ စူးရှသော အသံ ကြားလိုက်ရလေသည်။

'အမယ်လေး....ကယ်ကြပါရှင်'

အာဏာသားဝတုတ်က လှမ်းကြည့်လိုက်ရာ ကြယ်ကလေး၏ အလင်းရောင်အောက်တွင် ကျားကြီးသည် ရှန်းကန်နေသော



အချင်း၏ ခါးကို ပွေ့ချီထားပြီး နောက်သို့ လျင်မြန်စွာ ပြန်လည် ပြေးလွှားလာနေသည်ကို တွေ့မြင်ရလေသည်။

အာဏာသားဝတုတ်သည် ရှိသမျှ အင်အားကို စုစည်းပြီး ပြေးလွှားလာသော ကျားကြီးအား ရုတ်တရက် ခုန်အုပ်လိုက် လေသည်။

သို့သော် ခွန်အား အလွန်ကြီးမားသော ကျားကြီးက လက်တစ်ဖက်ဖြင့် ရိုက်ချလိုက်ရာ....

'အား....'

'ဝုန်း....'

အာဏာသားဝတုတ်၏ ခန္ဓာကိုယ်သည် အဝေးသို့ လွင့်စဉ် သွားလေသည်။

* * *

ဝန်းကျင်တစ်ခုလုံးသည် တိတ်ဆိတ်သွားပြန်လေသည်။

အာဏာသားဝတုတ်သည် မြေပေါ်မှ လူးလှိမ့်၍ ထလိုက် လေသည်။

သူသည် မီးပုံးအိမ်ကို လိုက်လံရှာဖွေပြီး မီးထွန်းညှိလိုက်လေသည်။

ထို့နောက် အစောင့်များနှင့် ဌာနမှူးကိုထန်တို့အားလိုက်လံရှာဖွေလေသည်။

ကျားကြီးက အချင်းအား ဖမ်းဆီးသွားသည်ကို သူက မြင်တွေ့ခဲ့သောကြောင့် ဌာနမှူးကိုထန်နှင့် အစောင့်များကိုသာ အော်ခေါ်၍ နေလေသည်။

'ဆရာ'

'ငါ ဒီမှာဟ'

ကိုထန်၏အသံ ထွက်ပေါ်လာလေသည်။

ဌာနမှူး ကိုထန်သည် 'ချုံပုတ်တစ်ခုထဲမှ လှမ်းထွက်လာခြင်း ဖြစ်လေသည်။

အာဏာသားဝတုတ်က မီးပုံးအား မြှောက်၍ ကြည့်လိုက်လေသည်။

ကိုထန်၏ တစ်ကိုယ်လုံးမှာ ရွှံ့များ ဖုန်များ ပေကျံနေပြီး သပ်သပ်ရပ်ရပ် ဝတ်ဆင်ထားသော အဝတ်အစားများမှာလည်း ဖရိုဖရဲဖြစ်နေသည်ကို တွေ့မြင်ရလေသည်။

'ဆရာ ဘာမှမဖြစ်ဘူးနော်'

ကိုထန်က ရင်ကော့လိုက်သည်။



'ကျားကြီးက ကြောက်စရာကောင်းပေမယ့် ကျုပ်ကိုတော့ ဘာယ်ရမလဲ'

သူသည် ဝတုတ်အား ကြည့်လိုက်သည်။ ဝတုတ်၏မျက်နှာတစ်ခြမ်းမှာ ယောင်ကိုင်းနေသည်ကို တွေ့ရလေသည်။

'မင်းမျက်နှာ ဘာဖြစ်သွားတာလဲ'

ဌာနမှူးက ယင်းသို့ မေးလိုက်တော့မှ ဝတုတ်က သူ၏မျက်နှာတစ်ခြမ်းမှာ နာကျင်သော ဝေဒနာဖြစ်နေသည်ကို ခံစားလိုက်ရလေသည်။

'ကျားကြီးရဲ့ လက်ချက်ပါ ဆရာ'

ဌာနမှူးကိုထန်က သက်ပြင်းတစ်ချက် ချလိုက်သည်။

'ကျုပ်က သိုင်းပညာလေးငါးကွက် တတ်ထားလို့ပေါ့၊ နို့မဟုတ်ရင် မင်းလိုပဲ အထိနာသွားမှာပေါ့'

အာဏာသားဝတုတ်ကသက်ပြင်းတစ်ချက်ချလိုက်လေသည်။

'နောင်ဆိုရင် ဆရာ့ဆီမှာ သိုင်းကွက်နှစ်ကွက် သင်ထားဦးမှ ဖြစ်မယ် ထင်တယ်'

ဌာနမှူးကိုထန်က ခေါင်းညိတ်လိုက်သည်။

'ဟုတ်တာပေါ့၊ အာဏာသားတစ်ယောက်ဆိုတာ သိုင်းပညာ သူမတူအောင် သင်ထားရတယ်ဗျာ'

သူတို့သည် စကားပြော၍ လှမ်းလျှောက်လာစဉ် အစော
(၃)ယောက်က ရှေ့ဆင့် နောက်ဆင့် လာရောက် ဆုံကြ
လေသည်။

ဌာနမှူးကိုထန်က သူတို့အား ဝေ့ကြည့်လိုက်သည်။
အစောင့်(၃)ယောက်တို့သည် ခေါင်းပေါ်မှ ဦးထုပ်များ လုံး
မရှိတော့ဘဲ ဆံပင်များ ဖားလျားချကာ အဝတ်အစားမျာ
ဖရိုဖရဲဖြစ်နေသည်ကို တွေ့ရှိရလေသည်။

'မင်းတို့ကော ဘာဖြစ်ကြသေးသလဲ'

အစောင့်(၃)ယောက်က ပြိုင်တူ အရိုအသေပြုလိုက်သည်

'ဘာမှမဖြစ်ပါဘူး ဆရာ'

ဌာနမှူးကိုထန်က သဘောကျသွားလေသည်။

'ဘယ်ဆိုးလို့တုံး၊ မင်းတို့က ခံနိုင်ရည်ရှိသားပဲ'

အစောင့် (၃)ယောက်က ပြိုင်တူ အရိုအသေပြုလိုက်
လေသည်။

'ဌာနမှူးရဲ့ အဖွဲ့သားတွေပဲ၊ ဒီလောက်တော့ ရှိရမှာပေါ့'

ဌာနမှူးကိုထန်က ကျေနပ်သွားလေသည်။

'ကောင်းတယ်'

သူသည် လက်တစ်ဖက် ဝေ့ယမ်းလိုက်သည်။

'ကဲ....ပြန်ကြမယ်'



သူတို့သည် တန်းစီ၍ ရဲတိုက်ကြီးရှိရာသို့ ပြန်လည် လျှောက်
သွားကြလေတော့သည်။

* * *

ယင်းဖုံးနှင့် ဝူးရားတို့သည် တောအုပ်ထဲသို့ ပြေးဝင်သွား
လေသည်။

သူမတို့သည် တောအုပ်ထဲသို့ ဝင်ရောက်မိသောအခါ အမျိုး
သမီး အော်သံ လုံးဝမကြားရတော့ပါ။

ယင်းဖုံးသည် ပတ်ဝန်းကျင်သို့ သေချာစွာ ဝေ့ကြည့်ပြီး
တစ်လှမ်းချင်း လှမ်းသွားလေသည်။ သို့သော် တောအုပ်ထဲ၌
ကြယ်ကလေး အလင်းရောင်က မတိုးဖောက်နိုင်သဖြင့် မှောင်
ညည်း၍ နေသောကြောင့် ရှေ့သို့ ဆက်မသွားနိုင်တော့ဘဲ ခြေ
လှမ်း ရပ်တန့်သွားလေသည်။

ဝူးရားက သူမအား လှည့်ကြည့်လိုက်သည်။

'ဘာဖြစ်လို့ ရပ်နေတာလဲ မမ'

ယင်းဖုံးက....

'ဒီလောက် မည်းမှောင်နေတာ ဆက်ပြီး ဝင်သွားလို့ ဘ
အကြောင်းထူးမှာလဲ'

ဝူးရားက....

'ဒါဖြင့် ဘယ်လိုလုပ်မလဲ'

ယင်းဖုံးက....

'ငါတို့ တောအုပ်ထဲကပြန်ထွက်သွားရင် ကောင်းမယ်'

သူတို့နှစ်ယောက်သည် တောအုပ်ထဲမှ ပြန်လည်ထွက်လာ
သည်။ ဝူးရားက အစွမ်းကုန်ပြေးထားသောကြောင့် မောဟို
ပြီး ရေငတ်လာလေသည်။

'မမ၊ ရေဘူးပါလာသလား'

ယင်းဖုံးက....

'ဘယ်ပါပါ့မလဲ'

ဝူးရားက....

'ဟိုဘက်မှာ ရေကန်တစ်ခုတွေ့မိသလိုပဲ၊ ကျွန်မ ရေသွ
သောက်လိုက်ဦးမယ်'

ယင်းဖုံးက ခေါင်းညိတ်လိုက်လေသည်။

'ကောင်းပြီလေ၊ မင်းက မြန်မြန်ပြန်လာခဲ့ပါ၊ ဒီမှာ စော
နေမယ်'



ယင်းဖုံးက ပြုံးပြီး မြက်ခင်းပေါ်သို့ ထိုင်ချလိုက်လေသည်။
ဝူးရားက ထိုနေရာမှ ထွက်ခွာသွားလေသည်။

* * *

ဝူးရားသည် ခြေလှမ်း(၅၀)ခန့် လျှောက်မိသောအခါ သူမ
ရှေ့တွင် သစ်ရွက်ခြောက်များ ပြည့်နှက်နေသော မြေပေါ်၌
လုပသော အင်္ကျီတစ်ထည်ရှိနေသည်ကို တွေ့မြင်ရလေသည်။

သူမသည် မျက်မှောင်ကြုတ်သွားလေသည်။

'ဟောတော့....ဒီအင်္ကျီကို ဘယ်သူက ကျန်ရစ်ခဲ့တာလဲ'

သူမသည် ယင်းသို့ပြောရင်း ရှေ့သို့ ဆက်လက် လျှောက်
သွားပြီး အင်္ကျီအား ကောက်ယူရန် ဟန်ပြင်လိုက်သည်။

သူမသည် အင်္ကျီကောက်ယူရန် ဟန်ပြင်သော တဒင်္ဂအချိန်
မှာပင် ရုတ်တရက် သူ၏ ခန္ဓာကိုယ်သည် လေပေါ်သို့ မြင့်
တက်သွားသည်ကို ခံစားလိုက်ရလေသည်။

သူ၏ ခန္ဓာကိုယ်သည် ကြီးမားသော ပိုက်ကွန်တစ်ခုထဲသို့
ရောက်ရှိပြီး သစ်ပင်တိုင်ဖျားသို့ တန်းလန်းဆွဲထားခြင်းခံလိုက်ရ
လေသည်။

သူမတစ်ကိုယ်လုံးသည် ကောက်ညှင်းထုပ်ပမာ တင်းကျပ်စွာ ပိုက်ကွန်ဆဲသို့ ရောက်ရှိနေလေသည်။

သူမက ထိတ်လန့် တုန်လှုပ်သွားလေသည်။

'မမ....ယင်းဖုံးရေ'

သူမ၏ အသံသည် ကျယ်လောင်စွာဖြင့် တောတောင်တစ်ခု လုံးသို့ လွှင့်ပျံ့သွားလေသည်။

* * *

ယင်းဖုံးသည် မြက်ခင်းပေါ်၌ ထိုင်ကာ မှုခင်း အသွား အလာကို ခေါင်းအေးအေးဖြင့် စဉ်းစား တွေးခေါ်နေ၏။ ရုတ်တရက် ဝူးရား၏ အော်သံကို ကြားလိုက်ရသဖြင့် ဆတ်ခနဲ ထရပ်လိုက်လေသည်။

ထို့နောက် အသံလာရာသို့ လျင်မြန်စွာ ပြေးလွှားသွား လေသည်။

ပိုက်ကွန်ထဲမှာရောက်ရှိနေသော ဝူးရားက ယင်းဖုံး ပြေး ဝင်လာသည်ကို တွေ့ရ၍ ဝမ်းသာသွားလေသည်။



'မမ၊ ကျွန်မ ဒီမှာ'

ယင်းဖုံးက မော့ကြည့်လိုက်သည်။

သစ်ပင်တစ်ပင်၏ ထိပ်ဖျားတွင် ပိုက်ကွက်တစ်ခု တွဲလောင်း ဆွဲထားသည်ကို တွေ့ရလေသည်။

သူမသည် လက်တစ်ဖက် ဝေ့ယမ်းလိုက်သည်။

ဓားငယ်တစ်လက်သည် ပိုက်ကွန်၏ကြိုးကို သွားရောက်ထိမှန် သဖြင့် ပြတ်ထွက်သွားလေသည်။

'အား....'

ပိုက်ကွန်သည် ဝူးရား၏ အော်သံဖြင့်အတူ မြေပေါ်သို့ကျ သွားလေသည်။

'ဝုန်း....'

ယင်းဖုံးက အနီးသို့ ချဉ်းကပ်သွားပြီး ဓားဖြင့် ပိုက်ကွန် ကြိုးကို လှီးဖြတ်လိုက်လေသည်။

ဝူးရားက ပိုက်ကွန်ထဲမှ ထိုးဖောက်ထွက်လာလေသည်။

ယင်းဖုံးက သူမအား ကြည့်လိုက်လေသည်။

'ညည်းက ရေငတ်တယ်ဆိုပြီး ရေသွားသောက်တာ....၊ ဘာကြောင့် သစ်ပင်ပေါ်ရောက်နေတာလဲ'

ဝူးရားက....

'ကျွန်မဒီကိုလျှောက်လာတဲ့အခါမှာ တော်တော်လှတဲ့အင်္ကျီ တစ်ထည်တွေ့တာနဲ့ ကုန်းကောက်မယ် လုပ်တုန်း.... အခုလို ထောင်ချောက်ထဲ ရောက်သွားတာပါ'

ယင်းဖုံးက မျက်မှောင်ကုတ်သွားလေသည်။

'ဒီပိုက်ကွန်ဟာ တိရစ္ဆာန်ကို ထောင်ဖမ်းတဲ့ ပိုက်ကွန်ပါပဲ'

သူမက ဝူးရားကောက်ယူထားသော အင်္ကျီကို လှမ်းယူလိုက်သည်။

'ဒါပေမယ့် ဒီအင်္ကျီကို ထောင်ချောက်အဖြစ် အသုံးပြုထားတယ်ဆိုတော့ လူကိုထောင်ဖမ်းတဲ့ ထောင်ချောက်ဖြစ်နေပြီ'

ဝူးရားက နားထောင်နေ၏။

ယင်းဖုံးသည် ထိုအင်္ကျီကို သေချာစွာ လေ့လာကြည့်သောအခါ ယင်းအင်္ကျီသည် အမျိုးသမီး အင်္ကျီတစ်ထည်ဖြစ်ကြောင်း တွေ့ရ၏။ ပန်းနုရောင်ဖြစ်နေ၏။

ဝူးရားက

'ဒီအင်္ကျီက ဘယ်သူ့အင်္ကျီလဲဆိုတာ မမသိသလား'

ယင်းဖုံး မျက်မှောင်ကုတ်သွားလေသည်။

'အချင်းပြောတဲ့စကားထဲမှာ သူ့ရဲ့သခင်မလေး ဖန်ကြည်ကြည်ဟာ ပျောက်ဆုံးနေတဲ့အင်္ကျီတစ်ထည်က ပန်းနုရောင်ဖြစ်တယ်လို့ မှတ်မိတယ်'



ဝူးရားက....

'ဒ ဖြင့် ဒီအင်္ကျီဟာ ဖန်ကြည်ကြည်ရဲ့ အင်္ကျီဖြစ်တယ် ဟုတ်လား'

ယင်းဖုံးက....

'ဟုတ်နိုင်တယ်'

ဝူးရားက....

'ဒီအင်္ကျီ ဘယ်လိုလုပ် ဒီကိုရောက်နေတာလဲ'

ယင်းဖုံးက....

'ဒါကတော့ ရန်သူကငါတို့ကို ထောင်ဖမ်းဖို့ ဒီမှာလာချထားတာပါ'

ဝူးရားက မျက်မှောင်ကုတ်သွားသည်။

'ကျွန်မကိုယ်က နားမရှင်းသေးပါဘူး'

ယင်းဖုံးက....

'ခုနတုန်းက ကယ်ပါကူပါတစာစာအော်နေတဲ့ အမျိုးအမီး အသံကို ကြားတယ်မဟုတ်လား'

ဝူးရားက....

'ကြားတာပေါ့'

ယင်းဖုံးက....

'အဲဒီအမျိုးသမီးက ဘယ်သူလဲဆိုတာ သိသလား'

ဝူးရား၏ မျက်လုံးအစုံ ပြုံးကျယ်စွာဖြင့် ယင်းဖုံးအား ကြည့်နေ၏။

'သူ့ကို မမသိတယ် ဟုတ်လား'

ယင်းဖုံးက ခေါင်းညိတ်လိုက်သည်။

'သိတာပေါ့'

ဝူးရားက အံ့အားသင့်သွားသည်။

'သူကဘယ်သူလဲ'

ယင်းဖုံး ပြုံးလိုက်သည်။

'သူက လူဆိုးများရဲ့ အဖွဲ့သားဖြစ်ရမယ်'

ဝူးရား မျက်မှောင်ကုပ်သွားပြန်သည်။

ယင်းဖုံးက ပြုံး၍ ရှင်းပြလိုက်သည်။

'ငါတို့ကြားခဲ့တဲ့ အမျိုးသမီးရဲ့ အသံရှင်ဟာ လူဆိုးတွေရဲ့ အတွင်းလူ ဖြစ်ရမယ်'

ဝူးရားက....

'ဒါဖြင့် သူတို့အချင်းချင်း ဘာဖြစ်လို့ အခုလို အတင်းခေါ်သွားရတာလဲ'

ယင်းဖုံးက....



'အတင်းခေါ်သွားတာမဟုတ်ဘူး၊အမျိုးသမီးက တမင်သက်သက် ငါတို့ကြားအောင် အော်ပြီး အကူအညီ တောင်းတာ'

ဝူးရားက နားလည်လိုက်လေသည်။

'မမဆိုလိုတာက လူဆိုးများက ကျွန်မတို့ သူ့နောက် လိုက်လာနိုင်အောင် အမျိုးသမီးတစ်ယောက်ကိုကူပါကယ်ပါလို့ အော်ခိုင်းပြီး ကျွန်မတို့ကို မျှားခေါ်လိုက်တာ ဟုတ်လား'

ယင်းဖုံးက ပြုံး၍ ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်၊ ငါ့ညီမလဲ ဉာဏ်တွေကောင်းလာပြီ'

ဝူးရားသည် ယင်းဖုံးချီးကျူးသည်ကို အလွန် သဘောကျသွားလေသည်။

'မမနဲ့ အတူတူနေရတော့ ဉာဏ်ကောင်းလာမှာပေါ့'

ယင်းဖုံးက....

'ကဲ ဝူးရား တို့ပြန်ကြမယ်'

သူမက အသံကိုမြှင့်၍ ပြောလိုက်သည်။

'ငါတို့ ဒီတောအုပ်ထဲကို ဘယ်တော့မှ ထပ်မလာတော့ပါဘူး'

ဝူးရားက ယင်းဖုံးအား ကြောင်အမ်းအမ်းဖြင့် ကြည့်နေမိလေသည်။

အကြောင်းမှာ ယင်းဖုံးသည် ဤကဲ့သို့ ကျယ်လောင်စွာ စကားပြောတတ်သော အကျင့်မရှိပါ။

သူမသည် ယင်းဖုံးနှင့်အတူ လာလမ်း အတိုင်း ပြန်သွားကြလေသည်။

* * *

ယင်းဖုံးနှင့် ဝူးရားတို့သည် ရဲတိုက် ဘက်သို့ ပြန်လည်လျှောက်လာကြလေသည်။

သူတို့သည် အေးအေးဆေးဆေး လျှောက်လာ ကြရာ ရုတ်တရက် သူမတို့ရှေ့တွင် ကိုယ်လုံး အလွန်ထွားကြိုင်းသော လူတစ်ယောက် ပြေးလွှား လာနေ သည်ကို တွေ့မြင်လိုက်ရ လေသည်။

'ဟေ့-ရပ်လိုက်'

ဝူးရားက ဟန့်တားလိုက်သည်။

သို့သော် ထိုလူရိပ်သည် ဝူးရား၏အသံကို မကြားလိုက်ရသည့်အလား ခြေလှမ်းမပျက် ပြေးလွှားမြဲ ပြေးလွှားနေ၏။



ဝူးရားက ရှေ့သို့ ခြေလှမ်းသွက်သွက်ဖြင့် လျှောက်သွားလေသည်။

သူတို့နှစ်ယောက်သည် ပို၍ နီးကပ်လာလေသည်။

ကြယ်ကလေး၏ အလင်းရောင်အောက်တွင် ပြေးလွှားလာသူမှာ ကျားကြီးဖြစ်နေသည်ကို အံ့သြစွာ တွေ့မြင် လိုက်ရလေသည်။

'ဟောတော့- သူက မသေသေးပါလား'

ဝူးရားက အထိတ်တလန့် အော်ဟိုက်လေသည်။

ထိုစဉ် ကျားကြီးက ပို၍နီးကပ်လာပြီဖြစ်ရာ သူ၏ပခုံးပေါ်တွင် မိန်းကလေးတစ်ယောက် ထမ်းထားသည် ကိုပါ တွေ့မြင်လိုက်ရလေသည်။

ထိုမိန်းကလေးမှာ အချင်း ဖြစ်နေသည်ကို မှတ်မိ လိုက်ကြလေသည်။

'ရပ်လိုက်'

သူမက ဟန့်တားရင်း ဆီး၍တိုက်ခိုက်လိုက်လေသည်။

ကျားကြီးသည် တိုက်ခိုက်ခြင်းခံလိုက်ရသဖြင့် ပခုံး ပေါ်မှ အချင်းအား လွှတ်မချ၍ မဖြစ်တော့ပါ။

သူသည် အချင်းအား မြေပေါ်သို့ ချလိုက်ပြီး ဝူးရားအား ပြန်လည်တိုက်ခိုက်လိုက်လေသည်။

'မင်းရဲ့ခေါင်း သတိထား'

ဝူးရားက ထုံးစံအတိုင်း သတိပေးရင်း လက်သီး တစ်လုံး ကျားကြီး၏ခေါင်းသို့ ထိုးချလိုက်သည်။

ကျားကြီးက လုံးဝမမှုပါ။

ဝူးရားအား ပြန်လည်တိုက်ခိုက်လိုက်လေ၏။

ဤသို့ဖြင့် သူတို့နှစ်ယောက်သည် အပြန်အလှန် တိုက်ခိုက် လိုက်ကြလေသည်။

အချင်းမှာမူ ယင်းဖုံးထံသို့ ပြေးလွှားသွားသည်။

ဝူးရားသည် ကျားကြီးနှင့် တိုက်ခိုက်ရာတွင် ကျားကြီး၏ သိုင်းပညာမှာ မိမိထက်များစွာ သာပြီး ခွန်အားလည်း အလွန် ကြီးမားသည်ကို တွေ့ရှိရလေသည်။,

သူမသည် သိုင်းကွက်ဆယ်ကွက်မျှ ယှဉ်လာ ပြီးသောအခါ တဖြည်းဖြည်း အရေးနိမ့်လာလေ၏။

ယင်းဖုံးသည် ဝူးရား၏ အခြေအနေမကောင်းမှန်း အကဲ ခတ်မိလိုက်သဖြင့်....

'ဝူးရား တောင့်ထား၊ မမှလာပြီ'

သူမက အားပေးစကားပြောရင်း တိုက်ခိုက်ရန် ပြေးဝင်လာ ရာ ကျားကြီးမှာမူ ဆက်လက် တိုက်ခိုက်ခြင်း မပြုတော့ဘဲ ချာ ခနဲလှည့်ကာ ပြေးသွားလေသည်။

'မပြေးနဲ့'





ဝူးရားက နောက်မှ ပြေးလိုက်သွားသည်။

ဝူးရားလိုက်သွားသည်ကို တွေ့ရသဖြင့် ယင်းဖုံးက လိုက် သွားရလေသည်။

အချင်းသည် ယင်းဖုံးနှင့် ဝူးရားတို့ ပြေးလိုက်သွား သည်ကို တွေ့ရသောအခါ သူမသည် တစ်ယောက်တည်း မနေဝံ့တော့ဘဲ သူမတို့နောက်သို့ ပြေးလိုက်သွားရလေသည်။

ကျားကြီးသည် တောအုပ်ရှိရာသို့ ရောက်သွားသော အခါ တောအုပ်ထဲသို့ ပြေးဝင်သွားလေသည်။

ဝူးရားက နောက်မှ ထက်ကြပ်မကွာလိုက်သွားရာ....

'ဝူးရား မလိုက်နဲ့တော့'

ယင်းဖုံးက ဟန့်တားလိုက်သည်။

ဝူးရားက ခြေလှမ်းရပ်တန့်သွားလေသည်။

'ပြန်ကြမယ်'

ယင်းဖုံးက အချင်း၏ လက်ကိုဆွဲကာ ရဲတိုက်ဘက်သို့ပြန် လှည့်လာကြလေသည်။

* * *

ညဉ့်နက်လာပြီ။

ယင်းဖုံးမှာ မအိပ်နိုင်သေးပါ။

ရဲတိုက် တစ်ခုလုံးမှာ မီးကလေး သုံးယောက်သာ ကျန်တော့သည်။

ဌာနမှူးကိုထန်တို့လူစုသည် မည်သည့်နေရာသို့ ရောက်ရှိနေမှန်း မသိကြပါ။

သို့သော် ဌာနမှူးအိုလူစုသည် ရဲတိုက်တွင် ဆက်၍ မနေဝံ့ကြသဖြင့် ညတွင်းချင်းပင် မြို့ပေါ်သို့ တက်သွားကြ သည်ဟု ယုံကြည်ကြလေသည်။

ယင်းဖုံးက ဝူးရှားအား မေးလိုက်လေသည်။

'ဝူးရှား ညည်းတွေ့ခဲ့တဲ့လူဟာ ကျားကြီးဆိုတာ တကယ်ပဲလား'

ဝူးရှားက ခေါင်းညိတ်လိုက်သည်။

'ဟုတ်ပါတယ်မမ'

'ညည်း သေချာရဲ့လား'

'သေချာပါတယ်မမ'

ယင်းဖုံးက အတွေးရ ခက်သွားလေသည်။

သူမက အချင်းဘက်သို့ လှည့်ကြည့်လိုက်ပြန်သည်။



'အချင်း မမမေးမယ့်စကားကသိပ်အရေးကြီးနေလို့ သေသေချာချာ စဉ်းစားပြီးမှ ဖြေနော်'

အချင်းက ခေါင်းညိတ်လိုက်လေသည်။

'ဟုတ်ကဲ့ပါ မမ'

'ဒါဖြင့် ငါ့ညီမကို ဖမ်းခေါ် သွားတဲ့ လူက ကျားကြီး ဟုတ်လား'

'ဟုတ်ပါတယ် မမ'

'သူ့ကို ဘယ်မှာတွေ့တာလဲ'

'ရဲတိုက်ထဲမှာပါ'

'ရဲတိုက်ထဲမှာ ဟုတ်လား'

'ဟုတ်ပါတယ်မမ'

'ဌာနမှူးတို့လူစု မရှိကြဘူးလား'

'ရှိပါတယ်မမ'

'ဒါဖြင့် သူတို့ကလဲ ကျားကြီးကိုတွေ့မြင်ရတယ် ဟုတ်လား'

'ဟုတ်ပါတယ် မမ'

'တွေ့ပုံက ဘယ်လိုလဲ ပြောစမ်း

အချင်းက အနည်းငယ် စဉ်းစားလိုက်လေသည်။

'ဒီလိုပါမမ၊ မမတို့က အော်သံကြားလို့ ထွက်လိုက်သွားကြတယ် မဟုတ်လား'

ယင်းဖုံးက ခေါင်းညိတ်ပြလိုက်သည်။

အချင်းက....

'ကျွန်မတို့လဲ ရဲတိုက်မှာကြာကြာမနေရဲလို့ ထွက်ဖို့ပြင်ဆင်နေတုန်းမှာ ကျားကြီးက ရောက်လာတယ်'

ယင်းဖုံးက မျက်မှောင်ကုတ်သွားသည်။

'ကျားကြီးဟာ သေပြီပဲ၊ သူ့ အလောင်းကို ခေါင်းထဲထည့်ထားတာကို ငါ့ညီမလဲ မျက်မြင်ကိုယ်တွေ့ မဟုတ်လား'

'ဟုတ်ပါတယ်မမ'

'ဒါဖြင့် ညီမတွေ့တဲ့လူဟာ ကျားကြီးဆိုတာ သေချာလား'

အချင်းက ခေါင်းညိတ်လိုက်သည်။

'ဟုတ်ကဲ့၊ ကျွန်မ သေသေချာချာ မြင်တွေ့ လိုက်ပါတယ်၊ ကျားကြီးမှ ကျားကြီးအစစ်ပါ'

ယင်းဖုံးသည် အတွေးရ ခက်သွားလေသည်။

'နေပါဦး၊ ကျားကြီးအလောင်းထားတဲ့ခေါင်းကိုဖွင့်ကြည့်သေးသလား'

'ဟုတ်ကဲ့ ဖွင့်ကြည့်ပါတယ်'



'ခေါင်းထဲမှာ ကျားကြီးကို တွေ့သေးသလား'

အချင်းက ခေါင်းခါယမ်းလိုက်သည်။

'မတွေ့တော့ဘူး'

ယင်းဖုံး မျက်မှောင်ကုတ်သွားသည်။

'ညီမ ဆိုလိုတာက သံရိုက်ထားတဲ့ ခေါင်းအဖုံးကို ဖွင့်တဲ့အခါ ကျားကြီးအလောင်းကို မတွေ့ရတော့ဘူး ဟုတ်လား'

'ဟုတ်လား'

'ဒါနဲ့ ခေါင်းရဲ့အဖုံးပေါ်ကသံတွေရော ပကတိအနေအထားမှ ရှိရဲ့လား'

'မရှိပါဘူး၊ သူတို့ ခေါင်းအဖုံးကို ဖွင့်ကြည့်လိုက်တဲ့အခါမှာ ခေါင်းရဲ့အဖုံး ပွင့်နေတာကို တွေ့ရတယ်'

ယင်းဖုံး အနည်းငယ်စဉ်းစားလိုက်သည်။

'ဒါဖြင့် ခေါင်ထဲမှာ ဘာမှမရှိဘူးပေါ့'

အချင်းက....

'ခေါင်းထဲမှာတော့ ကျားကြီးရဲ့ လက်ကို ခတ်ထားတဲ့ လက်ထိတ်ကို တွေ့ရတယ်'

ယင်းဖုံးက မျက်မှောင်ကုတ်၍....

'ညီမလေး ပြောတဲ့အတိုင်းဆိုရင် ဌာနမှူးတို့က ခေါင်းကို ဖွင့်ကြည့်တဲ့အခါမှာ ကျားကြီးအလောင်းကို မတွေ့ရပဲ လက်ထိတ်သာ ကျန်ခဲ့တယ်မဟုတ်လား'

အချင်းတ ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်'

ယင်းဖုံးက အနည်းငယ် စဉ်းစားလိုက်ပြန်သည်။

'ကျားကြီးကို ဘယ်မှာတွေ့လိုက်တာလဲ'

'တံခါးဝမှာ တွေ့ပါတယ်'

'အဲဒီအချိန်မှာ ဘယ်သူရှိသလဲ'

'ဌာနမှူးက သူနဲ့မျက်နှာချင်းဆိုင် ရပ်နေတာကို တွေ့ရပါတယ်'

အချင်းသည် ဖြစ်ပျက်ပုံများကို ထပ်မံအသေးစိတ် ပြောပြလိုက်လေသည်။

ယင်းဖုံးသည် အတန်ကြာ စဉ်းစားပြီးမှ....

'ညီမတို့တစ်တွေ ရဲထိုက်ထဲကနေ ထွက်ပြေးသွားကြတယ်ဆိုတော့'

အချင်းက ခေါင်းညိတ်လိုက်သည်။

'ဟုတ်ပါတယ်'



သူမသည် ရဲတိုက်မှ ထွက်ပြေးရသောအကြောင်းကို ထပ်မံပြောပြလိုက်လေသည်။

* * *

ပတ်ဝန်းကျင်တစ်ခုလုံးသည် တိတ်ဆိတ်နေ၏။

ယင်းဖုံးသည် အချင်း ပြောပြသည့် အကြောင်းအရာကို အတန်ကြာမျက်မှောင်ကုတ်၍ စဉ်းစားနေ၏။

'ဒီလိုဆိုရင် ညီမထွက်ပြေးတဲ့အခါမှာ ညီမက ရှေ့ဆုံးက ပြေးနေတယ် မဟုတ်လား'

'ဟုတ်ပါတယ်မမ'

'ကျားကြီးက သူ့ကိုမှဖမ်းပဲ ညီမဆီရောက်အောင် လိုက်ဖမ်းတယ်ဆိုပါတော့'

'ဟုတ်ပါတယ်'

ယင်းဖုံးက ခေါင်းညိတ်လိုက်သည်။

'ညီမလေးက ရှေ့ဆုံးကပြေးနေပြီး ကျားကြီးက တစ်ခြားလူကိုအန္တရာယ်မပြုပဲ ညီမလေးကို မီအောင် လိုက်ဖမ်းတာ စဉ်းစားစရာပါပဲ'

သူမသည် ထိုင်ရာမှထလိုက်လေသည်။

'ကဲ....ငါကို ခေါင်းကို သွားကြည့်ကြရအောင်'

* * *

ယင်းဖုံးသည် ခေါင်းထားသောအခန်းကို သေချာစစ်ဆေးပြီးနောက် ခေါင်းကိုလည်း သေချာစွာ စစ်ဆေးလိုက်လေသည်။

ထို့နောက် ရဲတိုက်အတွင်းရှိ အခန်းများကို လိုက်လံစစ်ဆေးကြည့်ရှုလေသည်။

သူမတို့သည် ဧည့်ခန်းရှိရာသို့ ပြန်လည် ရောက်ရှိ လာသောအခါ ဝူးရားနှင့်အချစ်းတို့က အလှန်အိပ်ငိုက်လာလေသည်။

ယင်းဖုံးက ပြုံးပြလိုက်သည်။

'ညီမတို့ အိပ်ချင်နေပြီ၊ အိပ်ကျပေတော့'

လွင်ဝါဝေ



ဝူးရားက ကုလားထိုင်တစ်လုံးပေါ်သို့ လှဲချလိုက်လေသည်။ အချင်းမှာ ကွပ်ပျစ် တစ်လုံးပေါ်၌ ထိုင်ချလိုက်လေသည်။

တခဏအကြာတွင် သူမတို့သည် နှစ်ခြိုက်စွာအိပ်ပျော်သွားကြလေသည်။

* * *

နွေးထွေးသောနေရောင်ခြည်သည် ပြတင်းပေါက်မှဘယ်ဆင့် အချင်းနှင့် ဝူးရားတို့၏ မျက်နှာပေါ်သို့ ကျလာသောအခါမှ သူမတို့သည် အိပ်ရာမှ နိုးကြလေကုန်သည်။

ဝူးရားက ထထိုင်လိုက်ပြီး အပျင်းတစ်ချက် ဆန့်လိုက်ရာ ယင်းဖုံးက မအိပ်သေးပဲ ကုလားထိုင်ပေါ်၌မှီ၍ စဉ်းစားတွေးတောနေသည်ကို တွေ့မြင်ရလေသည်။

'မမက တစ်ညလုံး မအိပ်ဘူးလား'

ယင်းဖုံးက ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်'

အချင်းက မျက်လုံးများပွတ်လိုက်သည်။

'ဟင်....မမတစ်ညလုံးမအိပ်ဘူး၊ မဟုတ်လား'

ယင်းဖုံးက ပြုံး၍ ခေါင်းညိတ်ပြလိုက်လေသည်။

အချင်းက....

'မမ ဘာဖြစ်လို့ မအိပ်သေးတာလဲ'

ယင်းဖုံးက ပြုံးပြလိုက်သည်။

'ကျားကြီးနဲ့ ပတ်သက်တဲ့ အမှုကို စဉ်းစားယင်းနဲ့ မိုးလင်းသွားလို့ပါ'

သူမသည် ထိုင်ရာမှ ထလိုက်လေသည်။

'မထူးတော့ပါဘူး၊ လုပ်စရာရှိတာ ဆက်လုပ်တာပဲ ကောင်းတယ်'

သူမသည် ဝူးရားအား ကြည့်လိုက်သည်။

'ဝူးရား....ညည်းက ရဲတိုက်မှာနေရစ်ခဲ့၊ အချင်းကိုလဲ စောင့်ရှောက်ထားပါ'

ဝူးရားက....

'မမက ဘယ်သွားမလို့လဲ'

ယင်းဖုံးက....

'မမက မြို့ကလေးသွားချင်လို့ပါ'

ဝူးရားက....



'ကိစ္စရှိလို့လား'

ယင်းဖုံးက ခေါင်းညိတ်လိုက်သည်။

'ဌာနမှူးကိုထန်နဲ့ ဆွေးနွေးစရာရှိလို့'

အချင်းက....

'ဒါဖြင့် ဘာစားမလဲ ကျွန်မ သွားစီစဉ်လိုက်ဦးမယ်'

ယင်းဖုံးက ခေါင်းခါယမ်းလိုက်သည်။

'မစားတော့ပါဘူး'

သူသည် ဝူးရားအား အချင်းကိုစောင့်ရှောက်ရန် မှာကြားပြီးနောက် ရဲတိုက်ထဲမှ ထွက်ခွာသွားလေသည်။

* * *

ယင်းဖုံးသည် မြို့ကလေးရှိ ဌာနမှူးရုံခန်းသို့ လှမ်းဝင်လိုက်သောအခါ ဌာနမှူးကိုထန်နှင့် အာဏာသား ဝတုတ်တို့သည် အပြင်သို့ထွက်ရန် ဟန်ပြင်နေသည်ကို တွေ့ရလေသည်။

'ရှင်တို့ ဘယ်သွားကြမလို့လဲ'

ယင်းဖုံးက ဆီး၍မေးလိုက်သည်။

ဌာနမှူးကိုထန်သည် ယင်းဖုံးရောက်ရှိလာသည်ကို တွေ့မြင်ရသောအခါ အံ့အားသင့်သွားလေသည်။

သူသည်မျက်နှာချိုသွေးလျက်....

'ဟဲ....ဟဲ....ဟဲ....ယင်းဖုံးပါလား'

ယင်းဖုံးသည် ဌာနမှူးကိုထန်နှင့်ဝတုတ်တို့ကဝန်စည်စလွယ်ကိုပါ သယ်ဆောင်ထားသည်ကို တွေ့ရသဖြင့်....

'ဌာနမှူးတို့က ပြန်ကြတော့မလို့လား'

ဌာနမှူးကိုထန်က ပြုံးဖြဲဖြဲဖြင့်....

'ဟုတ်တယ်'

ယင်းဖုံးက....

'အမှုမပြီးသေးတဲ့ ဘာဖြစ်လို့ ပြန်သွားကြမှာလဲ'

ဌာနမှူးကိုထန်က....

'ဒီတစ်ရက်နှစ်ရက်မှာ ကျုပ် ကျန်းမာရေး အခြေအနေမကောင်းလို့ ခဏပြန်သွားမလို့ပါ'

ယင်းဖုံးက မျက်မှောင်ကုတ် သွားသည်။

'အမှုတန်းလန်းကြီးနဲ့ ပြန်လို့ ဘယ်ဖြစ်မလဲ'



ဌာနမှူး ကိုထန်က....

'ခင်ဗျားရှိသားပဲ၊ ဒီအမှုကို ဆက်လုပ်ပေါ့'

ယင်းဖုံးက....

'ဌာနမှူးက ကျွန်မထက် အဆင့်မြင့်ပါတယ်၊ ဌာနမှူးရဲ့အမှုကိုကျွန်မ အထောက်အကူပဲ တာဝန်ရှိတယ်'

ဌာနမှူး ကိုထန်က....

'ရပါတယ်၊ ဒီအမှု ခင်ဗျားကို အာဏာကုန် လုပ်ပိုင်ခွင့် လွှဲပြောင်းပေးလိုက်ပါ့မယ်'

ယင်းဖုံးကပြုံးလိုက်သည်။

'ကျွန်မသိပါတယ်၊ ကျားကြီးက သေရာကနေ အသက်ပြန်ရှင်လာလို့ မဟုတ်လား'

ဌာနမှူးကိုထန်က ပါးစပ် ပိတ်ထားလိုက်လေသည်။

* * *

ဌာနမှူး ကိုထန့်သည် ယင်းဖုံး၏ စကားကို ချေပနိုင်စွမ်း မရှိပဲဖြစ်နေ၏။

အာဏာသား ဝတုတ်က ဝန်ခံ လိုက်လေသည်။

'ဟုတ်တယ်၊ ကျုပ်တို့ အလုပ်က လူဆိုးတွေ၊ ဒုစရိုက်သား ကောင်တွေကို ဖမ်းတာပါ။ သရဲ တစ္ဆေတွေကို ဖမ်းဖို့မှ မဟုတ်ဘဲ'

ယင်းဖုံးက....

'ဘယ်သူက သရဲတစ္ဆေလဲ'

ဝတုတ်က....

'ကျားကြီး'

ယင်းဖုံးက....

'ကျားကြီးက သရဲတစ္ဆေဟုတ်လား'

အာဏာသား ဝတုတ်က....

'ဟုတ်တယ်လေ'

ယင်းဖုံးက မဲ့ပြုံးပြုံးလိုက်သည်။

'ကျားကြီးက သရဲတစ္ဆေဆိုတာ ဘယ်သူကပြောလဲ'

ဌာနမှူး ကိုထန်က....



'ကျားကြီး သေဆုံးသွားတယ်ဆိုတာ ခင်ဗျားလဲ အမြင်ပဲ မဟုတ်လား'

ယင်းဖုံးက ခေါင်းညိတ်လိုက်သည်။

'မြင်ပါတယ်'

ဌာနမှူး ကိုထန်က....

'ကျားကြီးရဲ့အလောင်းကို လက်ထိပ်ခတ်ပြီး အခေါင်းထဲမှာ သံနဲ့ အခိုင်အမာ ရိုက်ထားတယ်ဆိုတာ ခင်ဗျား တွေ့တယ် မဟုတ်လား'

'တွေ့ပါတယ်'

'သူကသရဲတစ္ဆေ မဟုတ်ယင် ဘယ့်နှယ် ပြန်ရှင်လာနိုင်သလဲ၊ ခေါင်းထဲက ဘာကြောင့် ထွက်လာနိုင်ရတာလဲ'

ဝတုတ်က....

'ဟုတ်တယ်၊ ခေါင်းထည့်တဲ့ အခန်းကိုတောင် သော့ခတ် ထားတာဗျ'

ဌာနမှူး ကိုထန်က....

'နောက်ပြီးကျုပ်တို့ကို လိုက်သတ်ဖို့ ကြိုးစားခဲ့သေးလို့ ကျုပ်တို့က မနည်းလွတ်အောင် ပြေးရသေးတယ်'

ဝတုတ်က....

'အခုအချင်းကိုလဲ ဘယ်ကို ဖမ်းသွားမှန်း မသိဘူး'

ဌာနမှူး ကိုထန်က....

'အခုဆိုရင် ဖန်ကြည်ကြည်၊ ရှမ်းရှမ်းနဲ့ အချင်းတို့ အဖမ်းခံရတယ်၊ ရှောင်ဘပရို သေဆုံးသွားတယ်၊ ဒါတွေဟာ တရားခံ ကျားကြီးရဲ့ လက်ချက်ပါပဲ၊ အခုတော့ ကျားကြီးဟာ တစ္ဆေဖြစ်တဲ့အတွက် ကျုပ်တို့က ဒုစရိုက်ကောင်ကို ဖမ်းရမယ့် တာဝန်ပဲရှိတယ်၊သရဲကို လုံးဝဖမ်းဖို့မကြိုးစားဘူး'

သူသည် စကား ဆက်လိုက်သည်။

'ဒါကြောင့်ကျုပ်တို့မှာ တာဝန်မရှိပါဘူး'

ယင်းဖုံးက....

'အချင်းကို ကျွန်မတို့က ကယ်ခဲ့ပြီးပါပြီ'

ဝတုတ်က မျက်မှောင်ကုတ် သွားလေသည်။

'ဟုတ်လား အခု ဘယ်မှာလဲ'

ယင်းဖုံးက....

'ရဲတိုက်မှာရှိပါတယ်၊ ဝူးရားက စောင့်ရှောက်ထားပါတယ်'

ဌာနမှူးကိုထန်က မျက်မှောင်ကုတ် သွားလေသည်။

'ဒါဖြင့်ခင်များတို့ ကျားကြီးနဲ့ တွေ့ခဲ့တာပေါ့'

ယင်းဖုံးက...



'ဟုတ်တယ်၊ ဝူးရားက ကျားကြီးရဲ့ လက်ထဲက အချင်းကို ကယ်တင်ခဲ့တာပါ'

ဌာနမှူးကိုထန်က ပါးစပ် ပိတ်ထားလိုက်လေသည်။

ယင်းဖုံးက စကားဆက်လိုက်လေသည်။

'ကျွန်မ ရှင်းရှင်းပြောလိုက်မယ်၊ ဒီအမှုဟာ ဒီတစ်ရက် နှစ်ရက်အတွင်းမှာပဲ ပေါ်နိုင်တော့မှာပါ၊ ဒါကြောင့် ရှင်တို့ ဒီမှာ တစ်ရက်နှစ်ရက်လောက် စောင့်ပါလို့ အကြံပေးပါရစေ'

ဌာနမှူးကိုထန် သက်ပြင်းတစ်ချက် ချလိုက်သည်။

'ခင်ဗျား ဘာလုပ်မလို့လဲ'

ယင်းဖုံးက....

'ကနေ့တော့ဌာနမှူးဆီက ဒေသခံအာဏာသားတစ်ယောက် အကူအညီ လိုချင်လို့ပါ'

'ဘာလုပ်မလို့လဲ'

'လိုအပ်တဲ့စုံစမ်းစစ်ဆေးမှုကို လုပ်ချင်လို့ပါ'

'နောက်ကော'

'တရားခံ ကျားကြီးကို သွားဖမ်းဖို့ပါပဲ'

ဌာနမှူးကိုထန်က မချိပြုံး ပြုံးလိုက်လေသည်။

'ကျားကြီးကို ခင်ဗျားတစ်ခါ ဖမ်းပြီးပါပြီဗျာ'

သူသည်စကားဆက်လိုက်သည်။

'သူ့ကို ဖမ်းပြီးလဲ လွတ်မြောက်သွားတာပဲ၊ သေသွားလဲ အသက်ပြန်ရှင်လာတယ် မဟုတ်လား'

ယင်းဖုံးက....

'ဒီတစ်ခါ သူ့ကိုဖမ်းမိရင် ဘယ်တော့မှ ပြေးလွတ်မှာ မဟုတ်ဘူး၊ တကယ်လို့များ နောက်ထပ်သေသွားရင်လဲ ပြန်မရှင်လာနိုင်တော့ပါဘူး'

အာဏာသား ဝတုတ်က....

'ဒီမှာ ယင်းဖုံး ခင်ဗျားကို စေတနာနဲ့ ပြောရဦးမယ်၊ ကျားကြီးဟာ သာမန်လူဆိုးတစ်ယောက် မဟုတ်ဘူး၊ ခင်ဗျားအတွက်အန္တရာယ် များလှပါတယ်'

ယင်းဖုံးက....

'အခုလို စေတနာထားတာ ကျေးဇူးတင်ပါတယ်၊ ဒါပေမယ့် ကျားကြီးကို ကျွန်မ ဖမ်းမိနိုင်မယ်လို့ ယုံကြည်ပါတယ်'

ဌာနမှူးကိုထန်က ခေါင်းညိတ်လိုက်ရလေသည်။

'ကောင်းပြီလေ၊ ကျုပ် နေခဲ့ပါ့မယ်'

ဝတုတ်က....



'ခင်ဗျားရဲ့ သတ္တိကို ချီးကျူးပါတယ်ဗျာ၊ ကျုပ်လဲ အတတ်နိုင်ဆုံး ကူညီပါ့မယ်'

ဌာနမှူးကိုထန်က....

'ခင်ဗျားနဲ့ကျားကြီးနဲ့ ရင်ဆိုင်တဲ့အခါမှာ ဘေးမသီရန်မခဘဲ အောင်မြင်ပါစေလို့ ဆုတောင်းလိုက်ပါတယ်'

ယင်းဖုံးက ပြုံးလိုက်သည်။

'ကျွန်မတို့ဟာ တိုင်းပြည်ရဲ့ ဘဏ္ဍာတော်ငွေကို ယူနေရတဲ့ ပြည်သူ့ဝန်ထမ်းတစ်ယောက်ပါ၊ ဥပဒေကျူးလွန်တဲ့ သူတွေနဲ့ သူသေကိုယ်သေ ယှဉ်ပြိုင်တဲ့အခါမှာ သေချင်သေပါစေ၊ ကျွန်မ မမှုပါဘူး'

ဌာနမှူးကိုထန်က လှောင်ပြုံး ပြုံးလိုက်သည်။

'ကျုပ်က ခင်ဗျားကို ချီးကျူးပါတယ်ဗျာ'

ယင်းဖုံးက ဦးညွှတ်လိုက်သည်။

'ကျေးဇူးတင်ပါတယ်'

သူမသည် ခေါင်းမော့လိုက်သည်။

'ကျွန်မကို ကူညီဖို့ ဒေသခံအာဏာသားတစ်ယောက် ထည့်ပေးပါ ရှင်'

ဌာနမှူးကိုထန်က ခေါင်းညိတ်လိုက်သည်။

'ကောင်းပါပြီဗျာ'

သူသည် အာဏာသားတစ်ယောက်အား လှမ်းခေါ်လိုက်လေသည်။

'ရေမြွေ'

ပိန်ပိန်ပါးပါးရှိသော အာဏာသားတစ်ယောက်က ရှေ့သို့ လှမ်းထွက်လာပြီး အရိုအသေပြုလိုက်လေသည်။

'ရှိပါတယ် ဆရာ'

'မင်းက ဟောဒီ အရာရှိလေးနဲ့ လိုက်သွား၊ လိုအပ်တဲ့ အကူ အညီ အားလုံး ဆောင်ရွက်ပေးပါ'

'ဟုတ်ကဲ့ပါ ဆရာ'

ရေမြွေအမည်ရှိသော အာဏာသားသည် ယင်းဖုံး ဘက်သို့ လှည့်၍ အရိုအသေပြုလိုက်လေသည်။

'ကျွန်တော် အာဏာသား ရေမြွေပါ၊ ခိုင်းစရာရှိတာ ခိုင်းပါ ခင်ဗျာ'

ယင်းဖုံး ခေါင်းညိတ်လိုက်သည်။

'ဟုတ်ကဲ့၊ ရှင့်တာဝန်က ကျွန်မကို ရှာထဲလိုက်ပို့ပါ'

'ဟုတ်ကဲ့ပါ'

သူသည် ယင်းဖုံးအား မည်ကဲ့သို့ ခေါ်ရမှန်းမသိ ဖြ နေ၏။



ယင်းဖုံးက ပြုံးလိုက်သည်။

'ကျွန်မကို ယင်းဖုံးလို့ ခေါ်ပါ'

ရေမြွေသည် ကြောင်အမ်းအမ်းဖြစ်ပြီးမှ အရိုအသေပြုလိုက်လေသည်။

'ဟုတ်ကဲ့ပါ'

စုံစမ်းခြင်း

( ၁ )

ယင်းဖုံးနှင့် ရေမြေ့တို့သည် ရွာထဲသို့ ရောက်ရှိသွားကြလေသည်။

သူတို့သည် ရွာထဲသို့ ဝင်ရောက်လာသည်နှင့်....

'ရေမြေ့'

'ရှိပါတယ် ခင်ဗျာ'

'ဒီရွာထဲမှာ အမျိုးသမီးတွေ ပျောက်ဆုံးနေတယ်ဆိုတာ ဟုတ်လား'



'ဟုတ်ပါတယ်'

'ဘယ်နှစ်ယောက်ပျောက်ဆုံးလဲလို့ ရှင် သိပါသလား'

ရေမြေ့ အနည်းငယ် စဉ်းစားလိုက်သည်။

'သုံးယောက်၊ အဲ....အဲ....လေးယောက်'

ယင်းဖုံးက ပြုံးလိုက်သည်။

'အဲဒီပျောက်ဆုံးတဲ့ မိန်းကလေးတွေရဲ့အိမ်ကို ရှင် သိထားတယ် မဟုတ်လား'

'သိပါတယ်'

'ကောင်းပြီ၊ အဲဒီအိမ်တွေကို တစ်အိမ်ပြီးတစ်အိမ် သွားပြီး စုံစမ်းကြရအောင်'

ရေမြေ့ ကြောင်အမ်းအမ်း ဖြစ်သွားလေသည်။

'သူတို့ကို ဘာကိစ္စနဲ့ စုံစမ်းရမှာလဲ'

ယင်းဖုံးက ပြုံးလိုက်သည်။

'ကျားကြီးကို ဖမ်းဖို့'

ရေမြေ့က ကြောင်အမ်းအမ်းဖြစ်သွားပြန်လေသည်။

'သူတို့နဲ့ ကျားကြီး ဖမ်းဖို့နဲ့ သက်ဆိုင်နေလို့လား'

ယင်းဖုံးက ပြုံးလိုက်သည်။

'ဒါတွေကို မမေးပါနဲ့၊ ကျွန်မ ခိုင်းသလိုသာ ကူညီပေးပါ'

'ကောင်းပါပြီ ခင်ဗျာ'

ရေမြေသည် ယင်းဖုံးအား ရွာထဲသို့ ခေါ်ဆောင်သွားပြီး အိမ်တစ်အိမ်ရှေ့တွင် ရပ်တန့်လိုက်သည်။

'ဒီအိမ်မှာ မိန်းကလေးတစ်ယောက် ပျောက်ဆုံးတဲ့အထဲမှာ ပါတယ်'

ယင်းဖုံး ခေါင်းညိတ်လိုက်သည်။

'ကောင်းပြီလေ၊ သူတို့ မိသားစုနဲ့တွေ့ပြီး စကားတစ်ခွန်း နှစ်ခွန်း မေးကြရအောင်'

ရေမြေက ခေါင်းညိတ်လိုက်သည်။ သူသည် အိမ်တံခါးကို ခေါက်လိုက်လေသည်။

တစ်ခဏအကြာတွင် တံခါးပွင့်သွားသည်။

အသက်(၅၀)ခန့်ရှိသော အဘွားအိုတစ်ယောက် ထွက်လာလေသည်။

သူမသည် ရေမြေနှင့် ယင်းဖုံးတို့အား အကဲခတ်ကြည့်ရင်း....'

'ဘယ်သူ့ကို တွေ့ချင်လို့လဲ'

ရေမြေက ယင်းဖုံးအား ညွှန်ပြလိုက်သည်။

'သူက မြို့ထဲကလာတဲ့ မင်းမှုထမ်းပါ၊ ဒေါ်ဒေါ်တို့ အိမ်မှာ ပျောက်ဆုံးသွားတဲ့ မိန်းကလေးနဲ့ ပတ်သက်ပြီး စကားပြောချင်လို့ပါ'



အဘွားအိုက လမ်းဖယ်ပေးလိုက်သည်။

'အိမ်ထဲကို ကြွပါ'

ယင်းဖုံးနှင့် ရေမြေတို့သည် အိမ်ထဲသို့ လှမ်းဝင်လိုက်သည်။

* * *

အဘွားအိုသည် နေရာထိုင်ခင်းပေးပြီးနောက် ယင်းဖုံးက စတင် မေးလိုက်လေသည်။

'ဒါနဲ့ ဒေါ်ဒေါ်၊ တလောတုန်းက အဒေါ့် သမီး တစ်ယောက် ပျောက်ဆုံးသွားတယ်ဆိုတာ ဟုတ်တယ်နော်'

အဘွားအိုက ခေါင်းညိတ်လိုက်သည်။

'ဟုတ်ပါတယ်'

'အဒေါ့် သမီးက အသက်ဘယ်လောက်ရှိပြီလဲ'

'၁၈ နှစ်ပါ'

'သူ ပျောက်ဆုံးသွားတဲ့နေ့မှာ ဘာအဝတ်အစားဝတ်သွားတယ်ဆိုတာ အဒေါ် မှတ်မိရဲ့လား'

အဘွားအိုက ခေါင်းညိတ်လိုက်သည်။

'မှတ်မိပါတယ်၊ သူက အဖြူရောင်အင်္ကျီဝတ်ပြီး ပန်းနုရောင် ဘောင်းဘီဝတ်ထားပါတယ်'

ယင်းဖုံးက ပြုံးပြလိုက်သည်။

'အဒေါ်သမီးက တော်တော်ချော်မှာပဲနော်'

အဘွားအိုက ခေါင်းညိတ်လိုက်သည်။

'ဟုတ်ပါတယ်၊ ရွာထဲမှာဆိုရင် သူက လှတဲ့ မိန်းကလေး တစ်ယောက်လို့ အားလုံးက ချီးကျူးကြပါတယ်'

အဘွားအိုသည် ပြောရင်း ဆိုရင်း ငိုသံဝါလာလေသည်။ ယင်းဖုံးက နှစ်သိမ့်လိုက်လေသည်။

'စိတ်မပူပါနဲ့ ဒေါ်ဒေါ်၊ ဒေါ်ဒေါ့်သမီး မကြာခင် ပြန်ရောက်လာမှာပါ'

အဘွားအိုက မယုံကြည်စွာဖြင့် ကြည့်လိုက်သည်။

'ဘယ်လို ဒေါ်ဒေါ့်သမီး ပြန်လာမယ် ဟုတ်လား'

ယင်းဖုံးက ပြုံးပြလိုက်သည်။

'ဟုတ်ပါတယ် ဒေါ်ဒေါ်၊ ကျွန်မဟာ မင်းမှုထမ်း တစ်ယောက်ပါ၊ ဒီကိစ္စနဲ့ပတ်သက်ပြီး အရေးယူဖို့ ဆင်းလာတာပါ'

အဘွားအိုက ဝမ်းသာသွားလေသည်။

'ကျေးဇူးတင်လိုက်တာကွယ်၊ ဒေါ်ဒေါ်တို့တော့ တစ်နေ့မှ စိတ်မအေးရပါဘူး'

ယင်းဖုံးက ထိုင်ရာမှထလိုက်လေသည်။

'ကဲ...ဒေါ်ဒေါ်ကျွန်မ သွားတော့မယ်၊ သိပ်လဲ ဝမ်းမနည်းပါနဲ့၊ ဒေါ်ဒေါ့်သမီး ပြန်ရောက်လာမှာပါ'



အဘွားအိုက မျက်ရည်သုတ်လျက်....

'အေးပါကွယ်၊ သမီးတို့ကို ကျေးဇူးအများကြီးတင်ပါတယ်'

ယင်းဖုံးသည် ထိုအဖွားအိုအား နှုတ်ဆက်ကာ ၎င်းအိမ်မှ ထွက်လာခဲ့လေသည်။

* * *

(၂)

ယင်းဖုံးသည် ပျောက်ဆုံးသွားသော မိန်းကလေးများ၏ မိသားစုထံသို့ တစ်အိမ်တက်ဆင်းစုံစမ်းမေးမြန်းခဲ့ရာ ထိုပျောက်ဆုံးသွားသော မိန်းကလေးများတို့မှာ (၁၈) နှစ်၊ (၁၉)နှစ် ကြားအရွယ်မျှသာရှိသည်ကို တွေ့ရှိရလေသည်။

၎င်းမိန်းကလေးတို့မှာ အချို့က လှပချောမောနေသော်လည်း အချို့မှာ အကျည်းတန်သူ ပါလာလေသည်။

ယင်းဖုံးသည် ယင်းကဲ့သို့ စုံစမ်းမေးမြန်းလာခဲ့ရာမှ ပျောက်ဆုံးသွားသောမိန်းကလေးများတွင် တူညီသောအချက်တစ်ချက်ကို တွေ့ရှိခဲ့ရလေသည်။

၎င်းအချက်မှာ ထိုပျောက်ဆုံးသွားသော မိန်းကလေးများသည် ပျောက်ဆုံးသောနေ့တွင် ပန်းနုရောင်အင်္ကျီ၊ (သို့မဟုတ်)

ပန်းနုရောင် ဘောင်းဘီ၊ (သို့မဟုတ်) ပန်းနုရောင် ခေါင်းစီး များ ဝတ်ဆင်ထားသည်ကို တွေ့ရှိရလေသည်။

သူမ၏ စုံစမ်းလေ့လာသည့် လုပ်ငန်းမှာ လုပ်ရိုးလုပ်စဉ်ဖြစ်နေသော်လည်း သူတို့သည် မြို့ကလေးသို့ ပြန်လည် ရောက်ရှိလာသောအခါ ညနေဆည်းဆာအချိန်သို့ပင် ရောက်ရှိလာလေတော့သည်။

စိန်ခေါ်ခြင်း

( ၁ )

ယင်းဖုံးသည် ရုံးခန်းထဲသို့ လှမ်းဝင်လိုက်သည်နှင့်အာကာသားဝတုတ်က စိတ်ခေတ်တက်ကြွစွာဖြင့် ကြိုဆိုလိုက်လေ၏။

'ခင်ဗျားကို မျှော်နေလိုက်တာဗျာ'

ယင်းဖုံးက ကုလားထိုင် တစ်လုံးပေါ်သို့ ဝင်ရောက်ထိုင်ချလိုက်သည်။

'ဘာများအရေးကြီးတဲ့ ကိစ္စရှိလို့လဲ'

အာကာသားဝတုတ်က...

'ရှမ်းရှမ်းရဲ့သတင်း ရထားလို့ပါ'

ယင်းဖုံး မျက်မှောင်ကုတ်သွားသည်။

'ဟုတ်လား၊ အခု ရှမ်းရှမ်းဘယ်မှာလဲ'

အာဏာသားဝတုတ်က....

'ငွေ (၅) သောင်းပေးရင် ရှမ်းရှမ်းဟာ ဘေးမှသီရန်မခဲ့ဘဲ ပြန်ရောက်လာလိမ့်မယ်လို့ သိရပါတယ်'

'ဟုတ်လား'

ယင်းဖုံးက စဉ်းစားရင်း မေးလိုက်လေသည်။

'ဒီသတင်း ရှင်ဘယ်က ရလာတာလဲ'

'စာတစ်စောင်ရောက်လာလို့ပါ'

အာဏာသားဝတုတ်သည် စာတစ်စောင် ထုတ်ယူလိုက်ပြီး ယင်းဖုံးအား လှမ်းပေးလိုက်လေသည်။

ယင်းဖုံးသည် စာအိတ်ထဲမှ စာရွက်ကိုဆွဲထုတ်၍ ဖြန့်ကြည့်လိုက်သည်။

စာအိတ်ပေါ်၌

ဖန်ရှမ်းမြို့ လုံခြုံရေးခန်းမှတဆင့် ထောက်လှမ်းရေးမှူးယင်းဖုံးပေးပါ။

ယင်းဖုံးက စာကိုဖတ်လိုက်လေသည်။



'ယင်းဖုံး၊ ခင်ဗျားကို အရေးကြီးတဲ့ သတင်းတစ်ခု ပြောပြပါ့မယ်၊ ရှမ်းရှမ်းကို ကျုပ်တို့ကလျှို့ဝှက်တဲ့နေရာတစ်ခုမှာကောင်းမွန်စွာ စောင့်ရှောက်ထားပါ့မယ်၊ အကယ်၍သာ ဒီကိစ္စကို အရေးမယူတော့ပဲ ကျုပ်တို့ကို ငွေ(၅) သောင်းပေးမယ်ဆိုရင် ရှမ်းရှမ်းကို ဘေးမသီရန်မခပဲ ပြန်လွှတ်လိုက်ပါမယ်'

ယင်းဖုံးက ဆက်၍ ဖတ်သည်။

'ခင်ဗျားဟာ မိန်းကလေး တစ်ယောက်ဖြစ်ပေမယ့် ကတိတည်တယ်လို့ ကြားသိရပါတယ်၊ တကယ်လို့ ခင်ဗျားမှာငွေ(၅)သောင်း မရှိသေးဘူးဆိုရင် အရေးမကြီးပါဘူး၊ ကျုပ်တို့တင်ပြတဲ့အချက်အလက်ကို သဘောတူရင် ပြီးတာပါပဲ'

ယင်းဖုံးက စာဖတ်ရင်း မျက်မှောင် ကုတ်သွားလေသည်။

'ခင်ဗျားကသဘောတူမယ်ဆိုရင်မနက်ဖြန် မိုးမချုပ်ခင်နဂါးဘုံကျောင်းရဲ့ အလံတိုင်ပေါ်မှာ သဘောတူတယ်ဆိုတဲ့စာလုံးကို ပိတ်ဖြူနဲ့ရေးပြီး အလံတိုင်ထိပ်မှာ ဆွဲထားပါ'

ယင်းဖုံးက မဲ့ပြုံး ပြုံးလိုက်သည်။

'တော်တော် စိတ်ကူးယဉ်တဲ့လူတွေ'

သူသည် ဆက်၍ ဖတ်လိုက်သည်။

'နောက်ပြီး သဘော တူပါတယ်ဆိုတဲ့ စာလုံးကြီး ရေးထားမီးပုံးအိမ်ကို ထွန်းညှိထားရမယ်၊ အကယ်၍ သဘောတူခဲ့ရင်ရှမ်းရှမ်းကို ချက်ချင်း ပြန်လွှတ်ပါမယ်။ ငွေ(၅)သောင်းကိုတော့နောက်မှ အေးအေးဆေးဆေး ပေးလို့ရပါတယ်'

ယင်းဖုံးသည်ဆက်၍ ဖတ်လိုက်သည်။

'တကယ်လို့မနက်ဖြန်မိုးချုပ်တဲ့အထိနဂါးဘုံကျောင်း ကအလံတိုင်ထိပ်မှာ မီးပုံးအိမ်မှာ သဘောတူတဲ့ စာကို ရေးမထားရင် ခင်ဗျားတို့ဟာကျုပ်တို့တောင်းဆိုချက်ကို လုံးဝ လက်မခံဘူးဆိုတဲ့ သဘောလို့ပဲ မှတ်ယူပါမယ်၊ တကယ်လို့ ခင်ဗျားတို့သဘောမတူဘူးဆိုရင် ရှမ်းရှမ်းကို ချုပ်ထားတဲ့ တဲအိမ်ကို မီးရှို့လိုက်ပါမယ်၊ အဲဒါကို သေသေချာချာစဉ်းစားပြီးမှ ဆုံးဖြတ်ဖို့ တိုက်တွန်းလိုက် ပါမယ်'

* * *



ယင်းဖုံးသည် ထိုစာကိုဖတ်ရှု့ပြီးနောက် အတန်ကြာ တွေဝေသွားလေသည်။

သူမသည်စာရွက်အား သေသေချာချာ ကြည့်ရှုသည်။ အနံ့ကိုလည်း ခံကြည့်လေသည်။

ထိုစာရွက်၏ ယာဘက်ထောင့်တွင် အဝါရောင်ရေစက် ကလေး စွန်းနေသည်ကို တွေ့ရလေသည်။

စာရွက်ပေါ်မှလည်း ဆီတစ်မျိုး၏ အနံ့ရှိနေသည်ကို တွေ့ ရလေသည်။

'ဒီစာကို ဘယ်ကရတာလဲ'

သူမက ဝတုတ်ကား မေးလိုက်သည်။

ဝတုတ်က....

'ဒီစာကို ကျောက်တုံးတစ်တုံးနဲ့ ထုပ်ပြီး လမ်းမဘက်က နေပြီး အခန်းထည်းပစ်သွင်းလိုက်တာ'

'ပစ်တဲ့လူကို မတွေ့ဘူးလား'

'ကျုပ်က စာကောက်ဖတ်ပြီးမှ အပြင်ပြေးထွက်ရှာကြည့် သေးတယ်၊ စာပစ်သွားတဲ့လူကို မတွေ့ရတော့ဘူး'

8 တ်င်းဖုံးက ပြုံးလိုက်သည်။

'စာဖတ်ပြီးမှဆိုရင် ဘယ်မီတော့မှာလဲ'

ဝတုတ်က ခေါင်းကုတ်လိုက်သည်။

'ဟုတ်သားပဲ'

ယင်းဖုံးက....

စာကိုထုတ်တဲ့ ကျောက်တုံးကော၊ ကျွန်မကိုပြပါ'

ဝတုတ်သည် စာပွဲပေါ်မှ ကျောက်တုံးတစ်တုံးကို ယူ၍ ပြလိုက်လေသည်။

ရိုးရိုး ကျောက်တုံးတစ်တုံး ဖြစ်သည်။

သို့သော် ဆီတစ်မျိုး၏ အနံ့ ထွက်နေ၏။

ယင်းဖုံးက စာခဏကြာကြာကြည့်ပြီး စာပွဲပေါ်သို့ ပြန်ထား လိုက်လေသည်။

ဝတုတ်က....

'ဒါနဲ့ ဒီကိစ္စ ခင်ဗျားဘယ်လိုသဘောရသလဲ'

ယင်းဖုံးက ပြတ်သားစွာပြောလိုက်သည်။

'သူတို့ကို ကျွန်မဘယ်နည်းနဲ့မှ အညံ့မခံဘူး'

ဝတုတ်က မျက်မှောင်ကုတ်သွားသည်။



'သူတို့ပြောတဲ့အတိုင်းလက်မခံရင် ရှမ်းရှမ်း ဒုက္ခရောက်သွားနိုင်မယ်ထင်တယ်'

ယင်းဖုံးက....

'ကျွန်မတို့ သွားကယ်ရမှာပေါ့'

ဝတုတ်က....

'ရှမ်းရှမ်း ဘယ်မှာချုပ်ထားတယ်ဆိုတာ သိလို့လား'

ယင်းဖုံးက ခေါင်းခါယမ်းလိုက်သည်။

'မသိဘူး'

'ဒါဖြင့် ရှမ်းရှမ်းကို တကယ်မီးရှို့လိုက်ရင် ဘယ်နှယ့်လုပ်မလဲ'

ယင်းဖုံးက အဖြေမပေးပဲ ပါးစပ် ပိတ်ထားလိုက်လေသည်။

ဝတုတ်လည်း ဆက်၍မပြောတော့ပဲ တိတ်ဆိတ်နေလိုက်လေသည်။

ယင်းဖုံးက စကားဆက်လိုက်ပြန်သည်။

'ကျွန်မကို ပန်းနုရောင် အင်္ကျီတစ်ထည်နဲ့ ပန်းနုရောင် ဘောင်းဘီတစ်ထည် ဝယ်ပေးပါ'

ဝတုတ်က....

'ခင်ဗျား ရုပ်ဖျက်မလို့ ဟုတ်လား'

'ဟုတ်တယ်'

ရှမ် ရှမ်းကို သွားကယ်မလို့လား'

ယင်းဖုံးက ခေါင်းခါယမ်းလိုက်သည်။

'မဟုတ်ဘူး'

'ဒါဖြင့် ဘယ်သွားမလို့လဲ'

'ကျားကြီးကို သွားဖမ်းမလို့'

သူမက ပြုံးလိုက်သည်။

'ဒီကနေ့ည ကျွန်မက ကျားကြီးကို မိအောင်ဖမ်းမယ်'

ဝတုတ်မျက်နှာ ကွက်ခနဲ ပျက်သွားလေသည်။

'ဖြစ်ပါ့မလားဗျာ၊ တော်ကြာသူ့ကို မဖမ်းမိပဲ သူက ခင်ဗျားကို ဖမ်းသွားမှာ'

ယင်းဖုံးက ပြုံးလိုက်သည်။

'ဒါကတော့ သူကကျွန်မကိုဖမ်းချင်ဖမ်း၊ နို့မဟုတ်ရင် ကျွန်မက သူ့ကိုဖမ်းမှာပဲ'

သူမက ငွေတုံးကလေးတစ်တုံး ထုတ်ပေးလိုက်သည်။



'ကဲ....အင်္ကျီနဲ့ ဘောင်းဘီ သွားဝယ်ပေးပါ၊ ပန်းနုရောင်ဆိုတာ မမေ့လိုက်နဲ့'

'စိတ်ချ၊ မမေ့ပါဘူး'

ဝတုတ်သည် ငွေတုံးကလေးယူ၍ အပြင်သို့ ထွက်ခွာသွားလေတော့သည်။

●

## ထောင်ချောက်

ည....

ကြယ်လေးများသည် ကောင်းကင်တစ်ခုလုံး ပြည့်လျက်၍ နေလေသည်။

ရဲတိုက်၏ အနောက်ဘက်တောအုပ်အနီးရှိ မြေနီလမ်းပေါ် တွင် မိန်းကလေးတစ်ယောက်သည် ကျောက်တုံးတစ်တုံးပေါ်၌ အနားယူနေ၏။

ထိုမိန်းကလေးသည် တောအုပ်အားကျောပေး၍ထိုင်နေခြင်း ဖြစ်သည်။ သူမ၏အနီးတွင် မီးပုံးအိပ်တစ်လုံးချထားလေ၏။

မီးရောင်ကြောင့် ထိုမိန်းကလေး၏ကိုယ်ပေါ်၌ ပန်းနုရော် အဝတ်အစားများ ဝတ်ဆင်ထားသည်ကို တွေ့မြင်နိုင်ပေ၏။



ဝူးရားနှင့် ဝတုတ်တို့သည် ရဲတိုက်၏နံရံပေါ်၌ ဝပ်၍ ထို မိန်းကလေးအား အဝေးမှ လှမ်းကြည့်နေကြ၏။

အချင်းကလည်း ဝူးရား၏ အပြာရောင်အင်္ကျီ ဝတ်ဆင်ကာ ဝူးရား၏အနီးတွင် စောင့်နေသည်။

သူမတို့သည် စိုးရိမ်သော စိတ်ထားများဖြင့် စောင့်နေရခြင်း ဖြစ်လေသည်။

အာဏာသားဝတုတ်က....

'ယင်းဖွဲ့က ပန်းနုရောင်ဆင်တူဝတ်ထားတာ၊တကယ့်တော့ သူမကျနေတာပဲ'

'ဝတုတ်'

ဝူးရားက အသံတိုးတိုးဖြင့် ခေါ်လိုက်လေသည်။

'ဘာလဲ'

'မမကမှာခဲ့တယ်'

'ဘာတွေမှာခဲ့တာလဲ၊'

'သူ့မှာ ဘယ်လိုအန္တရာယ်နဲ့ပဲ ကြုံရကြုံရ မအော်ရဘူးလို့'

ဝတုတ် မျက်မှောင်ကြုတ်သွား၏။

'သူ့ကို ကျားကြီးကဖမ်းသွားရင်ကော'

ဝူးရားက....

'ဒါတော့ သူကဘာမှမပြောဘူး

ဝတုတ်က....

'ကျားကြီးက သူ့ကိုဖမ်းသွားရင် ကျုပ်တို့ ဝင်မကယ်ရဘူးလားဗျာ'

ဝူးရားက ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်'

'ဒါဖြင့် ဒီအတိုင်း လက်ပိုက်ကြည့်ရမှာလား'

ဝူးရားက....

'ကျွန်မလဲ မပြောတတ်ဘူး'

ဝတုတ်က....

သူ့မှာ ဘာလက်နက်ပါသေးသလဲ'

ဝူးရားက....

'မသိဘူး၊ မမတစ်မနက်လုံး အခန်းတံခါးပိတ်ပြီး ဘာလုပ်နေမှန်းမသိဘူး'

ဝတုတ်က....

'တန်တော့ ကျားကြီးရဲ့ မှော်အတတ်ပညာကိုဖြိုခွဲဖို့ ကြိုတင်ပြင်ဆင်နေတာနဲ့တူတယ်'

ဝူးရားက....



'ဟုတ်မှာပေါ့'

ဝတုတ်က သက်ပြင်းတစ်ချက်ချလိုက်၏။

'ယင်းဖုံးရဲ့သတ္တိကိုတော့ ချီးကျူးပါတယ်ဗျာ'

* * *

ဝူးရား၊ ဝတုတ်နှင့် အချင်းတို့သုံးယောက်သည် နံရံပေါ်၌ ဝပ်၍ စောင့်ကြည့်နေကြ၏။

အချိန်သည် တရွေ့ရွေ့ဖြင့် ကုန်ဆုံးသွားလေ၏။

ယင်းဖုံးသည် မလှုပ်မယှက် ထိုင်နေ၏။ အနည်းငယ်မျှမရွေ့လျားပါ။

ဤသို့ဖြင့် သူတို့အတန်ကြာ စောင့်ကြည့်နေရာမှ ရုတ်တရက် လူရိပ်တစ်ခုသည် တောအုပ်ထဲမှ တိတ်တဆိတ် ထွက်ပေါ်လာလေသည်။

ဝူးရားသည် အသံမထွက်စေရန် ပါးစပ်အား လက်ဝါးဖြင့် အုပ်လိုက်၏။

အချင်းနှင့်ဝတုတ်တို့ကလည်း ထိတ်လန့်သွားကြလေသည်။

ထိုလူရိပ်သည် တဖြေးဖြေးနှင့် မိန်းကလေး ထိုင်နေသော ဘေရာသို့ရွှေ့လျားလာလေ၏။

'ဟိုမှာ ကျားကြီးမဟုတ်လား'

ဝတုတ်က ဝူးရား၏အင်္ကျီစကိုဆွဲ၍ပြောလိုက်သည်။

ဝူးရားက....

'ဟုတ်မယ်၊ ကျားကြီးပဲထင်တယ်'

ဝတုတ်က....

'အော်ပြီးသတိပေးမှဖြစ်မယ်ထင်တယ်'

ဝူးရားက....

'မမက မအော်ရဘူးဟို့မှာထားတယ်'

အချင်းက....

'ဟော....ဟော....မမကိုဖမ်းမိတော့မယ်'

ဝတုတ်မနေနိုင်တော့ပါ။ သူသည် အသံကျယ်လောင်စွာဖြင့် အော်လိုက်လေသည်။

* * *



'ကျားကြီးနောက်မှာရောက်နေပြီ'

ဝတုတ်၏အသံသည် တောတောင်တစ်ခုလုံးသို့ ပျံ့နှံ့သွားလေတော့သည်။

ထိုလူရိပ်သည် အသံကြားလိုက်ရသောအခါ ရှေ့သို့ခုန်လိုက်ပြီး ယင်းဖုံးအား လျှပ်တစ်ပြက်ဝင်ရောက်ဖမ်းဆီးလိုက်လေ၏။

ထို့နောက် တောအုပ်ဘက်သို့ ခေါ်ဆောင်သွားလေ၏။

'ယင်းဖုံးကို ဖမ်းသွားပြီ'

အချင်း၏ ထိတ်လန့်တုန်လှုပ်သောအသံဖြစ်သည်။

'လိုက်....လိုက်....'

ဝူးရားက နံရံပေါ်မှခုန်ချလိုက်သည်။

သူမသည် လူရိပ်နောက်သို့ ပြေးလိုက်သွားလေသည်။

ဒုတိယ နံရံပေါ်မှ ခုန်ချလာသောလူမှာ ဝတုတ် ဖြစ်သည်။

သူသည် ဝူးရားနောက်မှ ထက်ချပ်မကွာ လိုက်သွားလေသည်။

အချင်းမှာမူ နံရံပေါ်မှမခုန်ရဲသဖြင့် ကျန်ရစ်ခဲ့လေသည်။

* * *

လူရိုပ်သည် ယင်းဖုံးအား ပွေ့ချီကာ တောအုပ်ထဲသို့ ပြေးဝင်သွားလေသည်။

ဝူးရားက နောက်မှလိုက်၍ ပြေးဝင်သွားသည်။

လူရိုပ်သည် ဝူးရားကတောအုပ်ထဲ ဝင်ရောက်လာသည်နှင့် ရုတ်တရက် လက်သီးတစ်လုံးဖြင့် ဝူးရားအား ထိုးသွင်းလိုက်လေသည်။

မမျှော်လင့်ဘဲ ခံလိုက်ရသဖြင့်....

'ဝုန်း'

ဝူးရား၏ ခန္ဓာကိုယ်သည် အဝေးသို့လွင့်စဉ်သွားလေသည်။

မိန်းကလေးသည် တောအုပ်အား ကျောပေးထားသောကြောင့် လူရိုပ်ကသူမထံ ချဉ်းကပ်လာနေသည်ကို မသိပါ။

ဝတုတ် ရင်ထိတ်သွားသည်။

'ဟော....ဒုက္ခပါပဲ၊ ကျားကြီးသူ့နောက် ရောက်နေတာကို သူမသိဘူးထင်တယ်'

ဝူးရားက....

'မမက လျှင်ပါတယ်၊ သိမယ်ထင်တယ်'

ထိုစဉ်....

လူရိုပ်သည် မိန်းကလေး၏ နောက်ဘက်သို့ တဖြည်းဖြည်းနီးကပ်လာလေသည်။



သို့သော် ယင်းဖုံးမှာမူ လုံးဝလှုပ်ရှားခြင်းမရှိပဲ ကျောက်ရုပ်ပမာထိုင်နေ၏။

ဝတုတ်က စိုးရိမ်သွားသည်။

'ကျားကြီး သူ့နောက်မှ ရောက်နေတာ မသိဘူး ထင်တယ်'

အချင်းကလည်း စိုးရိမ်သွားသည်။

'ဟုတ်တယ်'

'ဒုက္ခပါပဲ၊ မမက ဘာဖြစ်လို့ ငြိမ်နေရတာလဲ'

ဝူးရားကလည်း ထိတ်ထိတ်ပျာပျာ ဖြစ်သွားလေသည်။

အချင်းက ထိတ်လန့်သောအသံဖြင့်....

'ကြည့်စမ်း၊ ကျားကြီးက မမကိုဖမ်းဖို့ လက်မဲကြီး ဆန့်ထုတ်နေပြီ'

ဟုတ်ပါ၏။

လူရိုပ်၏လက်တစ်ဘက်သည် ယင်းဖုံး၏လည်ဂုတ်သို့တဖြည်းဖြည်း ရောက်ရှိနေ၏။

သို့သော် ယင်းဖုံးက လုံးဝသိပုံမရပါ။

'ခက်တာပဲဗျာ၊ ယင်းဖုံးက မသိသေးဘူးထင်တယ်'

ဝတုတ်က အသံတိုးတိုးဖြင့် ညည်းညူနေ၏။

အချင်းက....

'မမဘာဖြစ်လို့ လုံးဝမလှုပ်တာလဲ'

ဝတုတ်က....

'ဟုတ်ပြီ၊ ကျားကြီးရဲ့ မှော်အတတ်နဲ့ အိပ်ငွေ့ချလိုက်ပြီနဲ့တူတယ်'

အချင်းက ထိတ်ထိတ်ပျာပျာ ဖြစ်သွားလေသည်။

'ဒါဖြင့် ဘယ်လိုလုပ်ကြမလဲ'

ဝတုတ်ပြေးဝင်လာသောအခါ လူရိပ်က ဆက်လက် ပြေးသွားလေသည်။

'ခင်ဗျား ဘာဖြစ်သွားသေးလဲ'

သူက ဝူးရားအား ဖေးမရင်း မေးလိုက်သည်။

ဝူးရား မျက်နှာရှုံ့မဲ့သွားသည်။

'သူ့လက်သီး တစ်လုံးမိသွားတယ်၊ မစားသာဘူး'

'ကဲ....မြန်မြန် လိုက်သွားကြမယ်'

သူတို့နှစ်ယောက်သည် ရှေ့သို့ ဆက်လက် ပြေးလိုက်သွားလေသည်။

*　*　*



လူရိပ်သည် ယင်းဖုံးအား ပွေ့ချီ၍ ဆက်လက် ပြေးသွားသည်။

မကြာမီ သူသည် အလွန်ကြီးမားသော ကျောက်ပြားတစ်ခုရှေ့သို့ ရောက်ရှိသွားလေသည်။

ထိုကျောက်ပြားလေး၏ လေးဘက်လေးတန်တွင် တစ်ပေပတ်လည်ခန့်ရှိသော ကျောက်ပြားများဖြင့် ခင်းထားသော မြေကွက်လပ် ဖြစ်လေသည်။

လူရိပ်သည် ထိုနေရာသို့ ရောက်ရှိလာသောအခါ ကျောက်ပြားတစ်ခုအား ရှေ့လျှောလိုက်ပြီး ခြေထောက်ဖြင့် အခြားကျောက်ပြားတစ်ခုပေါ်သို့ နင်းချလိုက်လေသည်။

ရုတ်တရက် အလွန်ကျယ်ဝန်းသော ကျောက်ပြားတစ်ချပ်က ထောင်တက်လာလေသည်။

ကျောက်ပြား ထောင်နေသောနေရာတွင် မြေအောက်သို့ ဆင်းရန် မြေအောက်လမ်းတစ်ခု ဖြစ်နေသည်ကို တွေ့ရလေသည်။

ထိုလူရိပ်သည် ယင်းဖုံးအား ပွေ့ချီ၍ မြေအောက်လမ်းထဲသို့ ဆင်းရန် ဟန်ပြင်နေစဉ် ရုတ်တရက် လူတစ်ယောက်က အလစ်ပြေးဝင်လာပြီး ခြေထောက်ဖြင့် လူရိပ်၏ ခါးသို့ အားကုန်ကန်ထည့်လိုက်လေသည်။

'အား'

ထိုလူက အသံကျယ်လောင်စွာဖြင့် ညည်းညူရင်း တဖြည်းဖြည်း လှည့်ကြည့်လိုက်လေသည်။

သူသည် ပွေ့ချီထားသော ယင်းဖုံးအား မြေပေါ်သို့ လွှတ်ချလိုက်သည်။

ထို့နောက် ထိုလူအား တိုက်ခိုက်လိုက်လေသည်။

ထိုလူသည် ပိန်ပိန်သွယ်သွယ်ဖြစ်သည်။

တိုက်ခိုက်ရာ၌ အလွန် ဖျတ်လတ်သည်။

ကျားကြီး၏ လက်သီးမှာ အလွန်ကြီးမားပြီး ပြင်းထန်လှသည်။

သူ၏ တိုက်ခိုက်မှုမှာလည်း ကြောက်မက်ဖွယ်ရာကောင်းလှပေသည်။

သို့သော် ထိုလူမှာ ကျားကြီးတိုက်ခိုက်သောအခါ ကျားကြီး၏ ပြင်းထန်သော တိုက်ခိုက်မှုကို ရှောင်တိမ်းရင်း တစ်ချက်တစ်ချက် ပြန်လည် တိုက်ခိုက်လိုက်လေသည်။

ဤသို့ဖြင့် သူတို့သည် တစ်ယောက်တစ်ပြန် တိုက်ခိုက်လေတော့သည်။

* * *



တိုက်ပွဲက သိပ်မကြာလှပါ။

ထိုလူရိုင်က ပထမအချိန်တွင် အလစ်တိုက်ခိုက်ထားသဖြင့် ကျားကြီးမှာ ဒဏ်ရာရနေပြီ ဖြစ်သည်။

အချိန်ကြာစွာတိုက်ခိုက်လာသောအခါ ကျားကြီး၏လှုပ်ရှားမှုမှာ တဖြည်းဖြည်း နှေးကွေးလာလေသည်။

ထိုလူသည် မိမိအဖို့ အခြေအနေပေးသည်ကို တွေ့ရသဖြင့် ဖိ၍ တိုက်ခိုက်လိုက်သည်။

ကျားကြီးက တဖြည်းဖြည်း မဟန်ဘဲဖြစ်သွားလေသည်။

'ဝုန်း....'

ထိုလူသည် ရုတ်တရက် လေထဲသို့ ခုန်လိုက်ပြီး ကျားကြီး၏ ရင်ဝသို့ ခြေထောက်နှစ်ဖက်ဖြင့် စုံကန်လိုက်လေသည်။

'အင့်....'

ကျားကြီး၏ ခန္ဓာကိုယ်သည် နောက်သို့ ယိမ်းယိုင်သွားလေသည်။

သူသည် ခန္ဓာကိုယ်ကို ပြန်လည် မတ်လိုက်သောအခါ ထိုလူ၏ ခြေထောက်နှစ်ဖက်သည် ဒုတိယအကြိမ် စုံကန်လိုက်ပြန်လေသည်။

'အင့်....'

ဤတစ်ကြိမ် ကျားကြီး၏ ခန္ဓာကိုယ်သည် နောက်သို့ ယိုင်သွားပြီး ခြေလှမ်း သုံးလေးလှမ်းခန့် ဆုတ်သွားပြီးမှ ကိုယ်ရှိန်ကို ထိန်းလိုက်လေသည်။

သူသည် ကြိုးစား၍ ခန္ဓာကိုယ် ပြန်မတ်လိုက်သောအခါ ထိုလူ၏ ခြေထောက်နှစ်ဖက်သည် ထပ်မံ ရောက်ရှိလာပြန်လေသည်။

'ဝုန်း....'

ကျားကြီး၏ ကြီးမားသော ခန္ဓာကိုယ်သည် မြေပေါ်သို့ ဝုန်းခနဲ လဲကျသွားလေသည်။

* * *

ဝူးရားသည် ရှေ့ဆုံးမှ ရောက်ရှိလာသည်။

သူမနောက်တွင် ဝတုတ်က ပြေးလိုက်လာနေ၏။

ဝူးရားသည် မြေပေါ်၌ လဲနေသော ပန်းနုရောင် ဝတ်ဆင်ထားသော မိန်းကလေးအား တစ်ချက်ကြည့်လိုက်သည်။



ထို့နောက် ကျားကြီးအား အလဲတိုက်ခိုက်သော လူကို လှမ်းကြည့်ပြန်လေသည်။

သူမ အလွန်အံ့သြသွားသည်။

'ဟင်....မမ၊ ဘာတွေဖြစ်ကုန်တာလဲ'

ကျားကြီးအား အလဲထိုး တိုက်ခိုက်သောလူမှာ ယင်းဖုံး ဖြစ်လေသည်။

မြေပေါ်လဲနေသော မိန်းကလေးမှာ အဝတ်ဖြင့် မိန်းကလေး၏ ပုံသဏ္ဌာန်ပြုလုပ်ထားသော အတုပင် ဖြစ်နေ၏။

ယင်းဖုံးက ပြုံးလိုက်သည်။

'အဲဒါက မမက ကြိုတင်လုပ်ထားတဲ့ လူပုံပါ'

သူသည် ပြုံး၍ စကားဆက်လိုက်သည်။

'သူ့ရဲ့ခေါင်းကိုလည်း ပန်းနုရောင်ပဝါအုပ်ထားပြီး ညဘက်မှာ မီးရောင်နဲ့ဆိုတော့ အဝေးကကြည့်ရင် တကယ့်လူနဲ့ တူတာပေါ့'

ဝူးရား ခေါင်းညိတ်လိုက်သည်။

'မမ တစ်မနက်လုံး အခန်းတံခါးပိတ်ပြီး ဒီအရုပ်ကို လုပ်နေတာကိုး'

ယင်းဖုံး ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်'

ဝူးရားက လဲကျနေသော ကျားကြီးအား တစ်ချက်ကြည့်လိုက်သည်။

'ကျားကြီးကော သေသွားပြီလား'

ယင်းဖုံး သက်ပြင်းချလိုက်လေသည်။

'ဟုတ်တယ်၊ သေသွားပြီနဲ့တူတယ်'

သူမက စကားဆက်လိုက်ပြန်သည်။

'မမက စိုးရိမ်လွန်သွားတာနဲ့ တိုက်ခိုက်တဲ့နေရာမှာ လက်လွှတ်သွားတယ်'

ဝူးရား မျက်မှောင်ကြုတ်သွားသည်။

'သူ အသက်ပြန်ရှင်လာနိုင်ပါ့မလား'

ယင်းဖုံးက ခေါင်းခါယမ်းလိုက်သည်။

သူမက စကားဆက်လိုက်ပြန်သည်။

'မမကသာ သူ့ကို စစချင်း အပြတ်တိုက်ခိုက်မှုမပြုခဲ့ရင် သူ့ကို နိုင်ဖို့ဆိုတာ မလွယ်ဘူး'

ဝူးရားက....

'အခု ကျွန်မတို့ ဘာဆက်လုပ်ကြမလဲ'

ယင်းဖုံးက....



'တို့ မြေအောက်ကို ဆင်းသွားကြမယ်'

ဝူးရားက....

'ကျားကြီးအလောင်းကော'

ယင်းဖုံးက....

'သူ့ကိုပါ တစ်ခါတည်း မြေအောက်ကို ဆွဲချသွားပါ'

* * *

## လျှို့ဝှက်မြေအောက်လမ်း

### (၁)

ယင်းဖုံးသည် လှေကားထစ်အတိုင်း အောက်သို့ဆင်းသွား
လေသည်။

သူမ၏နောက်တွင် ဝူးရားက လိုက်ဆင်းနေ၏။

သို့သော် သူက တစ်ယောက်တည်းဆင်းသွားခြင်းမဟုတ်ပါ။ ကျားကြီး၏ အလောင်းကိုပါ ဆွဲ၍ဆင်းလာနေ၏။

ယင်းဖုံးသည် လှေကားထစ်(၂၀)ခန့် ဆင်းလိုက်မိသော အခါ မှောင်မည်းနေသည်ကို တွေ့မြင်ရလေသည်။



သူမသည် ခြေလှမ်းရပ်တန့်လိုက်ပြီး မီးခြစ်ထုတ်၍ ခြစ်လိုက်သည်။ မီးရောင်လင်းလာသဖြင့် သူမတို့ ရောက်ရှိနေသည့်နေရာမှာ မြေအောက်လိုဏ်ခေါင်းလမ်းတစ်ခု ဖြစ်သည်ကို တွေ့ရှိရလေသည်။

သူမသည် မီးခြစ်ကို မြှောက်ထားပြီး ရှေ့ကို ဆက်၍ လျှောက်သွားသည်။ ထိုမြေအောက်လမ်းသည် ကျောက်တုံးများဖြင့် တည်ဆောက်ထားသော မြေအောက်လမ်းဖြစ်သည်ကို တွေ့ရလေသည်။

ထို့ပြင် သူတို့သည် ခြေလှမ်း(၁၀၀)ခန့် လျှောက်သွားသောအခါ မြေအောက်၌ တည်ဆောက်ထားသော အခန်းများကို တွေ့မြင်လိုက်ရလေသည်။

ဝူးရားသည် ကျားကြီး၏ ကြီးမားသော ခန္ဓာကိုယ်ကို သယ်ဆောင်နေရသဖြင့် မောဟိုက်နေ၏။

'မမ....ဒီအလောင်းကို ဘယ်အထိ သယ်သွားရမှာလဲ'

ယင်းဖုံးက ပြုံးလိုက်သည်။

'အဲဒီ အခန်းထဲမှာ ခဏထားခဲ့ပါ။

ဝူးရားသည် ကျားကြီး၏ အလောင်းကို အခန်းထဲသို့ သွားရောက်ချထားလိုက်လေသည်။ယင်းဖုံးမှာမူ မီးခြစ်ကို နောက်ထပ်ခြစ်၍ရှေ့သို့ ဆက်၍ လျှောက်သွားသည်။

ဦးရှားက ကျားကြီးအလောင်းကို တစ်ချက်ကြည့်လိုက်ပြီး ယင်းဖုံးနောက်သို့ ပြေးလိုက်သွားလေသည်။

* * *

ယင်းဖုံးသည် ရွှေ့သို့ ခြေလှမ်း(၁၀၀)ခန့် လျှောက်လာမိသောအခါ သူတို့ရှေ့မှာ လမ်းမရှိတော့ဘဲ အုတ်နံရံက ပိတ်ဆို့ထားနေသည်ကို တွေ့ရလေသည်။

သူမ မျက်မှောင်ကုတ်သွားသည်။ မီးခြစ်ဖြင့် နံရံများကို ကြည့်ပြီး လက်တစ်ဘက်ဖြင့် စမ်းသပ်နေ၏။

ဦးရှားက စိတ်ဓာတ်ကျသွားသည်။

'မမ-ထွက်ပေါက်မရှိတော့ဘူး၊ ဟုတ်လား'

ယင်းဖုံးက ခေါင်းညိတ်ပြလိုက်သည်။

'ဟုတ်တယ်'

ဦးရှားက....

'ဒါဖြင့် အပင်ပန်းခံပြီး လုပ်မနေပါနဲ့၊ လာတဲ့လမ်းအတိုင်း ပြန်သွားရုံပေါ့'



ယင်းဖုံးက ခေါင်းခါယမ်းလိုက်သည်။

'ဘာပဲဖြစ်ဖြစ်၊ ဒီနေရာမှာတော့ အပေါ်တက်ဖို့ လျှို့ဝှက်လမ်းတစ်လမ်း ရှိရမယ်'

ဦးရှားက ပတ်ဝန်းကျင်သို့ ကြည့်လိုက်သည်။

'ရှိရင် တွေ့မှာပေါ့၊ အခုတော့ ဘာမှမတွေ့ရပါလား'

ယင်းဖုံးက စကားမပြောပါ။ သူသည် လက်တစ်ဘက်ဖြင့် နံရံပေါ်သို့ ရွှေ့လျားစမ်းသပ်၍ နေသည်။

* * *

မြေအောက်ခန်းတွင် စိုထိုင်းပြီး ပူစပ်ပူလောင်ဖြစ်နေ၏။

ယင်းဖုံး၏ နဖူးပေါ်တွင် ချွေးသီးချွေးပေါက်များ စီးဆင်းနေ၏။ ဦးရှား၏ တစ်ကိုယ်လုံးမှာ ချွေးများဖြင့် စိုရွှဲနေ၏။

ဦးရှားသည် မြေပေါ်သို့ ထိုင်ချလိုက်သည်။

'ဒီအတိုင်းသာ နေရမယ်ဆိုရင် ရေတော်လို့ သေကုန်ပါလိမ့်မယ်'

ယင်းဖုံးက ပြုံးလိုက်သည်။

'နောက်ကို ပြန်လျှောက်သွားရင် အပေါ်တက်ဖို့ အချိန်မရွေး ဖြစ်နိုင်တယ်ဆိုတာ မမသိပါတယ်၊ ဒါပေမယ့် ဒီနေရာမှာ တံခါးတစ်ခုရှိရမယ်လို့ မမယုံကြည်ထားတယ်'

ဝူးရားက မျက်မှောင်ကုတ်သွားသည်။

'မမက ရောက်ဖူးလို့လား'

'မရောက်ဖူးပါဘူး'

'မရောက်ရင် ဒီမှာ လျှို့ဝှက်တံခါးရှိတယ်ဆိုတာ ဘယ်လိုလုပ်သိမလဲ'

ယင်းဖုံး ပါးစပ်ပိတ်ထားလိုက်လေသည်။

* * *

အချိန်သည် တရွေ့ရွေ့ ကုန်ဆုံးနေ၏။

ယင်းဖုံးနှင့် ဝူးရားတို့သည် အလှန်ပူအိုက်နေသောကြောင့် ကိုယ်ပေါ်မှ အင်္ကျီမှာ ချွေးများဖြင့် စိုရွှဲနေလေသည်။ သို့သော်



သူမသည် ဇွဲမလျှော့သေးဘဲ နံရံများကို လက်နှစ်ဘက်ဖြင့် စမ်းသပ်ရှာဖွေနေသည်။

ဝူးရားက ပြုံးလိုက်လေသည်။

'ကဲ....ဒါထက်ကြာသွားရင် ကျုပ်အရင်ဆုံး ဒုက္ခရောက်နိုင်တယ်၊ဒါကြောင့် မမပါ တစ်ခါတည်း ခေါ်နေတာ'

ယင်းဖုံးက....

'ခဏ သည်းခံပါဦး၊ ကြာကြာမနေစေရပါဘူး'

ငူးရားက....

'ဘယ်လောက်ကြာကြာစောင့်ရမှာလဲ'

သူ၏စကားမဆုံးမီ....

'ဂျိမ်း ...'

ဟူသော အသံတစ်ခု ရုတ်တရက် မြည်ဟိန်းသွားလေသည်။

ယင်းဖုံးက လက်ဖြင့် စမ်းသပ်ရင်း ခလုတ်ကို စမ်းသပ်မိသွားသဖြင့် ခလုတ်နှိပ်လိုက်ခြင်း ဖြစ်လေသည်။

နံရံတစ်ခုသည် ဘေးသို့ ဖြည်းညှင်းစွာ ရွေ့လျားသွားသည်။

နံရံ၏အတွင်းဘက်၌ ကျောက်ဖြင့်ပြုလုပ်ထားသော လှေကားထစ်တစ်ခုအား တွေ့မြင်လိုက်ရလေသည်။

ယင်းဖုံးသည် လှေကားထစ်အတိုင်း တက်သွားသည်။

ဝူးရားကလည်း နောက်မှ ထပ်ကြပ်မကွာ လိုက်သွားသည်။

လှေကားထစ်ဆုံးသွားသည်နှင့် အိမ်ခန်းတစ်ခုထဲသို့ ရောက်ရှိနေသည်ကို တွေ့ရလေသည်။

ယင်းအခန်းသည် ကျားကြီးအား သော့ခတ်ပြီး အကျဉ်းချထားသော အခန်းပင် ဖြစ်လေသည်။

## ရှောင်ပေရုံမျှအကြံ

ညှော်ခန်းတွင် ယင်းဖုံးက ထိုင်နေ၏။

ဝူးရားမှာမူ ထုံးစံအတိုင်း မတ်တတ်ရပ်နေ၏။

အာဏာသားဝတုတ်သည် ယင်းဖုံးနှင့် မျက်နှာချင်းဆိုင် ကုလားထိုင်ပေါ်တွင် ထိုင်နေ၏။

အချင်းမှာမူ ယင်းဖုံး၏ နံဘေးတွင် ထိုင်နေလေသည်။

သူတို့သည် ဖြစ်ပျက်ခဲ့သော အမှုများကို ဆွေးနွေးနေကြ၏။

အာဏာသားဝတုတ်က....

'ဒါနဲ့ ကျားကြီး တကယ် သေသွားပြီ ဟုတ်ရဲ့လား'

ယင်းဖုံး ခေါင်းခါယမ်းလိုက်သည်။

'သူဘယ်တော့မှ ပြန်မရှင်လာနိုင်တော့ပါဘူး'

ဝတုတ်က....

'ဒါနဲ့ မြေအောက်ခန်းမှာ အဖမ်းခံထားတဲ့ ဖန်ကြည်ကြည်နဲ့ ရှမ်းရှမ်းတို့ မတွေ့ခဲ့ရပါလား၊ ကျားကြီးမသေခင် မေးဖို့ကောင်းပါတယ်'

ယင်းဖုံးက ပြုံးလိုက်သည်။

'ရှမ်းရှမ်းကို ဖမ်းသွားတာ ကျားကြီးမှ မဟုတ်ပဲ'

'ဒါဖြင့် ဘယ်သူလဲ'

'ရှောင်ပေရှုံ'

'ဗျာ....'

အာဏာသား ဝတုတ် အံ့သြသွားသည်။

'ရှမ်းရှမ်းကို ရှောင်ပေရှုံက ဖမ်းသွားတယ် ဟုတ်လား'

ယင်းဖုံးက ခေါင်းညိတ်လိုက်သည်။

'ဟုတ်ပါတယ်'

'သူက ဘာကြောင့် ရှမ်းရှမ်းကို ဖမ်းသွားရတာလဲ'

'သူက ဖမ်းချင်လို့ ဖမ်းတာမှ မဟုတ်ပဲ၊ လူမှားသွားလို့'



'သူက လူမှားသွားတယ် ဟုတ်လား'

'ဟုတ်တယ်၊ သူဖမ်းချင်တာက ဖန်ကြည်ကြည်ပါ'

ယင်းဖုံးက ဆက်၍ ရှင်းပြလိုက်လေသည်။

'အဲဒီမနက်တုန်းက ဖန်ကြည်ကြည်၊ ရှမ်းရှမ်းနဲ့ အချင်းတို့ ဖန်မိသားစု သင်းချိုင်းမြေသွားတဲ့အခါမှာ လက်ဘက်ရည်ဆိုင်တစ်ဆိုင်မှာ လောက်ဝမ်းကိုတွေ့ခဲ့တယ်လို့ အချင်းက ပြောပြခဲ့တယ် မဟုတ်လား'

အချင်းက ခေါင်းညိတ်လိုက်သည်။

'ဟုတ်ပါတယ်'

ယင်းဖုံးက ပြုံးလိုက်သည်။

'လောက်ဝမ်းက ရှောင်ပေရှုံလဲ လက်ဘက်ရည်ဆိုင်မှာရှိနေတယ်လို့ ပြောပြတယ် မဟုတ်လား'

အချင်းက....

'ဟုတ်ပါတယ်'

ယင်းဖုံးက....

'ဒါပေမယ့် ညီမတို့ ရောက်တဲ့အချိန်မှာ ရှောင်ပေရှုံကို မတွေ့ရတော့ဘူး မဟုတ်လား'

အချင်းက....

'ဟုတ်ပါတယ်'

ယင်းဖုံးက....

'ရှောင်ပေရှုံဟာ ဒုတိယအမွေရထိုက်တဲ့ လူတစ်ယောက် ဖြစ်တယ်၊ တကယ်လို့ ဖန်ကြည်ကြည် တစ်ခုခု ဖြစ်သွားရင် ဒီအမွေဟာ သူသာရထိုက်တယ် မဟုတ်သား'

ဝတုတ်က ခေါင်းညိတ်လိုက်သည်။

'ဟုတ်ပါတယ်'

ယင်းဖုံးက....

'ရှောင်ပေရှုံရဲ့ အခြေအနေကို ပြန်ကြည့်မယ်ဆိုရင် သူဟာ အလုပ်မလုပ်ပဲ ငွေကိုအချောင်လိုချင်တဲ့ လူတစ်ယောက် ဖြစ်တယ်ဆိုတာ ရှင်လဲ အကဲခတ်မိမှာပေါ့'

ဝတုတ်က ခေါင်းညိတ်လိုက်သည်။

'ဟုတ်ပါတယ်'

ယင်းဖုံးက....

'အဲဒီတော့ သူကဖန်ကြည်ကြည်တို့မှာ သင်းချိုင်းမြေသွားမယ်လို့ သိသွားတာနဲ့ မကောင်းတဲ့ အကြံအစည်တွေ လုပ်ဖို့ ဝန်မလေးတော့ဘူးပေါ့'

'ဟုတ်ပါတယ်'



ယင်းဖုံးက အနည်းငယ်စဉ်းစားလိုက်သည်။

'ကျွန်မ ကြားသိရတဲ့ အချက်အလက်များနဲ့ ဆက်စပ်ပြီး သေသေချာချာ စဉ်းစားကြည့်မယ်'

သူမက စကားဆက်လိုက်ပြန်သည်။

'အဲဒီမနက် ရှောင်ပေရှုံက ဖန်ကြည်ကြည်တို့လူစု သင်းချိုင်းမြေသွားမှာကို သူလိုက်တာနဲ့ လက်ဘက်ရည်ဆိုင်က အမြန်ဆုံးထွက်သွားပြီး သူ့အဖော်တစ်ယောက်နဲ့ သင်းချိုင်းမြေကို ဦးအောင်ရောက်သွားတာ ဖြစ်ရမယ်'

ဝတုတ် စိတ်ဝင်စားလာလေသည်။

'ဖန်ကြည်ကြည်တို့လူစုက သင်းချိုင်းမြေ ခြံဝင်းတံခါးဖွင့်ပြီး ဝင်သွားမိတာနဲ့ ရှောင်ပေရှုံနဲ့ အဖော်တစ်ယောက်က ပုန်းရာမှ ထွက်လာပြီး တံခါးကို အပြင်ကနေ ပိတ်လိုက်တာဖြစ်ရမယ်'

အချင်းက ခေါင်းညိတ်လိုက်လေသည်။

'ဟုတ်တယ်၊ အဲဒီတုန်းက ကျွန်မဖြင့် ကြောက်လိုက်တာ'

ယင်းဖုံးက စကားဆက်လိုက်လေသည်။

'တံခါး ပိတ်လိုက်တဲ့အတွက် ညီမတို့လဲ စိတ်ချောက်ချားလာမယ်၊ နောက်ပြီး အလင်းရောင်လဲ မရှိတော့ဘူး မဟုတ်လား'

အချင်းက....

'ဟုတ်ကဲ့၊ တံခါးပိတ်လိုက်တော့ နေရောင်မဝင်နိုင်လို့ မှောင်မည်းသွားပါတယ်'

ယင်းဖုံးက....

'အဲဒါ သူတို့ဆင်လိုက်တဲ့ ဉာဏ်နီဉာဏ်နက်တွေပေါ့'

အချင်းက....

'အဲဒီအချိန်မှာ အရိုးစု တစ်ခု....'

သူမ၏ စကားမဆုံးမီ ယင်းဖုံးက ကြားဖြတ်ပြောလိုက်လေသည်။

'အဲဒီအရိုးစုဟာ ရှောင်ပေရုံက အမည်းရောင်အဝတ်အစားကိုဝတ်ပြီး ဆေးရောင်တစ်မျိုးနဲ့ သုတ်လိမ်းထားတော့ အမှောင်ထဲက ကြည့်လိုက်ရင် အရိုးစုလို့ အထင်မှားတယ်'

ဝတုတ်က....

'ရှောင်ပေရုံက ဖန်ကြည်ကြည်ကို သတ်ဖို့ ကြံစည်ဘယ်ဟုတ်လား'

ယင်းဖုံးက ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်၊ ယင်းဖုံးသေသွားရင် လူသတ်တရားခံဟာ အရိုးစုဖြစ်တယ်လို့ပဲ ပြောကြမှာပဲ'



အချင်းက....

'ကျွန်မတို့ ကြောက်နေပေမယ့် ရှမ်းရှမ်းကတော့ မကြောက်ဘူး၊ အရိုးစုနဲ့ တိုက်ခိုက်လိုက်သေးတယ်'

ယင်းဖုံးက....

'ညီမလေးတို့ ပြောပြချက်အရ ညီမလေးတို့နောက်မှာ ထီးနဲ့ အဘိုးကြီးတစ်ယောက် ခြေရာခံလိုက်လာဘယ်လို့ မှတ်မိတယ်'

အချင်းက....

'ဟုတ်ပါတယ်၊ အဲဒီလူကို ဖန်ကြည်ကြည်က ကျားကြီးဖြစ်ရမယ်လို့ တပ်အပ်ပြောပါတယ်'

ယင်းဖုံးက ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်၊ အဲဒီလူက ကျားကြီး ရုပ်ဖျက်ထားတာဖြစ်ရမယ်'

သူမသည် စကားဆက်လိုက်သည်။

'အရိုးစုကို ကြောက်လို့ ညီမတို့က ထိတ်ထိတ်လန့်လန့်အော်လိုက်တဲ့ အသံကို ကျားကြီးက ကြားသွားတယ်'

အချင်းက သေသေချာချာ နားထောင်နေ၏။

ယင်းဖုံးက စကားဆက်လိုက်လေသည်။

'ကျားကြီး ညီမတို့အောင်သကြားတာနဲ့ လိုက်လာတယ်၊ တံခါးကြီးအနီးမှာ ရှောင်ပေရှံရဲ့ အဖေနဲ့တွေ့ပြီးတိုက်ခိုက် တယ်၊ ကျားကြီးက လက်လွန်သွားတဲ့အတွက် ရှောင်ပေရှံရဲ့ အဖေ သေဆုံးသွားတယ်'

ဝတုတ်က....

'ဒါဖြင့် ဖန်ကြည်ကြည်တို့ကို ကျားကြီးက လိုက်တယ် ဟုတ်လား'

ယင်းဖုံးက ခေါင်းညိတ်လိုက်၏။

'သူက ရှောင်ပေရှံရဲ့ အဖေကိုသတ်ပြီး ခြံဝင်းထဲပြေးဝင် လာတဲ့အခါမှာ ရှမ်းရှမ်းလဲရှုံးသွားပြီး မြေပေါ်မှာ သူလဲကျ သွားပါတယ်'

သူမက ဆက်၍ ရှင်းပြလိုက်သည်။

'ကျားကြီး အချိန်မှီရောက်လာပြီး ရှောင်ပေရှံကို တိုက်ခိုက် လိုက်တယ်၊ နောက်ဆုံး ရှောင်ပေရှံဟာ မနိုင်ဘဲ ထွက်ပြေး သွားတယ်၊ ကျားကြီးရဲ့လက်မှာလဲ ဒဏ်ရာရသွားပါတယ်'

အချင်းက မယုံကြည်နိုင်အောင် ဖြစ်သွားလေ၏။

'ဒီလိုဆို ကျားကြီး လိုက်လာတာက ဖန်ကြည်ကြည်ကို စောင့်ရှောက်ဖို့ ဟုတ်လား'

ယင်းဖုံးက ခေါင်းညိတ်လိုက်သည်။



'ဟုတ်တယ်၊ သူကရုပ်ဖျက်ပြီး ညီမတို့နောက်လိုက်လာတာ က အကာအကွယ်ပေးချင်လို့၊ ရှောင်ပေရှံဟာ ဖန်ကြည်ကြည်ကို လုပ်ကြံမယ်လို့ ကြိုတင်သိထားပုံရတယ်'

အချင်းက....

'ကျွန်မနားထောင်ရင်း၊ ကိုယ့်နားတောင် ကိုယ်မယုံနိုင်စရာ ဖြစ်လာပြီ'

ယင်းဖုံးက စကားဦးလှည့်လိုက်သည်။

'ညတစ်ညမှာ ညီမတို့သုံးယောက် ဘုရားပွဲ သွားကြစဉ်တုန်း ကလဲ သူကရုပ်ဖျက်ပြီး နောက်ကနေစောင့်ရှောက်ဖို့ လိုက်လာ တယ်လေ....'

အချင်းမျက်မှောင်ကုပ်သွား၏။

'မဟုတ်ဘူးထင်တယ်'

'ဘာဖြစ်လို့လဲ'

'ကျွန်မတို့ကိုဖမ်းဖို့ သူ့ရဲ့လက်မည်းကြီးကို ကျွန်မတွေ့မိ လို့ပါ'

ယင်းဖုံးက ပြုံးလိုက်သည်။

'ဒီအကြောင်းလဲ မမကသေသေချာချာ မှန်းဆပြီးပြောရ မယ်ဆိုရင်....'

သူမက ရှင်းပြလိုက်သည်။

'အဲဒီညဲတုန်းက ညီမတို့သုံးယောက် ဘုရားပွဲသွားကြတယ်၊ ကျားကြီးက ညီမတို့နောက် တိတ်တဆိတ် လိုက်လာတယ်ဆိုတာ ဖန်ကြည်ကြည်ကို စောင့်ရှောက်ဖို့ပါ'

အချင်းက....

'ဒါဖြင့် လက်မည်းကြီး'

သူမ၏စကားမဆုံးမီ ယင်းဖုံးက ကြားဖြတ်လိုက်ပြန်လေ၏။

'ရှောင်ပေရုံက အကြံမအောင်မြင်လို့ ညီမတို့ဘုရားပွဲသွားတဲ့ လမ်းမှာ ဒုတိယအကြိမ်လုပ်ကြံဖို့ ကြိုးစားတယ်။ သူကသစ်သားနဲ့ ထုထားပြီး အမွေးအမျှင်များ တပ်ထားတဲ့ လက်တုတစ်ခုနှင့် စိတ်ခြောက်ချားအောင်လုပ်လိုက်တာပါ'

အချင်းက....

'ဒီလိုဆိုရင် ကျားကြီးရဲ့လက်မည်း မဟုတ်ဘူးပေါ့'

ယင်းဖုံးက....

'မဟုတ်ပါဘူး'

အချင်းက....

'ဒါဖြင့် သူကဘာဖြစ်လို့ ဖန်ကြည်ကြည်ကိုမဖမ်းဘဲ ရှမ်းရှမ်းကို ဖမ်းသွားရတာလဲ'



ယင်းဖုံးက....

'ဒါကတော့ သူကလူမှား ဖမ်းသွားမိလို့ပါ'

သူမက စကားဆက်လိုက်သည်။

'ရှမ်းရှမ်းက သိုင်းပညာ မဆိုးပါဘူး၊ ဒါပေမယ့် ရှောင်ပေရုံရဲ့ သိုင်းပညာဟာ အလွန်ထက်မြက်တယ်၊ နောက်ဆုံး ရှမ်းရှမ်းကိုပါ ဖမ်းမိသွားပါတယ်'

သူမကဆက်၍....

'ကျားကြီးရောက်လာတဲ့အခါမှာ ရှောင်ပေရုံက ရှမ်းရှမ်းကို ဖမ်းဆီး ခေါ်ဆောင်သွားပြီးပြီ၊ သူက မတတ်နိုင်တော့ဘဲ ပြန်လှည့်သွားရတာပေါ့'

အချင်းက သက်ပြင်းတစ်ချက်ချလိုက်သည်။

'ဒီလိုဆိုရင် ကျားကြီးဟာ လူကောင်းပေါ့နော်'

ယင်းဖုံးက ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်၊ သူကသာ ဖန်ကြည်ကြည်ကို မလိုမုန်းထားရှိခဲ့ရင် ဘာဖြစ်လို့ အပင်ပမ်းခံပြီး လိုက်ကယ်မှာလဲ'

အချင်းက....

'ဒါဖြင့် သူက ဘာကြောင့် ရှင်းမပြတာလဲ'

ယင်းဖုံးက....

'သူပြောလဲဖန်ကြည်ကြည်က ယုံကြည်နိုင်ပါ့မလား'

သူမက စကားဆက်လိုက်သည်။

'သူ့ကို မယုံကြည်ဘဲ့အပြင်သူ့ကိုလူသတ်ကောင်လို့ တောင် စွပ်စွဲကြတယ် မဟုတ်လား'

အချင်းက ခေါင်းညိတ်လိုက်၏။

'သူဟာသစ္စာရှိတဲ့ လူတစ်ယောက်၊ သူများမယုံကြည်တာကို ဖြေရှင်းနေမှာမဟုတ်ဘူး၊ သူလုပ်သင့် လုပ်ထိုက်တာတွေကိုသာ ရဲရဲဝံ့ဝံ့လုပ်သွားတာ'

အချင်းက ပါးစပ်ပိတ်ထားလေသည်။ ဝတုတ်မှာမူ မယုံရခက် ယုံရခက် ဖြစ်နေ၏။

ယင်းဖိုးက....

'အမှန်မှာ ကျွားကြီးဟာ သူ့သခင်ရဲ့မျိုးဆက်ကို အလွန် ဂရုစိုက်တယ်၊ အလွန်သစ္စာရှိတယ်'

ဝတုတ် မျက်မှောင်ကုပ်သွားသည်။

'ကျုပ်ကတော့ နားထောင်ရင်း ပိုတောင်ရှုပ်လာပြီ'

ယင်းဖိုးက....

'ဘယ်နေရာမှာ ရှုပ်သွားတာလဲ'

ဝတုတ်က....



'ဥပမာ ဖန်ကြည်ကြည် အခုဘယ်မှာရှိသလဲ၊ သေသလား ရှင်သလားဆိုတာ မသိရသေးဘူး'

ယင်းဖိုးက....

'သူမသေနိုင်သေးဘူးလို့ ကျွန်မထင်တယ်'

ဝတုတ်က....

'ခင်ဗျားဘယ်လိုလုပ် သိနိုင်မလဲ'

ယင်းဖိုးက....

'ဖန်ကြည်ကြည်ဟာ အမွေအများကြီးရမယ်၊ ဒါကြောင့် သူ့ကိုခြိမ်းခြောက်ပြီး ငွေတောင်းတာကလွဲလို့ သူ့ကိုမသတ်ဝံ့ဘူး'

ဝတုတ်က မျက်မှောင်ကုတ်သွားလေသည်။

'ကျုပ်တော့ စဉ်းစားရင်း ခေါင်းရှုပ်ကုန်ပါပြီဗျာ'

ယင်းဖိုးက....

'ဘာတွေ ခေါင်းရှုပ်ရတာလဲ'

ဝတုတ်က....

'ဥပမာ ဖန်ကြည်ကြည်ကို ဘယ်သူက ဖမ်းသွားတာလဲ၊ ရွာထဲက ပျောက်ဆုံးနေတဲ့ မိန်းမတွေ ဘယ်သူကဖမ်းသွားတာလဲ၊ ကောင်းရှင်းပေါင်ကို ဘယ်သူက သတ်လိုက်တာလဲ၊

အချင်းက ညှော်ခန်းထဲမှာ မြင်တွေ့ခဲ့ရတဲ့ လက်မည်းကြီးဟာ ဘယ်သူလဲ၊ ရှောင်ပေရှံကို ဘယ်သူကသတ်လိုက်တာလဲ'

သူသည် စကားဆက်လိုက်သည်။

'နောက်ပြီး ထူးဆန်းတဲ့အကြောင်းတွေ အများကြီးရှိသေးတယ်၊ အဲဒါကို ခင်ဗျားဘယ်လို ဖြေရှင်းမလဲ'

ယင်းဖုံးက....

'ဟိုတစ်နေ့တုန်းက ကျွန်မက အကြာကြီးထိုင်စဉ်းစားနေတာက ကျွန်မမှာ မမျှော်လင့်ဘဲ ဖန်းကျင်းကန်းရဲ့အဖေ မှတ်စုတစ်ခုကို တွေ့ခဲ့တယ်'

ဝတုတ်က....

'အဲဒီမှတ်စုထဲမှာ ဘာတွေပါလို့လဲ'

ယင်းဖုံးက....

'မှတ်စုထဲမှာရေးတဲ့စာတွေအားလုံးကို ဟိုတစ်ပိုင်းဒီတစ်ပိုင်း ဆက်စပ်ကြည့်တဲ့အခါမှာ ကျားကြီးရဲ့ လျှို့ဝှက်ချက်ကို တွေ့ရှိခဲ့ပါတယ်'

ဝတုတ်က ခေါင်းကုတ်လိုက်သည်။

'ဘယ်လိုလျှို့ဝှက်ချက်လဲ'

ယင်းဖုံးက ထိုင်ရာမှထလိုက်လေသည်။



'အခု ကျွန်မတို့ရရှိတဲ့ ကျားကြီးအလောင်းဟာ အမှန်တော့ ကျားကြီးရဲ့အလောင်း မဟုတ်ဘူး'

ဝတုတ် မျက်မှောင်ကုတ်သွားသည်။

'ဟောဗျာ၊ ဒါဖြင့် ဘယ်သူ့အလောင်းလဲ'

ယင်းဖုံးက....

'ကျားလေး'

ဝတုတ်နှင့်ဦးရားတို့ ကြောင်အမ်းအမ်းဖြစ်ကုန်ကြလေ၏။

ဦးရားက....

'ကျားလေးဆိုတာ ဘယ်သူလဲ'

ယင်းဖုံးက....

'ညည်းအခန်းထဲမှာသွားထားတဲ့အလောင်းကို ပြောနေတာ'

ဦးရား မျက်မှောင်ကုတ်သွားသည်။

'ခုနတုန်းက ကျွန်မအခန်းထဲကိုခွဲပြီး ပို့ထားတဲ့အလောင်းဟာ ကျားကြီးပဲ မဟုတ်လား'

ယင်းဖုံး ခေါင်းခါယမ်းလိုက်လေသည်။

'ကျားကြီးဆိုတာ ကျားလေးရဲ့ အမွှာညီအစ်ကိုပါပဲ'

'ဟောဗျာ'

'ရှင်....'

ဝတုတ်နှင့်ဝူးရားတို့သည် လွတ်ခနဲ အသံထွက်ကုန်ကြလေ၏။

'ကျားကြီးမှာ အမှာညီအစ်ကိုရှိတယ် ဟုတ်လား'

ယင်းဖုံးက ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်၊ သူတို့က ရုပ်ချင်းလဲတူတယ်၊ ကိုယ်လုံးအရပ်လဲ တူတယ်၊ လက်တစ်ဘက်မှာလဲ အလွန် အကျည်းတန်လို့ လက်အိတ်စွပ်ထားကြပါတယ်'

ဝူးရားနှင့် ဝတုတ်တို့သည် အံ့သြလွန်း၍ စကားပင်မပြောနိုင်တော့ပါ။

ယင်းဖုံးက စကားဆက်လိုက်သည်။

'သူတို့နှစ်ယောက်ကိုယှဉ်ပြီးထားရင် ဘယ်သူမှ ခွဲခြားလို့ရမှာမှုဟုတ်ဘူး၊ ဒါပေမယ့်....

ယင်းဖုံးက စကားဆက်လိုက်သည်။

'ဒါပေမယ့် သူတို့ရဲ့ လက်အိတ်စွပ်ထားတဲ့ လက်တစ်ဘက်ဟာ တစ်ယောက်က ဘယ်ဘက်၊ တစ်ယောက်ကညာဘက်ဖြစ်ပေမယ့် အမှတ်တမဲ့ဆိုတော့ ဒီအချက်ကို ဘယ်သူမှသတိမထားမိဘူး'

ဝူးရားက ခေါင်းညိတ်လိုက်သည်။



'ဟုတ်တယ်၊ သူ့ရဲ့ရုပ်ရည်က အလွန်ကြမ်းတမ်းပြီး ကြောက်စရာကောင်းတော့ သူ့ကိုမြင်ရင် အလိုလို ကြောက်ရွံ့နေရတဲ့အတွက် သူလက်အိတ်စွပ်ထားတဲ့ လက်ဟာ ဘယ်ဘက်လား၊ ညာဘက်လားဆိုတာ ဘယ်သတိထားနိုင်တော့မလဲ'

ဝူးရားက ခေါင်းညိတ်လိုက်လေသည်။

'ဟုတ်တယ်၊ ကျွန်မတို့လဲ ဒါကိုသေသေချာချာမလေ့လာမိဘူး'

ဝတုတ်က....

'ဒါဖြင့် အဲ့ဒီကျားကြီးနဲ့ ကျားလေးဆိုတာ ဖန်းကျင်းကန်းရဲ့ လက်ရုံးဖြစ်တယ်နဲ့တူတယ်'

ယင်းဖုံးက ခေါင်းခါယမ်းလိုက်သည်။

'မဟုတ်ဘူး၊ ကျားကြီးနဲ့ ကျားလေးဆိုတာဖန်းကျင်းကန်းအဖေရဲ့ လက်ဝဲရံနဲ့ လက်ယာရံဖြစ်ပါတယ်'

ဝတုတ် မျက်မှောင်ကုပ်သွားသည်။

'သူတို့နှစ်ယောက်က မင်းမှုထမ်းတွေမဟုတ်လား'

ယင်းဖုံးက ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်၊ဖန်းကျင်းကန်းရဲ့ အဖေဟာစစ်သူကြီးတစ်ယောက်ပါ၊ ကျားလေးနဲ့ ကျားကြီးတို့ဟာ ဖန်းကျင်းကန်း အဖေရဲ့ ကိုယ်ရံတော်တွေပါ'

ဝတုတ်က အံ့အားသင့်သွားသည်။

‘ဖန်းကျင်းကန်းရဲ့ အဖေဟာ တစ်ချိန်တုန်းက လျှမ်းလျှမ်းတောက် ကျော်ကြားခဲ့တဲ့ ပုဂ္ဂိုလ်တစ်ယောက်ပါလား’

ယင်းဖုံးက ခေါင်းညိတ်လိုက်သည်။

‘ဟုတ်တယ်၊ မှတ်စုကိုကြည့်တော့မှ သူတို့တွေကြုံခဲ့ရတဲ့အဖြစ်အပျက်များကို သိရှိနားလည်ခဲ့ရပါတယ်’

ဝတုတ်က....

‘ကျုပ်တောင် စိတ်ဝင်စားလာပြီ၊ အပန်းမကြီးဘူးဆိုရင် ပြောပြပါလားဗျာ’

ယင်းဖုံးက ထိုင်ချလိုက်ပြန်သည်။

သူမသည် ဟောင်းနွမ်းသော မှတ်စုစာအုပ်ကို စာရွက်နှစ်ရွက်လှန်ပြီး အနည်းငယ် ဖတ်ရှုလိုက်လေသည်။

ထို့နောက် ဝတုတ်နှင့် ဝူးရားတို့အား တစ်ချက်ဝေ့ကြည့်လိုက်လေသည်။

‘ဒီအကြောင်းတွေဟာ အလွန် စိတ်ဝင်စားစရာ ကောင်းလို့ ကျွန်မက စိတ်ဝင်စားစရာအကြောင်းတွေကိုပဲ ရွေးပြီး ပြောပြပါမယ်’

ဝတုတ်နှင့် ဝူးရားတို့သည် ယင်းဖုံးပြောပြရမည့်အကြောင်းအရာများကို စိတ်ဝင်စားစွာ နားစွင့်ရန် ဟန်ပြင်လိုက်လေ၏။



အချင်းမှာမူ ကုလားထိုင်ကို ယင်းဖုံးရှေ့သို့ဆွဲ၍ ထိုင်ချလိုက်သည်။

ယင်းဖုံးက မှတ်စုကို တစ်ချက် ကြည့်လိုက်လေသည်။

‘ကျွန်မဟာမမျှော်လင့်ပဲ ဟောင်းနွမ်းတဲ့ မှတ်စုစာအုပ်ထဲမှာ ဒီရဲတိုက်ရဲ့ အကြောင်း မှတ်တမ်းတင် ရေးထားတာကို တွေ့ခဲ့ရပါတယ်၊ ဒါကိုကျွန်မအားလုံး ခြုံပြီး ပြောပြရမယ်ဆိုရင်....’

သူသည် စကားရပ်တန့်ပြီးမှ ဆက်လိုက်လေသည်။

‘ဖန်းကျင်းကန်းရဲ့ အဖေဟာ ဖန်းကျင်းဝေပါ၊ သူဟာ စစ်သူကြီးတစ်ယောက်ပါ၊ တစ်နေ့တော့ ကောလာဟလစကားကြောင့် ဘုရင်ကသူ့ကိုသတ်ဖို့ အမိန့်ပေးလိုက်ပါတယ်၊ ဒါပေမယ့် သူကမခံနိုင်တဲ့အတွက် သူ့ရဲ့သားနဲ့ ကျားကြီးကျားလေးဆိုတဲ့ ကိုယ်ရံတော်နှစ်ယောက်ကို ခေါ်ပြီးတော့ ဒီဖန်းရှမ်းရွာမှာလာပြီး အခြေချတယ်ဆိုပါတော့’

ဝတုတ်က....

‘ဒါဖြင့် ဒီရဲတိုက်ဟာ ဒီကိုရောက်မှ ဆောက်တာပေါ့ ဟုတ်လား’

ယင်းဖုံးက ခေါင်းညိတ်လိုက်သည်။

‘ဟုတ်တယ်၊ သူတို့ကို ရန်သူကလာပြီး ရန်ရှာမှာစိုးရိမ်လို့ မြေအောက်လမ်းတွေ၊ မြေအောက်ခန်းတွေ တည်ဆောက်ထားတာဖြစ်ပါတယ်’

ဝူးရားက ခေါင်းညိတ်လိုက်သည်။

'ဒါကြောဝ့်ကိုး'

ယင်းဖု်းက ချောင်းတစ်ချက်ဟန့်လိုက်သည်။

'အခု ကျွန်မက ဒီအမှုနဲ့ ပတ်သက်တဲ့ အကြောင်းကို ဆက်ပြီးပြောပြပါမယ်'

သူမက ယင်းသို့အစချီပြီး ပြောပြလိုက်လေသည်။

* * *

စစ်သူကြီး ဖန်းကျင်းဝေသည် သူ၏သားဖြစ်သူ ဖန်းကျင်းကန်းနှင့်အတူ ကိုယ်ရံတော်များဖြစ်ကြသော အမွှာညီနောင်ကျားကြီး ကျားလေးတို့နှင့်အတူ ထွက်ခွာ လာကြလေသည်။

ဖန်းကျင်းဝေသည် အလွန် ချမ်းသာ ကြွယ်ဝသဖြင့် သူ၏ပစ္စည်းများကို မြင်းလှည်း (၁၀)စီးဖြင့် သယ်ဆောင်လာလေသည်။

သူတို့သည် စတင် ထွက်ခွာခဲ့စဉ်တုန်းက မည်သည့်နေရာသို့ သွားရောက်၍ အခြေစိုက်မည်ဟု ရည်ရွယ်ချက် မရှိပါ။



ဘုရင်မင်းမြတ်က မသမာဝန်မင်းတို့၏ ကုန်းချောမှုကြောင့် မိမိအား သစ္စာမဲ့ညီကို စိုးရိမ်သောကြောင့် နေပြည်တော်မှ ကမန်းကတန်း ထွက်လာခြင်း ဖြစ်လေသည်။

* * *

ဖန်းကျင်းဝေတို့ လူစုသည် ဖန်းကျင်းကျေးရွာသို့ ရောက်ရှိလာသောအခါ ထိုနေရာမှာ ရှုမျှော်ခင်း သာယာပြီး တောတောင် ရေမြေများက နေထိုင်ရန်အလွန်တင့်တယ်သော ဒေသတစ်ခုကိုတွေ့ရှိရသဖြင့် သူတို့သည် ဖန်းရှမ်းရွာ၏ အစွန်ဆုံးဘက်၌ ဤကဲ့သို့ ရဲတိုက်ကြီးတစ်လုံး တည်ဆောက်ကြလေ၏။

ဖန်းကျင်းဝေသည် သူ၏ရန်သူဝန်မင်းက လိုက်လာမည်ကို စိုးရိမ်သဖြင့် သူတို့သည် မြေအောက်ခန်းများကို တည်ဆောက်ကြလေသည်။

ထိုအချိန် ဖန်းကျန်းကန်းမှာ အသက် (၁၀)နှစ် မျှသာရှိသေးသည်။

ဖန်းကျင်းကန်းတွင် ညီဖြစ်သူတစ်ယောက်ရှိသေး၏။

သူသည် ဖန်းကျင်းကန်းနှင့်အတူမနေပဲ မြို့ကြီးပြကြီးမှာ နေထိုင်သော အဖွားအိမ်သို့ ပို့ထားခဲ့လေသည်။

ထို့ကြောင့် ဖန်းကျင်းဝေ ကွယ်လွန် သွားသောအခါ ဖန်းကျင်းကန်းသည် အလိုအလျောက် ရဲတိုက်မှူး ဖြစ် လာလေ၏။

ကျားကြီးနှင့် ကျားလေးတို့မှာ ဖန်းကျင်းကန်း၏ ကိုယ်ရံတော်နေရာကို ဆက်လက် ထမ်းဆောင်နေရလေသည်။

ကံကြမ္မာဆိုး တစ်ခုသည် ကျားကြီးနှင့် ကျားလေးတို့၏ ခေါင်းပေါ်သို့ တိုက်တိုက်ဆိုင်ဆိုင် ရောက်လာလေသည်။



## (၁)

သာယာသော နေ့တစ်နေ့၏ နံနက်ခင်းတွင် ကျားကြီးနှင့် ကျားလေးတို့သည် ခါတိုင်းနေ့ကဲ့သို့ လယ်ယာ စိုက်ပျိုးရန် ရဲတိုက်မှ ထွက်ခွာလာကြလေသည်။

သူတို့သည် တောအုပ် တစ်ခုသို့ ရောက်ရှိ လာသောအခါ အော်ဟစ် ကြိမ်းမောင်းသံနှင့် ငိုကြွေးသံများကို ကြားလိုက်ရလေသည်။

ကျားလေးက မျက်မှောင်ကြုတ်သွားသည်။

'အစ်ကိုကြီး၊ မိန်းကလေးတစ်ယောက်ရဲ့အသံကြားမိသလား'

ကျားကြီးက ခေါင်းညိတ်လိုက်လေသည်။

'ကြားပါတယ်'

ကျားလေးက

'ဒါနဲ့များ အစ်ကိုကလဲ သိုင်းသမားမဟုတ်တဲ့အတိုင်း သွားပြီး ကူညီဖို့ ဘာမှ စိတ်ကူးမပေါက်ပါလား'

ကျားကြီးက ပြုံးလိုက်သည်။

'ဒီကိစ္စလေးများ ငါ့ညီသွားရင် ပြီးတာပါပဲ'

ကျားလေးက မျက်မှောင်ကြုတ်သွားသည်။

'အစ်ကိုကြီး မသွားဘူးလား'

ကျားကြီးက ခေါင်းခါယမ်းလိုက်သည်။

'မလိုပါဘူး၊ ငါ ဒီမှာ အလုပ်ပျက်နေပါဦးမယ်'

ကျားလေးသည် တောအုပ်ရှိရာသို့ ပြေးလွှားဝင်ရောက်သွားလေသည်။

* * *



ကျားလေးသည် အသံထွက်ပေါ်လာရာ တောအုပ်ထဲသို့ ပြေးဝင်မိသောအခါ အလွန် ကြမ်းတမ်းသော ယောကျ်ား (၂)ယောက်သည် အလွန်နုနယ်သောမိန်းကလေးတစ်ယောက်၏ နောက်သို့ လိုက်နေသည်ကို တွေ့မြင်လိုက်ရလေသည်။

မိန်းကလေးက မဟန်နိုင်တော့ဘဲ ခြေထောက်ခလုတ်တိုက်မိပြီး မြေပေါ်သို့ လဲကျသွားလေသည်။

'ဟား ဟား ဟား'

ထိုလူနှစ်ယောက်က အားရပါးရ ရယ်မောလိုက်ကြသည်။ သူတို့သည် သိုးငယ်ပမာကြောက်ရွံ့တုန်လှုပ်နေသော မိန်းကလေးအား စိုက်ကြည့်လိုက်သည်။

'ကဲ....မင်း ဘယ်ပြေးမလဲ'

သူတို့လူ(၂)ယောက်အနက် ကိုယ်လုံး ကြံ့ခိုင် တောင့်တင်းသော လူတစ်ယောက်က မိန်းကလေး၏ လက်ကို ဖမ်းဆွဲလိုက်လေသည်။

ကျားလေးအ အချိန်မီ ရောက်ရှိလာလေသည်။

'ရပ်လိုက်'

ထိုလူ(၂)ယောက်သည် အသံကြားရာဘက်သို့ လှည့်ကြည့်လိုက်ရာ ကျားလေးအား တွေ့မြင်လိုက်ရလေသည်။

ထိုလူက ခါးထောက်လိုက်သည်။

'ဟော့လူ၊ ငါတို့ကိစ္စဝင်မရှုပ်ရင် ကောင်းမယ်ထင်တယ်'

ကျားလေးက သူတို့ထံ တစ်လှမ်းချင်း လျှောက်သွားလေသည်။

'မင်းတို့နှစ်ယောက် အေးအေးဆေးဆေး ထွက်သွားမလား။ ဒါမှမဟုတ် ကျုပ်ရဲ့ လက်သီးစာမိချင်သလား'

ထိုလူ(၂)ယောက်သည် ကျားလေး၏ လက်အိတ်စွပ်ထားသော လက်တစ်ဘက်ကို အကဲခတ်ကြည့်လိုက်သည်။

'ဘာလဲ၊ ခင်ဗျား လက်တစ်ဖက်က ကျိုးနေလို့လား'

ကျန်တစ်ယောက်က ရယ်မောလိုက်သည်။

'ဟုတ်တယ်ဟော့၊ သူ့ရဲ့ လက်တစ်ဖက်က မသန်မစွမ်းဖြစ်လို့ အခုလို လက်အိတ်နဲ့ စွပ်ထားရတာပေါ့'

ကျားလေးသည် မခံမရပ်ဖြစ်လာကာ ဝင်ရောက်ခိုက်လိုက်သည်။

ထိုလူ(၂)ယောက်သည် ကျားလေးနှင့် ယှဉ်၍တိုက်ခိုက်လိုက်သောအခါ သိုင်းကွက်တစ်ကွက်မျှပင် ခံနိုင်ရည်မရှိဘဲမြေပေါ်သို့ လဲကျသွားလေသည်။

* * *



ကျားလေးသည်ထိုလူ(၂)ယောက်အား တိုက်ခိုက်ပြီးနောက် မိန်းကလေးကိုပင် လှည့်မကြည့်ဘဲ လာလမ်းအတိုင်း ပြန်လှည့်လိုက်လေသည်။

သူသည် ခြေလှမ်း ၄၊၅ လှမ်းမျှ လျှောက်လာသောအခါ မိန်းကလေး၏အသံ ကြားလိုက်ရလေသည်။

'အစ်ကိုကြီး'

အသံက အလွန်နားဝင်ချိုလှသဖြင့် ကျားလေး၏ ခြေလှမ်း ရပ်တန့်သွားလေသည်။

'အစ်ကိုကြီး'

မိန်းကလေးက ထပ်မံခေါ်လိုက်သဖြင့် ကျားလေးက နောက်သို့ လှည့်ကြည့်လိုက်လေသည်။

သူသည် ယင်းကဲ့သို့ လှည့်ကြည့်လိုက်သောအခါ သူ၏ မျက်လုံးအစုံသည် ဝိုင်းစက်ပြူးကျယ်သွားလေသည်။

သူ၏ ပါးစပ်မှာလည်း အလိုလို ဟောင်းလောင်းဖြစ်သွားလေသည်။

သူ မြင်တွေ့လိုက်ရသော မိန်းကလေးမှာ အလွန် ချောမောလှပပြီး ယင်းကဲ့သို့ မိန်းကလေးမျိုးကို သူက တစ်ကြိမ်တစ်ခါမျှ မတွေ့ဖူးခဲ့ပေ။

သူသည် မလှုပ်မယှက် ကြောင်အမ်းအမ်း ရပ်နေရာမှ သတိရလာလေသည်။

ထိုမိန်းကလေးအား ဒုတိယအကြိမ် ထပ်မံ ကြည့်လိုက်သည်။ ထိုမိန်းကလေးသည် အသက် ၁၇၊ ၁၈ နှစ်ခန့် ရှိမည်ဟု ထင်ရသည်။

သူမ၏မျက်နှာမှာ ဖြူဖွေးပြီး ရုပ်ရည်မှာ နတ်မိမယ်ပမာ ချောမောလှသည်။

သူမ၏ ခန္ဓာကိုယ်ပေါ်တွင် ပန်းနုရောင်အင်္ကျီနှင့် ပန်းနုရောင် ဘောင်းဘီ ဝတ်ဆင်ထားသည်ကို တွေ့မြင်ရလေသည်။

မည်းနက်သော ဆံကေသာ၊ နီရဲသော နှုတ်ခမ်း၊ ဖြူဖွေးသော ကိုယ်ပေါ်မှာ ဝတ်ဆင်ထားသော ပန်းနုရောင် အဝတ်အစားများနှင့် ထင်ဟပ်ကာ မျက်လုံးများပင် ကျိန်းလောက်အောင် လှပနေ၏။

'အစ်ကိုကြီး'

မိန်းကလေးက ထပ်မံ ခေါ်လိုက်တော့မှ ကျားလေးက သတိရလာလေသည်။

'အဲ....ဟုတ်ကဲ့'

ကျားလေးက ယောင်ယောင်ယမ်းယမ်းဖြင့် ထူးလိုက်လေသည်။



မိန်းကလေးက သနားစဖွယ်ဖြင့် သူ့အား ကြည့်နေ၏။

'ဘာလဲ ညီမလေး'

ကျားလေးက ယခုမှ စိတ်တည်ငြိမ်သွားသည်။

မိန်းကလေးက....

'ကျွန်မကို ဒီအတိုင်း ထားခဲ့မလို့လား'

ကျားလေး ကြောင်အမ့်အမ်းဖြစ်သွားသည်။

သူသည် မိန်းကလေးမှာ လူမသမာများက စော်ကားနေသည်ကို တွေ့ရသဖြင့် ဝင်ရောက်ကူညီရန်သာ သိထားသည်။ ယခုမှာမူ မိန်းကလေး၏စကားကြားလိုက်ရသောအခါ မည်ကဲ့သို့ ပြန်ပြောရမှန်းမသိ ဖြစ်နေ၏။

မိန်းကလေးက....

'ကျွန်မကို ဒီအတိုင်းမထားခဲ့ပါနဲ့'

ကျားလေး ကြောင်အမ်းအမ်းဖြစ်သွားသည်။

'ကျွန်တော် ဘာလုပ်ပေးရမလဲ'

မိန်းကလေးက....

'ကျွန်မထစ်ယောက်ထဲ ဘယ်မှမသွားရဲတော့ဘူး၊ ဒါကြောင့် အစ်ကို့နောက်ကိုပဲ လိုက်မယ်'

'ဗျာ'

ကျားလေး အံ့ဩသွားလေသည်။

'ကျွန်တော့်နောက်လိုက်မယ် ဟုတ်လား'

မိန်းကလေးက ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ် အစ်ကို'

ကျားလေးက-

'ခင်ဗျားအိမ်က ဘယ်မှာလဲ၊ ကျွန်တော် လိုက်ပို့ပေးမယ်'

မိန်းကလေး ခေါင်းခါယမ်းလိုက်သည်။

'ကျွန်မမှာ နေစရာအိမ်မရှိတော့ပါဘူး'

ကျားလေး ကြောင်အမ်းအမ်းဖြစ်သွားလေသည်။

'ခင်ဗျားမှာ အိမ်မရှိဘူး ဟုတ်လား'

ထိုအချိန် မြေပေါ်၌ လဲကျနေသော လူများသည် တိတ်တဆိတ် ထွက်ခွာသွားကြလေသည်။

မိန်းကလေးက ထိုနှစ်ယောက်အား ညွှန်ပြလိုက်သည်။

'သူတို့ထဲက လူတစ်ယောက်ဟာ ကျွန်မမိခင်ရဲ့ နောက်ယောကျ်ား၊ ကျွန်မ့ကို မတရားကြံလို့ ကျွန်မ ထွက်ပြေးလာတာပါ၊ သူတို့က သိလို့ ကျွန်မနောက်လိုက်လာတာ၊ အစ်ကိုကြီးနဲ့ တွေ့ပေလို့ပေါ့၊ နို့မဟုတ်ရင်-'

မိန်းကလေးက ပြောရင်း မျက်ရည်များ စီးဆင်းလာလေသည်။



သူမ ငိုကြွေးနေသည်ကိုတွေ့ရသောအခါ ကျားလေး၏ ရင်ထဲ၌ ဖော်မပြနိုင်သော ခံစားမှုများ ဖြစ်ပေါ်လာလေသည်။

'ဒါဖြင့် အစ်ကို့နောက် လိုက်ခဲ့'

သူသည် ရဲတိုက်ကြီးအား ညွှန်ပြလိုက်သည်။

'ကျွန်တော် အဲဒီ ရဲတိုက်ကြီးမှာနေတယ်'

မိန်းကလေး၏ မျက်နှာပေါ်တွင် ပြုံးရွှင်သော အရိပ်အယောင်များ ထွက်ပေါ်လာလေသည်။

'ကျေးဇူးတင်လိုက်တာ အစ်ကိုရယ်'

* * *

အံ့အားသင့်သွားသည်။

မိန်းကလေးသည် ရဲတိုက်ထဲသို့ ဝင်ရောက်လာသောအခါ ကျားကြီးအားတွေ့မြင်လိုက်ရသဖြင့် အံ့အားသင့်သွားလေသည်။

ကျားကြီးနှင့် ကျားလေးတို့မှာ ရွေးမရလောက်အောင် ရုပ်ချင်းတူနေသောကြောင့် ဖြစ်သည်။

ကျားကြီးကလည်း ကျားလေး ခေါ်ဆောင်လာသော မိန်းကလေးအား တွေ့မြင်လိုက်မိသဖြင့် အံ့အားသင့်သွားလေသည်။

ဤမျှ လှပချောမောသော မိန်းကလေးတစ်ယောက်အား ကျားလေးက မည်သည့်နေရာမှ ခေါ်ဆောင်လာပါသနည်း။

'အစ်ကိုကြီး'

ကျားလေးက ပြောပြရန်အစပျိုးလိုက်သည်။

'သူ....သူ အိပ်နေ....နေစရာ မရှိဘူး ပြောလို့ ကျွန်တော် ခေါ်ခဲ့တာ'

ကျားကြီးက ပို၍အံ့ဩသွားသည်။

'ဘယ်လို မင်းက သူ့ကို ခေါ်လာတယ် ဟုတ်လား'

'ဟုတ်တယ် အစ်ကိုကြီး'

ကျားကြီးက မိန်းကလေးဘက်သို့ လှည့်ကြည့်လိုက်၏။

မိန်းကလေးသည် လှပချောမောပြီး အလွန် ရိုးသားမှုရှိသည်ကို တွေ့ရှိရလေသည်။

သူသည် မိန်းကလေးအား ခေါင်းညိတ် ပြလိုက်သည်။

'ထိုင်ပါ မိန်းကလေး'



မိန်းကလေးသည် မဝံ့မရဲဖြင့် ကုလားထိုင်ပေါ်သို့ ထိုင်ချလိုက်လေသည်။

ကျားကြီးက သူမအား ခြေဆုံးခေါင်းဆုံးအကဲခတ် ကြည့်လိုက်ပြီးမှ....

'မင်းနာမည် ဘယ်လိုခေါ်သလဲ'

မိန်းကလေးက ခေါင်းငုံ့ထားသည်။

ချင်းချင်းလို့ ခေါ်ပါတယ်'

'မင်းအဖေရော'

'ကျွန်မမှာ အဖေမရှိပါဘူး'

'ဒါဖြင့် မင်းအမေရော ဘယ်မှာနေသလဲ'

'ဖန်းရှမ်းရွာ တောင်ပိုင်းမှာ နေထိုင်ပါတယ်'

ကျားကြီးက မျက်မှောင်ကုတ်သွားသည်။

'အခု မင်းဘာဖြစ်လာတာလဲ'

ချင်းချင်းက ခေါင်းမော့ကြည်လိုက်သည်။

'ကျွန်မ ပထွေး....'

သူမသည် ပြောရမှာပင် ရှက်နေသဖြင့် အထစ်ထစ် အငေါ့ငေါ့ဖြစ်နေ၏။

ကျားလေးက ကြားဖြတ် ပြောလိုက်လေသည်။

'သူ့ ပထွေးက သူ့ကို မတရားကြံစည်ဖို့ ကြိုးစားလို့ သူက ထွက်ပြေးလာတာ'

သူသည် ချင်းချင်းအား တစ်ချက်ကြည့်လိုက်သည်။

'သူမှ အိမ်မပြန်ရဲလို့ အားကိုးတကြီးနဲ့ ကျွန်တော်ကခေါ် လာတာ'

ကျားကြီးက ခေါင်းခါရမ်းလိုက်သည်။

'မဟုတ်သေးဘူးလေ၊ အရွယ်မရောက်သေးတဲ့ မိန်းကလေး တစ်ယောက်ကို သူ့မိဘ အသိမပေးဘဲ ခေါ်ထားပိုင်ခွင့် မရှိပါဘူး'

ကျားလေးက ကြောင်အမ်းအမ်း ဖြစ်သွားလေသည်။

'ဒါဖြင့် ဘယ်လိုလုပ်ကြမလဲ'

ကျားကြီးက....

'သူ့ကို အိမ်ပြန်ပို့ပေးဖို့ တို့မှာ တာဝန်ရှိတယ်'

ကျားလေး ပါးစပ်ပိတ်ထားလိုက်လေသည်။

ကျားကြီးသည် မိန်းကလေးအား ပြုံးပြလိုက်သည်။

'ကဲ-ချင်းချင်း၊ ဘာမှ စိတ်မပူနဲ့၊ ဒီညတော့ ဒီမှာပဲနေပေါ့၊ မနက်ဖြန်ကျရင် အစ်ကိုကြီးကိုယ်တိုင် လိုက်ပို့ပေးမယ်'



ကျားလေးက မကျေမနပ် ဖြစ်နေသော်လည်း ပါးစပ်ပိတ်ထားလိုက်ရလေသည်။

* * *

ချင်းချင်း၏ နေအိမ်သည် ဖန်ရှမ်းရွာ၏ အနောက်ဘက် ကျေးရွာတစ်ခုတွင် ရှိနေ၏။

ချင်းချင်း၏မိခင်သည် ချင်းချင်း ပြန်လည်ရောက်ရှိလာသည်ကို တွေ့ရသောအခါ ဝမ်းသာသွားလေသည်။

သူမသည် ချင်းချင်းအား သိုင်းဖက်ထားလိုက်သည်။

'သမီးလေးရယ်၊ မင်းဘယ်ရောက်နေတာလဲ'

ချင်းချင်းသည် အဖြစ်အပျက်ကို ပြောပြပြီး ကျားကြီးအား ညွှန်ပြလိုက်လေသည်။

'အစ်ကိုကြီးနဲ့ တွေ့ပေလို့ပေါ့'

ချင်းချင်း၏မိခင်သည် ကျားကြီးအား ကျေးဇူး ဥပကာရ တင်ကြောင်း ပြောလေသည်။

ချင်းချင်းက မိခင်အား တောင်းပန်သည်။

'မေမေ ဒီအိမ်မှာ သမီး နေလို့ မဖြစ်ဘူး၊ ဒါကြောင့် ဟောဒီ အစ်ကိုကြီးဆီမှာ လိုက်နေပါရစေ'

မိခင်က ကျားကြီးအား အကဲခတ်ကြည့်လိုက်သည်။

'အင်း-သမီးရဲ့ ကျေးဇူးရှင်က သူတော်ကောင်းပါ၊ မေမေ စိတ်ချပါတယ်၊ ဒီမှာ နေလို့ သမီး ရေတိမ်နစ်သွား နိုင်တယ်၊ ဒါပေမယ့်....'

ချင်းချင်းက....

'မေမေကလဲ ဒီအစ်ကိုကြီးကသမီးကိုလက်ခံပါတယ်၊မေမေ့ ဆီမှာ ခွင့်ပန်ဖို့ လာတာပါ'

ကျားကြီးသည် မိမိက မည်သည့်စကားမှ မပြောသေးဘဲ ချင်းချင်းက သူမ၏ သဘောကိုသာ ပြောပြ နေသည်ကို တွေ့ရ သဖြင့် ကြောင်အမ်းအမ်းဖြစ်သွားလေသည်။

'ဟုတ်တယ်မဟုတ်လား အစ်ကိုကြီး'

ချင်းချင်း၏ မိခင်က ဝမ်းသာရွှင်လန်းသွားလေသည်။

'ကျေးဇူးတင်လိုက်တာ ငါ့တူရယ်'

ကျားကြီးက ပြုံးပြလိုက်သည်။

'ကိစ္စမရှိပါဘူး ဒေါ်ဒေါ်'

ချင်းချင်းက....





'မေမေ သမီးအတွက်အစားတွေ ပေးပါ၊ တော်ကြာ သူတို့ ပြန်လာရင်....'

မိခင်ဖြစ်သူက ခေါင်းညိတ်လိုက်သည်။

သူမသည် အခန်းထဲသို့ ကမန်းကတန်းဝင်သွားလေသည်။

ကြာမီမှာပင် သူမသည် အခန်းထဲမှ ပြန်လည် ထွက်ခွာလာလေသည်။

သူမ၏လက်ထဲတွင် အထုပ်ကလေးတစ်ထုပ် ပါလာလေ၏။

သူမက အထုပ်ကလေးအား လှမ်းပေးလိုက်၏။

'ရော့ သမီးအင်္ကျီအကုန်ပဲ'

'ဟုတ်ကဲ့ မေ့မေ'

ချင်းချင်းက အထုပ် ကလေးကို လှမ်းယူလိုက်သည်။

သူ၏ မိခင်က....

'ကဲ ကဲ မြန်မြန်သွားကြ'

သူမသည် တစ်စုံတစ်ခုကို သတိရလာလေသည်။

'ဒါနဲ့ ငါ့တူရဲ့ နာမည်က....'

'ကျားကြီးက....

'ကျားကြီးလို့ ခေါ်ပါတယ်'

'ကျားကြီးတဲ့လား၊ ဒါနဲ့ ဘယ်မှာနေတာလဲ'

'ရဲတိုက်၊ ဖန်းရှန်းရွာက ရဲတိုက်မှာပါ'

'ဒါဖြင့် နီးနီးကလေးပါပဲ၊ သူတို့နဲ့ မတွေ့အောင် ရှောင်ပေးပါနော်'

'စိတ်ချပါဒေါ်ဒေါ်၊ သူ့ကို ကျွန်တော်တို့ အစွမ်းကုန် စောင့်ရှောက်ပါ့မယ်'

ကျားကြီးသည် ချင်းချင်း၏ မိခင်အား နှုတ်ဆက်ကာ ထွက်ခွာသွားလေတော့သည်။

## ထင်မိရောင်မှား

## ( ၁ )

ကျားကြီးနှင့် ကျားလေးတို့သည် အမြွှာ ညီအစ်ကိုများဖြစ်ကြသည်။

သူတို့၏ ရုပ်သွင်များသည် ခွဲမရအောင် တူလှပေသည်။

ချင်းချင်းသည် ရဲတိုက်ထဲသို့ ရောက်သည့်အချိန်မှစပြီး အိမ်တွင်းရေး မီးဖိုချောင် စသည့် ကိစ္စအဝဝကို လုပ်ကိုင်ရလေ၏။

သူမ၏ အချက်အပြုတ် လက်ရာမှာ အလွန့်အလွန် လက်ရာကောင်းသည်။

ကျားကြီးနှင့် ကျားလေးတို့မှာ ဝမ်းသာပီတိ ဖြစ်နေကြရလေသည်။

ချင်းချင်းသည် ဤရဲတိုက်သို့ ရောက်ခါစ အချိန်တွင် ကျား ကြီးကိုကျားလေး အဖြစ်သော်၎င်း၊ ကျားလေးကို ကျားကြီး အဖြစ်သို့လည်းကောင်းမှားယွင်းခေါ်ဝေါ် တတ်ပေသည်။

သူမသည် ကျားလေးမှာ မိမိအပေါ် မေတ္တာ ရှိနေသည်ကို သိထားလေသည်။

သို့သော်....

တစ်ခါတရံ ကျားကြီးနှင့်လူမှားနေသဖြင့် မျက်နှာချင်းဆို တွေ့မြင်ရမှာပင်မဝံ့မရဲ အခြေအနေသို့ ရောက်ရှိတတ်ပေသည်။

ထို့ကြောင့်....

သူမသည် ကျားကြီးက မိမိအပေါ် မေတ္တာ ရှိနေသည် လော။

သို့မဟုတ်....

ကျားလေးက မေတ္တာရှိနေသည်လော။ သို့မဟုတ်ကျားကြီး နှင့် ကျားလေးပါ မေတ္တာရှိနေသည်လောဟု ဝေခွဲ၍ မရနိုင် အောင် တွေဝေနေလေသည်။

သူမသည်ရဲတိုက်ထဲသို့ ရောက်ရှိပြီး (၃)လ အချိန် ကုန်လွန် သွားတော့မှ ကျားကြီးနှင့် ကျားလေးတို့၏ ခြားနားချက် တွေ့ရှိလာလေသည်။

ရုပ်ပိုင်းဆိုင်ရာ ခြားနားချက်မှာ ကျားကြီးနှင့် ကျားလေး တို့မှာ လက်အိတ်ဖြင့် စွပ်ထားသော လက်တစ်ဘက်စီ ရှိ လေသည်။



၎င်းတို့မှာ တပ်ယောက်က ညာဘက်ဖြစ်ပြီး တစ်ယောက်က ဘယ်ဘက် ဖြစ်နေလေသည်။

စိတ်ပိုင်းဆိုင်ရာ ခြားနားချက်မှာ ကျားကြီးက ခေါင်း အေးအေး ထားတတ်သည်။

ပြောဆိုရာမှာလည်း တည်ငြိမ်လေသည်။

ကျားလေးမှာမူ လူငယ်ပီပီ စိတ်လိုက်မာန်ပါ ပြောတတ် သည်။

စိတ်မြန်သည်။

ဒေါသ ကြီးတတ်ပေသည်။

အမှန်မှာ ချင်းချင်းသည် ၎င်းတို့ ညီအစ်ကို နှစ်ယောက် အနက်ကျားကြီးအပေါ် မေတ္တာပိုသည်။

သို့သော်....

ကျားကြီးသည် မိမိအပေါ် မေတ္တာ ရှိနေသည်ကို တွေ့ရှိ သော်လည်းထုတ်ဖော်ပြောဆိုခြင်းမပြုဘဲ ငြိမ်နေ၏။

ကျားလေးမှာမူ စိတ်မြန်ကိုယ်မြန်ပီပီ သူမအပေါ် မေတ္တာ ကားဆိုလာလေသည်။

ကျားကြီးက လုံးဝ ချဉ်းကပ်လာခြင်း မရှိသောကြောင့် ချင်းချင်း အချစ်ချိန်ခွင်လျှာသည် ကျားလေးအပေါ် တစ်ဘက် စောင်းအလေးပေးရလေသည်။

ယင်းကဲ့သို့ အခြေအနေမျိုး ရောက်ရှိလာသည်ကို ကျားကြီး
က တွေ့ရှိလိုက်သောအခါ အစ်ကိုကြီး တစ်ယောက်ပီပီ နောက်
ဆုတ် သွားလေသည်။

ဤသို့ဖြင့် ကျားလေးနှင့် ချင်းချင်းတို့၏ မေတ္တာ ဇာတ်လမ်း
သည် ဖြောင့်ဖြူး၍ ပျော်ရွှင်ဖွယ်ရာ ကောင်းလှပေသည်။

ယင်း အကြောင်းကို ကျားကြီးက တဆင့် သခင်ကြီး ဖြစ်သ
ဖန်းကျင်းကန်းအား တင်ပြ လိုက်သောအခါ ဖန်းကျင်းကန်း
ကလည်း သူတို့ကို လက်ထပ်ပေးရန် ရက်ကောင်းရက်မြတ်သ
မှတ်လိုက်လေသည်။

ထို့ကြောင့်....

ကျားလေးသည် ချင်းချင်းနှင့် လက်ထပ်ရန် တစ်လခန့်သာ
ရှိတော့သည်ကို သိရသဖြင့် ဝမ်းသာမဆုံး တပြုံးပြုံးဖြင့် ပျော်
မြူး နေလေတော့သည်။

* * *

( ၂ )

ကံကြမ္မာသည် အလွန်ထူးဆန်းသော အရာ ဖြစ်သည်။

ကံကြမ္မာသည် လူတစ်ယောက်၏ ဘဝကို တမျိုးတဖုံ ပြောင်းလဲတတ်သည့် သဘောရှိလေသည်။

ကျားလေးနှင့် ချင်းချင်းတို့ လက်ထပ်ရန် (၁၅)ရက် အလို ရောက်ရှိသော အချိန်တွင် မမျှော်လင့်သော ကံကြမ္မာဆိုးတစ်ခု ဝင်ရောက်လာလေသည်။

ထိုည....

အလွန် မှောင်မည်းသော ညတစ်ညဖြစ်လေသည်။

* * *

ကြယ်မလင်း လမသာသော ညတစ်ည ဖြစ်လေသည်။

ဝန်းကျင် တစ်ခုလုံးသည် တိတ်ဆိတ်ခြင်းမှက တိတ်ဆိတ် နေ၏။

'ဒေါင်-ဒေါင်-ဒေါင်'

ရဲတိုက် မျှော်စင်ဘက်မှ အုန်းမောင်း ခေါက်သံ သုံးချက် တိတိ ပေါ်လာလေသည်။

အုန်းမောင်း ခေါက်သံ ခေါက်ပြီး တခဏအကြာတွင် ခွေး ဟောင်သံများ ရှေ့ဆင့်နောက်ဆင့် ထွက်ပေါ်လာလေသည်။

ထိုခွေးဟောင်သံများသည် အချိန်ကြာကြာ မကြားလိုက် ရပါ။

ရှတ်တရက် တိတ်ဆိတ် သွားလေသည်။

ကျားကြီးသည် အိပ်ရာမှ ရှတ်တရက်ထလိုက်သည်။

သေချာစွာ နားစွင့်လိုက်သည်။

သူသည်ကျားလေးကို နှိုးလိုက်သည်။

'ညီလေး ထစမ်း'

ကျားလေးက ဆတ်ခနဲ နိုးလာလေသည်။

'ဘာကိစ္စရှိလို့လဲ အစ်ကိုကြီး'

ကျားကြီးက....

'မင်း နားထောင်ကြည့်စမ်း၊ ခွေးဟောင်သံ ဘာကြောင့် ရှတ်တရက်ရပ်သွားတာလဲ'

ကျားလေးက ဆတ်ခနဲ ထထိုင်လိုက်သည်။

'အစ်ကိုကြီး၊ရန်သူနဲ့ တွေ့လိုက်လို့နဲ့တူတယ်'



ကျားကြီးက ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်'

ကျားလေးက....

'ဒါဖြင့်ဘာဖြစ်နေတာလဲ၊ သွားကြည့်ကြရအောင်'

သူသည် ပြောပြောဆိုဆိုဖြင့် အဝတ်အစားကို အလျင်အမြန် လဲလိုက်ပြီး ထွက်ခွာသွားသည်။

ကျားကြီးက နောက်မှလိုက်သွားလေသည်။

* * *

ရဲတိုက်ရှေ့တွင် ခွေး ၃-၄-ကောင်ရှိသည်။

သူတို့သည် အလွန်ပါးနပ်သော ခွေးများဖြစ်ကြလေသည်။

သို့သော် ယခုမှာမူ မြေပေါ်၌ မလှုပ်မယှက် လဲလျောင်း နေကြသည်။

သူတို့၏ ကိုယ်ပေါ်တွင် ဓားဒဏ်ရာ တစ်ချက်စီရရှိနေကြ သည်ကို တွေ့ရသည်။

ကျားလေး ဒေါသ ချောင်းချောင်း ထွက်သွားလေသည်။

'လူဟုတ်မာတွေ၊ ခွေးကို သတ်ပစ်ရသလား'

ထိုစဉ် ရယ်မောသံတစ်ခု ထွက်ပေါ်လာလေသည်။

'ဟား....ဟား....ဟား....'

ကျားကြီးနှင့် ကျားလေးတို့သည် အသံထွက်ပေါ်လာရာဘက်သို့ လှမ်းကြည့်လိုက်သည်။

အမှောင်ထုကြားမှ လူတစ်ယောက် ထွက်ပေါ်လာသည်ကို တွေ့မြင်လိုက်ရလေသည်။

သူတို့နှစ်ယောက်သည် ရင်ဆိုင်ရန် ချက်ချင်းပင် အသင့်ပြင်ထားလိုက်လေသည်။

'ဟား....ဟား... ဟား....'

ထိုလူများသည် ကျားကြီးနှင့် ကျားလေးတို့နှင့် ဝါးတစ်ရိုက်ခန့်အကွာတွင် ရပ်တန့်သွားကြလေသည်။

ရှေ့ဆုံးမှလူသည် နေပြည်တော်မှ အာဏာသား ဖြစ်နေသည်ကို သိရှိလိုက်လေသည်။

ထိုအာဏာသားက ကျားကြီးနှင့်ကျားလေးတို့အား တစ်ချက် ဝေ့ကြည့်လိုက်သည်။

'ပြောစမ်း၊ မင်းတို့သခင် ဘယ်မှာလဲ'

ကျားကြီးက အရှိအသေ ပြုလိုက်လေသည်။



'သခင်လေး မရှိပါဘူး'

အာဏာသားက ကျားကြီးနှင့်ကျားလေးအား တစ်ချက် ဝေ့ကြည့်လိုက်သည်။

'မင်းက ကျားကြီးလား၊ ကျားလေးလား'

ကျားကြီးက....

'ကျွန်တော်ကျားကြီးပါ'

အာဏာသားက ခေါင်းညိတ်လိုက်သည်။

'မင်းသခင်လေးကိုပြောလိုက်၊ ဘုရင့်အမိန့်ကို ရှောင်တိမ်းလို့မရဘူး၊ ဒါကြောင့် ခုခံဖို့မကြိုးစားနဲ့၊ ငါနဲ့ နေပြည်တော်ကိုလိုက်ခဲ့ပါ၊ နောက်မှ ဘုရင့်ရှေ့မှောက်မှာ ရှင်းပြလိုက်ရင် ပိုပြီးကောင်းပါတယ်'

ကျားကြီးက မဲ့ပြုံးပြုံးလိုက်သည်။

'ကျွန်တော်တို့သခင်လေးဟာ ဘုရင့်အတွက် တိုက်ပွဲပေါင်းအများကြီး အသက်စွန့်ပြီး ဆင်နွှဲခဲ့ပါတယ်။ အဲဒါကိုမလိုမုန်းတီးတဲ့ လူတစ်ယောက်ရဲ့ ကုန်းချောမှုကြောင့် ပြစ်ဒဏ်ပေးတာ တရားသလားဗျ'

အာဏာသားက....

'ဒါက ဟိုရောက်မှရှင်းပါ၊ ကျုပ်တို့တာဝန်ကတော့ သူ့အဖမ်းမခံရင် အသေရရ အရှင်ရရ ဖမ်းရမှာပဲ'

ကျားကြီး မဲ့ပြုံး ပြုံးလိုက်ပြန်သည်။

'ခင်ဗျား ဖမ်းချင်တိုင်း ဖမ်းလို့ ရမယ် ထင်သလား'

အာဏာသား မျက်နှာ မည်းမှောင်သွားသည်။

'ဘာလဲ၊ ဘုရင့်ရဲ့အမိန့်ကို ဖီဆန်မလို့ လား'

ကျားကြီးက....

'ခင်ဗျား ထင်ချင်သလိုထင်၊ ကျုပ်တို့သခင်လေး ဘယ်တော့မှ အဖမ်းခံမှာ မဟုတ်ဘူး'

အာဏာသားက မဲ့ ပြုံး ပြုံးလိုက်သည်။

'ဒါဖြင့် ကျုပ်က တာဝန်ယူဆောင်ရွက်ရမှာပဲ'

သူကပြောရင်း အာဏာသားအား တိုက် ခိုက် လိုက်လေသည်။

အာဏာသားက ရယ်မောလိုက်သည်။

'မင်း သေချင်နေတာကိုး'

သူက ပြန်လည်တိုက်ခိုက်လေသည်။

အာဏာသား အဖွဲ့ များသည် ကျားကြီးအားဝိုင်းရံတိုက်ခိုက်လာသည်ကိုတွေ့ရသော ကျားလေးသည် ဒေါသ ချောင်းချောင်း ထွက်လာပြီး ဝင်ရောက် တိုက်ခိုက်လိုက်လေသည်။

* * *



တိုက်ပွဲသည် တဖြည်းဖြည်းပြင်းထန်လာလေသည်။

ကျားကြီးနှင့် ကျားလေးတို့သည် အနည်းနှင့် အများဖြစ်သော်လည်း လုံးဝကျောက်ရွံ့ခြင်းမရှိပဲ ကြံ့ကြံ့ခံ ခုခံနေ၏။

ထိုစဉ် ရုတ်တရက် လူတစ်ယောက်၏ အသံထွက်ပေါ်လာသည်။

'ရပ်လိုက်'

ကျားကြီးနှင့်ကျားလေးတို့သည် ထိုအသံကြားလိုက်သည်နှင့် တိုက်ခိုက်ရာမှ ရပ်တန့်သွားသည်။

အာဏာသား၏ လူစုများကလည်း တိုက်ခိုက်ရာမှ ရပ်တန့်လိုက်သည်။

လူတစ်ယောက်သည် လက်နှစ်ဘက် နောက်ပစ်ကာ အေးအေးအေးဆေးဆေး လျှောက်လာနေသည်ကို တွေ့မြင်လိုက်ရလေသည်။

ထိုလူမှာ ဖန်းကျင်းကန်းပင်ဖြစ်နေ၏။

အာဏာသားက သူ့အားတွေ့မြင်လိုက်သည်နှင့် လက်နှစ်ဖက်ဆုပ်၍အရိုအသေပြုလိုက်လေသည်။

'ကျုပ်က အာဏာသား အဖွဲ့ခေါင်းဆောင် ကျင်းလိုမာန်ပါ'

ဖန်းကျင်းကန်းက အရိုအသေ ပြုလိုက်သည်။

'ဟုတ်ကဲ့၊ နေပြည်တော်က ကျော်ကြားတဲ့ အာဏာသားတစ်ယောက်ပါ၊ ကျုပ်ကိုဖမ်းဖို့ လာတာမဟုတ်လား'

ကျင်းလိုမာန်က ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်၊ ဒါဘုရင့်အမိန့်ပါ၊ ကျုပ်လဲဘာမှမတတ်နိုင်ပါဘူး'

ဖန်းကျင်းကန်းက လက်ကာပြလိုက်သည်။

'ကျုပ်နားလည်ပါတယ်ဗျာ၊ ဒါနဲ့ ကျုပ်တစ်ယောက်တည်းပဲလား'

ကျင်းလိုဟန်....

'သုံးယောက်ပါ'

ဖန်းကျင်းကန်း မျက်မှောင်ကုပ်သွားသည်။

'ဘုရင့်အမိန့်က သုံးယောက်ဖမ်းဖို့ အမိန့်ပေးထားပါတယ်'

ဖန်းကျင်းကန်း ခေါင်းညိတ်လိုက်သည်။

'ကောင်းပြီလေ၊ ကျုပ်တို့လေးယောက် နေပြည်တော်ကို လိုက်ရှင်းမယ်၊ ဒါပေမယ့်....'

ကျင်းလိုဟန်က....

'ဒါပေမယ့် ဘာဖြစ်သလဲ'

ဖန်းကျင်းကန်းက....

'ကျုပ်တို့ ခင်ဗျားနောက်လိုက်သွားတဲ့အခါမှာ အကျဉ်းသားအဖြစ်သဘော မထားစေချင်ဘူး၊ အဲဒါသို့ခင်ဗျား လက်ခံနိုင်မလား'

ကျင်းလိုဟန်က....

'ကျုပ်က ဘုရင့်အမိန့်နဲ့ ဖမ်းဖို့လာတာပါပဲ ခင်ဗျားတို့ကို လာပင့်တာမဟုတ်ဘူးဆိုတာ သိကြရဲ့လား'

ဖန်းကျင်းကန်း မဲ့ပြုံးပြုံးလိုက်သည်။



'ဒါဖြင့် ခင်ဗျားကျုပ်တို့ကို ဘယ်လိုဖမ်းမလဲ'

သူသည်ပြောပြီး ရှေ့သို့ခြေတစ်လှမ်းတိုးကာ ရပ်တန့်လိုက်လေသည်။

ကျင်းလိုဟန်က....

'ခင်ဗျား ဘုရင့်အမိန့်ကို ဖီဆန်ရင် ဆွေခုနစ်ဆက် မျိုးခုနစ်ဆက် အသတ်ခံရမယ်ဆိုတာ သိရဲ့လား'

ဖန်းကျင်းကန်းက....

'ကျုပ်တို့အခု သုံးယောက်ထဲပဲရှိတယ်၊ ဆွေ မျိုး ဆို လို့ တစ်ယောက်မှ မရှိတော့ဘူး'

ကျင်းလိုဟန် ကြောင်အမ်းအမ်း ဖြစ်သွားသည်။

ဖန်းကျင်းကန်းကမဲ့ပြုံး ပြုံးလိုက်သည်။

'ရှင်းရှင်းပြောရမယ်ဆိုရင် ကျုပ်ကခင်ဗျားကို သတ်ချင်တယ်ဆိုရင် သဟာလို့ ရတယ်၊ ဒါပေမယ့် ခင်ဗျားက တာဝန်ဝတ္တရား ထမ်းဆောင်တဲ့ မင်းမှုထမ်းတစ်ယောက် ဖြစ်တဲ့အတွက် ကျုပ် မသတ်ဘဲ နေတာ'

ကျင်းလိုဟန်က မျက်နှာကွက်ခနဲပျက်သွားသည်။

'ဘာလဲ၊ ခင်ဗျားက ကျုပ်ကို သတ်မလို့လား'

ဖန်းကျင်းကန်းကခေါင်းခါရမ်းလိုက်သည်။

'မသတ်ပါဘူးဗျာ၊ ဒါပေမယ့် ကျုပ် ပြောတဲ့ အတိုင်း ခင်ဗျားလိုက်လျှောမယ်ဆိုရင် အကောင်းဆုံး ပါပဲ'

သူသည် စကားဆက်လိုက်သည်။

'ဒီလိုလုပ်ပါလေ၊ ခင်ဗျားနဲ့ကျုပ် သိုင်းကွက် ယှဉ်ပြိုင်မယ်၊ ခင်ဗျားရှုံးရင် ကျုပ်တို့သုံးယောက်ကို အကျဉ်းသားလို ချုပ်နှောင်မှုမပြုဘဲ နေပြည်တော်အထိ လိုက်မယ်'

သူသည် ပြုံး၍ စကားဆက်လိုက်သည်။

'တကယ်လို့ ခင်ဗျားနိုင်ရင် ကျုပ်တို့ကို သဘောအတိုင်း ဆောင်ရွက်နိုင်တယ်'

ကျင်းလိုဟ့န်က အနည်းငယ် စဉ်းစား လိုက်သည်။

'ကောင်းပြီလေ၊ ကျုပ် သဘောတူပါတယ်'

---



## (၁)

ကျင်းလိုဟန်သည် သူ၏ အပေါ် ဝတ်ရုံကို ချွတ်ချလိုက်လေသည်။

ထို့နောက် ဖန်းကျင်းကန်းနှင့် မျက်နှာချင်း ဆိုင်လိုက်လေသည်။

ဖန်းကျင်းကန်းက ပြုံးလိုက်သည်။

'ခင်ဗျားက ဧည့်သည်ဖြစ်တဲ့အတွက်စတင်တိုက်ခိုက်ဖို့ အခွင့်အရေးပေးပါတယ်'

ကျင်းလိုဟန်ဟာ မဲ့ပြုံးပြုံးလိုက်သည်။

'ဒီလိုဆိုလဲ ကျုပ် အားမနာတော့ပါဘူး'

သူသည် ပြောပြီးသည်နှင့် လက်သီးတစ်လုံးဖြင့် ဖန်းကျင်းကန်း၏ ရင်ဝသို့ ထိုးသွင်းလိုက်လေသည်။

ဤသိုင်းကွက်သည် အလွန်ရိုးစင်းသော သိုင်းကွက်ဖြစ်သည်။ ရှောင်လင်ကျောင်း၏ အပြင်းထန်ဆုံးသော ကျားနက် အသည်းစား သိုင်းကွက် ဖြစ်လေသည်။

ဖန်းကျင်းကန်းက ယင်းသိုင်းကွက်သည် ကြောက်မက်ဖွယ်ကောင်းသော အစွမ်းရှိသည်ကို နားလည်ထားသည်။

ထို့ကြောင့် သူသည် ပေါ့ပေါ့တန်တန် မယူဆဝံ့ဘဲ ခြေတစ်လှမ်း နောက်သို့ဆုတ်လိုက်ပြီး ခန္ဓာကိုယ်ကို ဘေးသို့ စောင်းပေးလိုက်သည်။

'ဝိုး'

ကျင်းလိုဟန်၏ ပြင်းထန်သော လက်သီးသည် လေထဲသို့ ထိုးမိသွားသည်။

ဖန်းကျင်းကန်း၏ လက်တစ်ဖက်သည် ထိုးသွင်းလာသော ကျင်းလိုဟန်၏ လက်ကောက်ဝတ်ကို ဖမ်းဆုပ်သည်။

ကျန်ရှိသော လက်တစ်ဖက်မှာ ကျင်းလိုဟန်၏ တံတောင်ဆစ်ကို လက်ဝါးဖြင့် တွန်းထုတ်လိုက်သေးသည်။

တစ်နည်းဆိုရလျှင် ဖန်းကျင်းကန်းက ကျင်းလိုဟန်၏ လက်ကောက်ဝတ်ကို ဖမ်းဆုပ်ပြီး တံတောင်ဆစ်ကို ရိုက်ချိုးလိုက်ခြင်း ဖြစ်သည်။

ကျင်းလိုဟန်၏ သိုင်းပညာ မခေလှပါ။



သူသည် ရှေ့သို့ ခြေတစ်လှမ်းတိုးလိုက်ပြီး တံတောင်ဆစ်ကို ကွေးလိုက်သည်။

သူ၏ ခန္ဓာကိုယ်သည် ဖန်းကျင်းကန်းနှင့် မျက်နှာချင်းဆိုင် အနေအထားသို့ ပြောင်းလဲလိုက်လေသည်။

တစ်ဆက်တည်းမှာပင် သူ၏ ညာဘက်လက်သည် ဖန်းကျင်းကန်း၏ ဝမ်းဗိုက်သို့ ထိုးသွင်းလိုက်လေသည်။

ဖန်းကျင်းကန်းက ကျင်းလိုဟန်၏ လက်ကို တွန်းဖယ်လိုက်သည်။

နောက်သို့ ခြေတစ်လှမ်းဆုတ်လိုက်ပြီး သူ၏လက်နှစ်ဖက်သည် လက်ဝါးအနေအထားပြောင်းလိုက်ပြီး ကျင်းလိုဟန်၏ လက်ဝါးကို တွန်းထုတ်လိုက်သည်။

ဤသိုင်းကွက်သည် လူသန်ကြီး တောင်ဖို့ သိုင်းကွက် ဖြစ်သည်။

လက်ဝါးနှစ်ဖက် တွန်းထုတ်သော အင်အားမှာ အလွန်ပြင်းထန်လှပေသည်။

ကျင်းလိုဟန်က နေပြည်တော် အာဏာသားများထဲ၌ သိုင်းပညာ အလွန် အစွမ်းထက်သော နန်းတွင်းအာဏာသားမှူး (၁၀)ယောက်ထဲမှ တတိယနေရာယူထားသူ ဖြစ်သည်။

ထို့ကြောင့် ဖန်းကျင်းကန်း၏ ပြင်းထန်သော သိုင်းကွက်ကို သူက လက်နှစ်ဖက် လက်အုပ်ချီလိုက်ပြီး အလယ်မှ အပေါ်သို့ မြှောက်၍ ဖန်းကျင်းကန်း၏ လက်ဝါးနှစ်ဖက်ကို ဘေးနှစ်ဖက်သို့ ယိမ်းယိုင်သွားစေလေသည်။

သူတို့သည် သိုင်းကွက်တစ်ကွက် ယှဉ်ပြိုင်ပြီးသွားသဖြင့် နောက်သို့ ခြေတစ်လှမ်းကိုယ်စီ ဆုတ်သွားလေသည်။

ကျင်းလိုဟန်က ပြုံးပြလိုက်သည်။

'ခင်ဗျားက ဘယ်ဆိုးလို့တုံး'

ဖန်းကျင်းကန်းကလည်း ပြုံးပြလိုက်သည်။

'ခင်ဗျားကိုလဲ ချီးကျူးပါတယ်ဗျာ'

သူသည် ဆက်လက်တိုက်ခိုက်ရန် အသင့်ပြင်ထားလိုက်သည်။

'ပထမသိုင်းကွက်ကတော့ သရေဖြစ်ပါတယ်၊ ဒုတိယသိုင်းကွက် စကြပါစို့'

ကျင်းလိုဟန်က လက်ကာပြလိုက်သည်။

'သိုင်းပညာရဲ့ အတိမ်းအနက်ကို သိုင်းကွက်တစ်ကွက်တည်းနဲ့ သိနိုင်ပါတယ်ဗျာ၊ ဒါကြောင့်....'

သူသည် ဝတ်ရုံကို ပြန်လည် ဝတ်ဆင်ထားလိုက်လေသည်။

ဖန်းကျင်းကန်း မျက်မှောင်ကြုတ်သွားလေသည်။

'ခင်ဗျား ဘာသဘောလဲဗျ'

ကျင်းလိုဟန်က....

'ခင်ဗျားတို့ကို အကျဉ်းသားတစ်ယောက်အနေနဲ့ မဟုတ်ဘဲ ကျုပ်ရဲ့ ဧည့်သည်အဖြစ် နေပြည်တော်ကို လိုက်ဖို့ ဖိတ်ခေါ်ပါတယ်ဗျာ'

ဖန်းကျင်းကန်းက အရှိအသေပြုလိုက်လေသည်။

'ခင်ဗျားက သိုင်းပညာရှင်တစ်ယောက်ဖြစ်ပြီး မာနထောင်လွှားမှု မရှိတာကို တွေ့ရလို့ ကျုပ် လေးစားပါတယ်ဗျာ'

သူသည် ထပ်မံ အရှိအသေပြုလိုက်ပြန်သည်။



'ကနေ့ညတော့ ကျုပ်တို့ရဲ့ ဧည့်သည်တော်အဖြစ် ဂုဏ်ပြုဧည့်ခံပါရစေဗျာ'

ကျင်းလိုဟန်က ပြုံးလိုက်လေသည်။

'အားတော့နာပါတယ်၊ ကျုပ်က ငြင်းရင် ခင်ဗျားကို မလေးစားရာရောက်မှာကို စိုးရိမ်လို့ ကျေးဇူးတင်စွာဖြင့် လက်ခံပါတယ် ခင်ဗျာ'

ရန်သူသဖွယ်နိဒါန်းပျိုးလာသော ကျင်းလိုဟန်နှင့် ဖန်းကျင်းကန်းတို့သည် တစ်ယောက်အပေါ် တစ်ယောက် လေးစားပြီး အလွန်ရင်းနှီးသောမိတ်ဆွေအဖြစ်သို့ တစ်မုဟုတ်ချင်းကူးပြောင်းသွားလေတော့သည်။

* * *

နောက်တစ်နေ့နံနက်။

ဖန်းကျင်းကန်း၊ ကျားကြီးနှင့် ကျားလေးတို့သည် ကျင်းလိုဟန်တို့နှင့်အတူ နေပြည်တော်သို့ ထွက်ခွာသွားကြလေသည်။

ဖန်းကျင်းကန်းသည် ရဲတိုက်ကို သူ၏ အားကိုးရသော လုံးစိန်အား လွှဲအပ်လိုက်လေသည်။

အိမ်တွင်းအထွေထွေကိစ္စများကို ချင်းချင်းအား လွှဲအပ်လိုက်လေသည်။

ကျားလေးသည် မိမိဇနီးလောင်းဖြစ်သူ ချင်းချင်းအပေါ် စောင့်ရှောက်ပေးရန် လုံးစိန်အား မှာကြားထားလေသည်။

လုံးစိန်ကလည်း ကျိုးနွံစွာဖြင့် ပေးသည့်တာဝန်အားလုံးကို ကျေပွန်စွာ ထမ်းဆောင်မည့်အကြောင်း ချင်းချင်းအပေါ် မိမိ ညီမအရင်းကဲ့သို့ စောင့်ရှောက်ပေးမည် ဆိုသည့် အကြောင်းကို အသိပေးလိုက်လေသည်။

ကျားလေးက စိတ်ချသွားသဖြင့် နေပြည်တော်သို့ စိတ်ချလက်ချ ထွက်ခွာသွားလေတော့သည်။

* * *

ပြောင်းလဲခြင်း

(၁)

ဖန်းကျင်းကန်းတို့လူစု ရဲတိုက်မှထွက်ခွာသွားသည်မှာ တစ်လပင် ရှိသည်ဖြစ်ရာ ဖန်းကျင်းကန်းတို့လူစုကို လုံးဝ မတွေ့ရတော့ပါ။

လုံးစိန်သည် ဖန်းကျင်းကန်းတို့ ထွက်သွားသော ရက်အနည်းငယ်အတွင်း ခါတိုင်းကဲ့သို့ သူ၏ တာဝန် ဝတ္တရားများကို ရိုးသားစွာ ဆောင်ရွက်လေသည်။

သို့သော် ရက်အတန်ကြာသွားသည့်တိုင်အောင် ဖန်းကျင်းကန်းတို့၏ သတင်းကို မရရှိသဖြင့် ဘုရင်၏ အမိန့် ပြစ်ဒဏ်ခတ်ခြင်း သင့်ပြီဟု ယူဆလေသည်။

ယင်းကဲ့သို့ အသိစိတ်များဝင်လာသောအခါ မရိုးသားသော စိတ်များ ဝင်ရောက်လာလေသည်။

သူသည် မိမိကိုယ်မိမိ ရဲတိုက်မှူးအဖြစ် သတ်မှတ်လိုက်လေသည်။

ရဲတိုက်တွင်း ရှိရှိသမျှ လူများကိုလည်း အနိုင်ကျင့်လာလေသည်။

ရဲတိုက်မှ ငွေများကိုလည်း ထင်သလို သုံးဖြုန်းလာလေသည်။

နောက်ဆုံး သူသည် ချင်းချင်းကို သိမ်းပိုက်ရန်ပင် ခြေလှမ်းလှမ်းလာလေသည်။

* * *

ချင်းချင်းသည် အလွန်လှပသော မိန်းကလေးတစ်ယောက်ဖြစ်သည်။

အသက်ကလည်း ငယ်ရွယ်သူတစ်ယောက် ဖြစ်လေသည်။

သူမသည် ကျားလေးနှင့် မေတ္တာမျှခဲ့သည် မှန်သော်လည်း ယခု လုံးစိန်က သူမအပေါ် မေတ္တာဆိုလာသောအခါ လုံးစိန်၏



ရုပ်ရည် ကျားလေးနှင့် များစွာ သာလွန်သည့်အပြင် စကားပြောလည်း ချိုသည်။

မိမိအပေါ် ယုယ ကြင်နာလာသည်ကို တွေ့ရသောအခါ လုံးစိန်အပေါ် သာယာမိလာသည်။

ထို့ပြင် ကျားလေးမှာ သေဆုံးပြီဟု လုံးစိန်က တိဘိ ကျကျ ပြောလာသဖြင့် မိမိအဖို့ အလိုလိုအားငယ်လာလေသည်။

ထို့ကြောင့် သူမသည် လုံးစိန်၏ မေတ္တာကို လက်ခံလိုက်လေသည်။

သူတို့နှစ်ယောက်သည် တစ်နေ့တခြား ပို၍ ရင်းနှီးလာခဲ့ရာ နောက်ဆုံး ရည်းစားဘဝမက လင်မယားမကျသော အခြေအနေသို့ ဆက်ဆင်းလာမိလေသည်။

* * *

( ၂ )

ကံကြမ္မာသည် အမြဲတမ်း အကွေ့အကောက် အလှည့်အပတ်ရှိသည့် အားလျော်စွာ မမျှော်လင့်သော နေ့တစ်နေ့တွင် သူမသည် မမျှော်လင့်တဲ့ ကျားကြီးတို့လူစု ပြန်လည် ရောက်ရှိလာသည်ကို တွေ့ဆုံ ရင်ဆိုင်လိုက်ရလေသည်။

ကျားလေးသည် ပြန်လည် ရောက်ရှိလာသဖြင့် ချင်းချင်းအား ဝမ်းပန်းတသာ နှုတ်ဆက်လိုက်သည်။

'ချင်းချင်း၊ မင်း နေကောင်းရဲ့လား'

ချင်းချင်း ကြောင်တောင်တောင်ဖြင့် မည်သို့မျှပြန်နှုတ်မဆက်နိုင်ဘဲ ဖြစ်သွားလေသည်။

ကျားလေးသည် ချင်းချင်းမှာ မိမိအား ပြန်တွေ့ရသဖြင့် ဝမ်းသာ၍ ယခုကဲ့သို့ ဖြစ်သည်ဟု ယူဆမိလေသည်။

'ချင်းချင်း၊ မင်း နေကောင်းရဲ့လား'

သူသည် အကြိမ်ကြိမ်မေးလိုက်တော့မှ ခေါင်းညိတ်လိုက်လေသည်။

သူမလည်း စကားတစ်လုံးမှ မပြောပါ။

ကျားလေးလည်း နားမလည်နိုင်အောင် ဖြစ်သွားလေသည်။

* * *

ကျားလေးသည် ရဲတိုက်သို့ပြန်ရောက်လာသည်မှာ(၁၀)ရက်ခန့် ရှိပြီ ဖြစ်သည်။



သူသည်သခင်မလေးဖြစ်သူ ဖန်းကျောင်းကန်းအား ချင်းချင်းနှင့် လက်ထပ်ပေးရန် ခွင့်တောင်းလိုက်ရာ ဖန်းကျောင်းကန်းက ခွင့်ပြုလိုက်လေသည်။

မင်္ဂလာနေ့မြတ်ကိုလည်း သတ် မှတ် ပေး လိုက် လေ သည်။ သူသည် ယင်းသတင်းကို ချင်းချင်းအား အားရပါးရ ပြောပြလိုက်သောအခါ ချင်းချင်း ဟန်မူရာမှာ ဝမ်းသာသည့် အရိပ်အယောင်များ လုံးဝ မတွေ့ရသဖြင့် မျက်နှာညှိုးငယ်သွားသည်ကို တွေ့ရှိရလေသည်။

'ချင်းချင်း မင်းအခုတလော တတွေတွေတမှိုင်မှိုင်နဲ့ ဘာဖြစ်နေတာလဲ ဟင်'

ချင်းချင်းက ခေါင်းခါယမ်းလိုက်လေသည်။

'ဘာမှမဖြစ်ပါဘူး'

သူမသည် ပြောပြီး သူ့အခန်းသို့ ဝင်သွားလေသည်။

ကျားလေး၏ရင်ထဲ၌ လေးလံ၍လာ၏။ ချင်းချင်းမှာ စိတ်သဘောထား ပြောင်းလဲသွားသည်ကို အလိုလို ခံစားလိုက်ရလေသည်။

'ချင်းချင်းတစ်ယောက် စိတ်များ ပြောင်းလဲသွားပြီလား' ဟု ရင်ထဲ၌ တွေးမိလာလေတော့သည်။

* * *

အချိန်သည် တရွေ့ရွေ့ ကုန်ဆုံးသွားသည်။

ကျားလေးနှင့် ချင်းချင်း တို့၏ မင်္ဂလာလက်ထပ်ပွဲညပင် ရောက်ရှိလာလေသည်။

သတို့သမီး ချင်းချင်းသည် ပန်းနုရောင်အင်္ကျီနှင့် ပန်းနုရောင် အထပ်တစ်ရာဂါဝန်ရှည် ဝတ်ဆင်လျက် သူမ၏ခေါင်းပေါ်တွင် ခေါင်းစည်းစည်း၍ ဖိနပ်မှာလည်း ပန်းနုရောင် ဖြစ်လေသည်။

သူမ၏ပြင်ဆင်မှုသည် ကျားလေး၏ မျက်လုံးထဲမှ မထွက်နိုင်တော့ပါ။

ယင်းကဲ့သို့ နတ်သမီးတမျှ ချောမောလှပသောဇနီးကို ရရှိထားသဖြင့် ရင်ထဲ၌ ပီတိဖြာနေ၏။

ထုံးတမ်းစဉ်လာအရ သတို့သားနှင့် သတို့သမီးတို့ လက်ထပ်ပွဲ အခမ်းအနား ကျင်းပပြီးနောက် သတို့သမီး ချင်းချင်းအား မိန်းမပျိုအဖော်များ ခြံရံလျက် အခန်းသို့ ပို့ဆောင်လိုက်လေသည်။

ကျားလေးမှာ ဧည့်သည်များကို ဧည့်ခံနေရသဖြင့် ညဉ့်နက်သန်းခေါင် ဧည့်ပရိသတ်များ ပြန်သွားသည်အထိ နေရလေသည်။

သူသည် ဧည့်ပရိသတ်များနှင့် အပြန်အလှန် သောက်နေရသောကြောင့် အရက်အလွန်အကျွံ မူးနေ၏။



သူသည် ယိမ်းယိုင်သောခြေလှမ်းဖြင့် အခန်းသို့သွားရန် ခြေလှမ်း လှမ်းလိုက်သောအခါ သူ့ရှေ့တွင် လုံးစိန်က လာရောက်ရပ်နေသည်ကို တွေ့ရလေသည်။

'ဘာကိစ္စရှိလို့လဲ လုံးစိန်'

သူသည် လျှာလေးအာလေးဖြင့် မေးလိုက်သည်။

လုံးစိန်က မျက်နှာချိုသွေးလျက်....

'ခင်ဗျားရဲ့ မင်္ဂလာဦးညကို ဂုဏ်ပြုတဲ့အနေနဲ့ အရက်တိုက်ချင်လို့ပါ'

ကျားလေးက လက်ကာပြလိုက်သည်။

'မလိုပါဘူးဗျာ၊ ကျုပ်သောက်တာ တော်တော်များသွားပြီဗျ'

လုံးစိန်က....

'ကျုပ်က ဂုဏ်ပြုချင်လွန်းလို့ တစ်ခွက်တည်းပဲ သောက်ပါဦးဗျာ'

သူသည် အရက်ခွက် လှမ်းပေးလိုက်လေသည်။

'ဒီလောက် သောက်စေချင်ရင် သောက်ပါ့မယ်ဗျာ'

ကျားလေးသည် အရက်ခွက်ကိုလှမ်းယူ၍ မော့ချလိုက်လေသည်။

'ကဲ....မင်း ကျေနပ်ပြီမဟုတ်လား'

လုံးစိန်က ကောက်ကျစ်စဉ်းလဲစွာ ပြုံးလိုက်သည်။

'ကျေနပ်ပါပြီဗျာ'

လုံးစိန်သည် တစ်ချက်ပြုံးပြလိုက်သည်။

သူသည် ခြေလှမ်းယိမ်းယိုင်စွာဖြင့် အခန်းတွင်းသို့ လှမ်းဝင်သွားလေသည်။

* * *

ကျားလေးသည် အခန်းထဲသို့ လှမ်းဝင်လိုက်သည်နှင့် ပန်းနုရောင် အဝတ်အစားများ မှမ်းမံထားသော သတို့သမီးချင်းချင်းအား မြင်တွေ့လိုက်ရလေသည်။

'ချင်းချင်း ငါနောက်ကျသွားတာကို ခွင့်လွှတ်ပါ'

သူသည် ပြောရင်း ချင်းချင်းထံသို့ ခြေလှမ်း လှမ်းလိုက်လေသည်။

သို့သော် အဘယ်ကြောင့်မှန်းမသိ။ မြေပေါ်သို့မှောက်လျက်လဲကျသွားလေသည်။

သူသည် ခေါင်းမော့ကြည့်လိုက်ရာ အဖြူရောင်လူရိပ်တစ်ခုက အခန်းထဲသို့ တိတ်တဆိတ်ဝင်ရောက်လာသည်ကို တွေ့မြင်လိုက်ရလေသည်။



တစ်ဆက်တည်းမှာပင် ချင်းချင်းက ထိုအဖြူရောင်လူရိပ်နှင့်အတူ အခန်းထဲမှ ရွေ့လျားသွားသည်ကို တွေ့လိုက်ရသည်။

'ချင်းချင်း မင်းဘယ်သွားမလို့လဲ'

သူသည် စကားကို နောက်ဆုံးပြောလိုက်ခြင်း ဖြစ်သည်။

အကြောင်းမှာ သူသည် လုံးဝသတိလစ်သွားလေတော့သည်။

* * *

မည်မျှ အချိန်ကုန်ဆုံးသွားမှန်းမသိ။

ကျားလေးသည် သတိရလာလေသည်။

သူ၏ဦးခေါင်းတစ်ခုလုံး နာကျင်ကိုက်ခဲသော ဝေဒနာကို ပြင်းထန်စွာ ခံစားလိုက်ရလေသည်။

သူသည် လူးလိမ့်၍ထလိုက်ရာ မိမိမှာ ကြမ်းပြင်ပေါ်၌ရောက်ရှိနေသည်ကို တွေ့ရှိရလေသည်။

ယခုမှ သူသည် ချင်းချင်းအား သတိရလာလေသည်။

ညတုန်းက မိမိမှာ မင်္ဂလာဦးညဖြစ်မှန်း သတိရလာလေသည်။

သူသည် အခန်းတစ်ခုလုံးအား ဝေ့ကြည့်လိုက်သည်။

ချင်းချင်းကို မတွေ့ရချေ။

'ချင်းချင်း'

သူသည် အော်ခေါ်ရင်း အပြင်ဘက်သို့ ထွက်လိုက်လေသည်။ အိမ်ဖော်တစ်ယောက် လျှောက်လာသည်ကို တွေ့မြင်လိုက်ရသဖြင့်....

'ဟေ့-ချင်းချင်းကို တွေ့လား'

အိမ်ဖော်က ခေါင်းခါယမ်းလိုက်သည်။

'မတွေ့မိဘူး'

ကျားလေး၏ရင်ထဲ၌ လေးလံသော ခံစားချက်များ ခံစားလိုက်ရလေသည်။

သူသည် ညှော်ခန်းရှိရာသို့ ပြေးလွှားသွားသည်။

ညှော်ခန်းထဲ၌ ဖန်းကျင်းကာန်းနှင့် ကျားကြီးတို့ စကားပြောဆိုနေကြသည်ကို တွေ့ရလေသည်။

'အစ်ကိုကြီး၊ ချင်းချင်းကို မတွေ့မိဘူးလား'

ကျားကြီး အံ့အားသင့်သွားသည်။

'ဟာ....မင်းမိန်းမ မင်းအခန်းထဲမှာ မရှိဘူးလား'

'မရှိဘူး အစ်ကိုကြီး'

'ဒါဖြင့် မီးဖိုဆောင်ထဲမှာရော'

'အိမ်ဖော်က မတွေ့ဘူးလို့ ပြောပါတယ်'

ကျားကြီး မျက်မှောင်ကြုတ်သွားသည်။

'လိုက်ရှာကြည့်ပါဦး၊ တစ်နေရာရာ ရောက်နေတာနဲ့တူတယ်'



ကျားလေးသည် ရဲတိုက်တစ်ခုလုံးသို့ ထပ်မံရှာဖွေကြည့်ရာ ချင်းချင်းအား မတွေ့ရသည့်အပြင် လုံးစိန် တစ် ယောက် ပါ ပျောက်ဆုံးနေသည်ကို တွေ့ရှိရလေသည်။

သူသည် ညတုန်းက နောက်ဆုံး မြင်တွေ့လိုက်ရသော မြင်ကွင်းကို အမှတ်မထင် မြင်ယောင်လာလေသည်။

ချင်းချင်းအား အဖြူရောင်လူရိပ်တစ်ခုက လာရောက်ဆွဲခေါ်သွားသည်ဟု ဇဝေဇဝါ မြင်မိလိုက်သည်။

ထိုအဖြူရောင်လူရိပ်သည် လုံးစိန်ပင် ဖြစ်နေသည်လော။

ထိုည လုံးစိန်မှာ အဖြူရောင်အင်္ကျီ ဝတ် ဆင် ထား သည် မဟုတ်ပါလော။

ဤသို့ဆိုလျှင်....

ကျားလေးသည် မတွေးဝံ့အောင် ဖြစ်လာလေသည်။

ချင်းချင်းသည် လုံးစိန်နောက်သို့ လိုက်သွားခြင်းဖြစ်မည်ဟုလည်း ယုံကြည်လာလေသည်။

သူသည် အံကို တင်းတင်းကြိတ်လိုက်သည်။

သူ၏ရင်ထဲ၌ အမည်နာမ မဖော်ပြတတ်သော မီးတောက်မီးလျှံ တစ်ခုက မိမိအသည်းနှလုံးများကို လောင်ကျွမ်းလာစေလေသည်။

သူသည် အံကို တင်းတင်းကြိတ်လိုက်သည်။

'မင်းတို့ လွတ်အောင်ပြေးပေတော့၊ တွေ့ရာသင်္ချိုင်း ခါး မဆိုင်းကွနော်'

သူသည် လက်လှုးကို ကျစ်ကျစ်ပါအောင်ဆုပ်ရင်း ကြုံးဝါး လိုက်လေသည်။

* * *

မြင်းတစ်ကောင်သည် မြေနီလမ်းအတိုင်း အတင်းမောင်းနှင် နေ၏။

မြင်းပေါ်၌ စီးနင်းလိုက်ပါလာသူမှာ ကျားလေးပင်ဖြစ် လေသည်။

ကျားလေးသည် မြင်းကိုဒုန်းစိုင်း မောင်းနှင်၍ လုံ့ဝိန်နှင့် ချင်းချင်းတို့နောက်သို့ လိုက်နေခြင်းဖြစ်သည်။

သူသည် ရဲက်တိုက်မှ ထွက်ခွာလာခဲ့သည်မှာ ခုနစ်နေ့နှင့် ခုနစ်ည ရှိပြီဖြစ်သည်။



ခုနစ်ရက်နှင့် ခုနစ်ညအတွင်းမှာ သူသည် တခေရးမှမအိပ်ခဲ့ ရသေးပါ။ အစားလည်း လုံးဝမစားခဲ့ပါ။

ယခု သူ့အား ရုတ်တရက်မြင်တွေ့လိုက်လျှင် အံ့သြသွား မည်သာဖြစ်သည်။

သူ၏ ဆံပင်များသည် မဖီးမလိမ်း ရှုပ်ပွနေသည့်အပြင်၊ ဦးခေါင်းတစ်ခုလုံးမှာလည်း ဖုန်အလိမ်းလိမ်း ပေကျံနေ၏။

သူ၏မျက်လုံးအစုံသည်ခုနစ်ရက်လုံးလုံး မအိပ်ရသောကြောင့် မီးတောက်မီးလျှံပမာ နီရဲနေ၏။

ယခု သူ၏စိတ်ထဲတွင် အခြားမည်သည့်နေရာကိုမှ ဂရုမစိုက် နိုင်ပါ။ သူ၏စိတ်ထဲတွင် ချင်းချင်းကိုသာ ပြန်လည်တွေ့ရှိရန် သာဖြစ်လေသည်။

ယနေ့အဖို့သူသည် လမ်းဆုံလမ်းခွ စားသောက်ဆိုင်တစ်ခု၌ လုံ့ဝိန်နှင့် ချင်းချင်းတို့၏ သတင်းကို ကြားခဲ့ရလေသည်။

'အင်္ကျီအဖြူဝတ်ထားတဲ့လူတစ်ယောက်နှင့်ပန်းနုရောင်ဝတ် ဆင်ထားတဲ့ မိန်းကလေးတစ်ယောက် ဒီကဖြတ်သွားတာကိုတွေ့ မိလိုက်သလားခင်ဗျား'

'ဟုတ်ကဲ့....တွေ့မိပါတယ်'

'သူက ဘယ်ကိုသွားတာလဲ'

'ညာဘက်လမ်းကို ဆက်သွားတာ တွေ့ရပါတယ်'

ယင်း သတင်းသည် စားသောက်ဆိုင်မှ ဆိုင်လုလင် တစ်ယောက်ထံမှ ကြားသိရသော သတင်းဖြစ်သည်။

ဆိုင်လုလင်ပြောပြသော ထိုလူနှင့်အမျိုးသမီးမှာ လုံးစိန်နှင့် ချင်းချင်းဖြစ်နိုင်သည်ဟု သူယုံကြည်လေသည်။

ထို့ကြောင့် သူသည် ညာဘက်လမ်းသို့ ချိုးလိုက်ပြီးဆက်လက် မောင်းနှင် ထွက်ခွာသွားလေသည်။

* * *

ကျားလေးသည် မြင်းကို အပြင်းမောင်းကာ ရှေ့သို့ဆက်လက် ထွက်ခွာသွားရာ မကြာမီသူသည် ရှေ့မှလူနှစ်ယောက်အား တွေ့မြင်လိုက်ရလေသည်။

၎င်းတို့မှာ လည်း အင်္ကျီအဖြူဝတ်ထားသော ယောကျ်ားတစ်ယောက်နှင့် ပန်းနုရောင် အင်္ကျီဝတ်ဆင်ထားသော မိန်းမတစ်ယောက်ဖြစ်လေသည်။

ကျားလေးက မြင်းကိုမောင်း၍ လိုက်သွားရာ အနီးကပ်ကြည့်လိုက်သောအခါ လုံးစိန်နှင့် ချင်းချင်းတို့ ဖြစ်နေသည်ကို တွေ့ရလေသည်။



သူသည် မြင်းကို ရပ်တန့်လိုက်ပြီး ခုန်ဆင်းလိုက်သည်။ ထို့နောက် ဝါးစားမတတ် အကြည့်မျိုးဖြင့် လုံးစိန်အားတလှည့်၊ ချင်းချင်းအားတလှည့် ကြည့်လိုက်လေသည်။

လုံးစိန်နှင့် ချင်းချင်းတို့သည် ကျားလေးအား မမျှော်လင့်ပဲ တွေ့လိုက်ရသောအခါ ထိတ်လန့်တုန်လှုပ်သွားကြလေသည်။

လုံးစိန်က မပြောမဆိုပဲ ဓားကိုဆွဲကာ ကျားလေးအား တိုက်ခိုက်လိုက်လေသည်။

ကျားလေးက ပို၍ ဒေါသထွက်လာသည်။

'လူယုတ်မာ သေပေတော့'

သူသည် ယင်းသို့ ကြုံးဝါးရင်း လုံးစိန်အား ဝင်ရောက်နပန်းလုံးလိုက်လေသည်။

လုံးစိန်၏ သိုင်းပညာမှာ မခေလှပါ။ သို့သော် မိမိ၏လုပ်ရပ်မှာ မမှန်မကန် ဖြစ်နေသည်ကတကြောင်း၊ ကျားလေး၏ ခွန်အားမှာသာမာန်လူထက်များစွာ ကြီးမားသည်ကတကြောင်း ကျားလေး၏လက်နှစ်ဘက်သည် သံညှပ်များပမာ လုံးစိန်၏လည်မျိုအား ညှစ်ထားလိုက်လေသည်။

လုံးစိန်က အစွမ်းကုန် ရုန်းကန်သော်လည်း မရပါ။ နောက်ဆုံးသူသည် အသက်ရှူ ရပ်တန့်သွားပြီး မျက်လုံးများပြူးထွက်လာလေသည်။

သို့တိုင်အောင် သူက လက်မလွှတ်သေးပဲ တအား ညှစ်ထားသေး၏။

လုံးစိန်က လုံးဝ မလှုပ်ရှားနိုင်တော့မှ လက်လွှတ်လိုက်လေသည်။

လုံးစိန်၏ ခန္ဓာကိုယ်သည် ပျော့ခွေပြီး မြေပေါ်သို့လဲကျသွားလေသည်။

* * *

ချင်းချင်း၏ ခန္ဓာကိုယ်သည် တဆတ်ဆတ်တုန်ခါနေ၏။

လူမ၏မျက်နှာတစ်ခုလုံးမှာ သွေးရောင်မရှိ ဖြူဖပ်ဖြူလျော်ဖြစ်နေ၏။ သူမ၏မျက်လုံးအစုံသည် သူမထံသို့ တစ်လှမ်းချင်းလှမ်းလာနေသော ကျားလေးအား ကြောက်ရွံ့စွာကြည့်နေ၏။

ကျားလေးက သူမရှေ့တွင် ခြေလှမ်း ရပ်တန့်သွားသည်။ သူ၏မျက်လုံးအစုံသည် မီးတောက်မီးလျှံပမာ ချင်းချင်းအား စိုက်ကြည့်နေ၏။

'မင်းဘာပြောချင်သေးလဲ'

ကျားလေး၏အသံသည် ချင်းချင်း၏နားထဲသို့ မိုးခြိမ်းသံအလား ခံစားလိုက်ရလေသည်။ သူမသည် စကားတစ်ခွန်းမှ ပြန်မပြောပါ။ ပြောလည်းအသံမထွက်နိုင်ပါ။ ကြောက်ရွံ့သည့်စိတ်များက သူမ၏တစ်ကိုယ်လုံး လွှမ်းခြုံထားလေပြီ။



'မင်းက ဘာဖြစ်လို့ သစ္စာဖောက်ရတာလဲ'

ကျားလေးက ရင်နာစွာဖြင့် မေးလိုက်သည်။

ချင်းချင်းသည် ကြောက်ရွံ့တုန်လှုပ်စွာ ကြည့်နေရုံမှတစ်ပါး မလှုပ်မယှက်ထိုင်နေ၏။

'မင်းကို လူ့လောကမှာ မထားဘူး'

ကျားလေးက ပြောရင်း သူမထံ တစ်လှမ်းချင်း လှမ်းလိုက်လေသည်။

ချင်းချင်းမှာမူ နောက်သို့လည်း မဆုတ်ပါ။ ရှောင်တိမ်းခြင်းလည်းမပြုပါ။ သူမသည် သက်မဲ့တစ်ယောက်ပမာ မလှုပ်မယှက်ထိုင်နေ၏။

ကျားလေး၏လက်နှစ်ဘက်သည် သူမ၏လည်မျိုထံသို့ရောက်ရှိသွားသည်။

ထို့နောက် သူမ၏လည်မျိုအား ဖမ်းဆုပ်ထားလိုက်လေသည်။ ချင်းချင်းက မတုန်လှုပ်ပါ။ ရုန်းကန်မှုလည်းမပြုပါ။

ကျားလေး၏ လက်နှစ်ဘက်သည် ချင်းချင်း၏ လည်မျိုအား ညှစ်လိုက်လေသည်။ သို့တိုင်အောင် ချင်းချင်းက ရုန်းကန်ခြင်းလုံးဝမပြုပါ။ မလှုပ်မယှက် ထိုင်မြဲထိုင်နေ၏။

'မင်း....မင်း'

ကျားလေးက ယင်းသို့အော်ဟစ်လိုက်ပြီး ချင်းချင်း၏လည်မျိုကို လွှတ်လိုက်လေသည်။

ထို့နောက် မတ်တတ် ရပ်လိုက်၏။ သူသည် မြင်းပေါ်ခုန်တက်ပြီး လာလမ်းအတိုင်း ပြန်လည် မောင်းနှင် ထွက်ခွာသွားလေသည်။ ၊

အတ ကြာမှ ချင်းချင်း ခေါင်းမော့ကြည့်လိုက်သည်။

ကျားလေးနှင့် မြင်းသည် အဝေးသို့ ရောက်သွားပြီ ဖြစ်လေသည်။

မျက်ရည်များသည် သူမ၏ ပါးပြင်းပေါ်သို့ လိမ့်ဆင်းလာလေသည်။

'အစ်ကိုရယ်၊ ကျွန်မကို ဘာဖြစ်လို့ သတ်မသွားတာလဲဟင်'
ဟု တိုးတိုးကလေး ရေရွတ်မိလေသည်။

* * *

ကျားကြီးသည် ကျားလေးအား ရှာဖွေတွေ့ရှိသောအခါ ကျားလေးသည် မိမိ၏ ဘဝတစ်ခုလုံးပင် မေ့လျော့သွားအောင် စိတ်ဖောက်ပြန်နေသည်ကို တွေ့ရလေသည်။

သူသည် ကျားလေးအား ရဲတိုက်ထဲသို့ ပြန်လည်ခေါ်ဆောင်သွားပြီး သမားတော်ကြီးများနှင့် ကုသသော်လည်း ပျောက်ကင်းသွားခြင်း မရှိပေ။

ထို့ပြင် အချိန်ကြာလာလေလေ အရူးရင့်လာလေလေ ဖြစ်လေသည်။



အထူးသဖြင့် သူသည် ပန်းနုရောင် အဝတ်အစား ဝတ်ဆင်ထားသော မိန်းကလေးကို တွေ့မြင်မိသောအခါ ဖမ်းဆီးသတ်ဖြတ်လိုသောစိတ်ရူးဖြစ်ပေါ်လာတတ်ပေသည်။

ကျားကြီးသည် မည်သို့မှ မတတ်နိုင်သည့် နောက်ဆုံး သူ့အား ကျောက်တုံးဖြင့် တည်ဆောက်ထားသော အခန်းတွင် ချုပ်နှောင်ထားလေသည်။

အရူးစိတ်ပြေသွားတော့မှ မြေအောက်ခန်းသို့ ပို့ထားခြင်းဖြစ်လေသည်။

* * *

ယင်းဖုံးသည် ကျားလေးအကြောင်း သေသေချာချာ ရှင်းပြပြီးသောအခါ ဝတုတ်နှင့် အချင်းတို့သည် အလွန်စိတ်ဝင်စားသော ပုံပြင်တစ်ပုဒ် နားထောင်ရသည့်အလား ခံစားမိလေ၏။

အာဏာသားဝတုတ်က...

'ဒီအကြောင်းတွေကို ခင်ဗျားက ရှုပ်တိရှုပ်ထွေးမရှိအောင် ပြောနိုင်တာ ကျုပ်ဖြင့် အံ့သြလို့ မဆုံးနိုင်ပါဘူး'

ယင်းဖုံးက ပြောလိုက်လေသည်။

'ဒါကတော့ ကျွန်မက ဖန်းကျင်းကန်းရဲ့ မှတ်စုကို ဖတ်ပြီး လက်ရှိအဖြစ်အပျက်များနဲ့ ပေါင်းစပ်လိုက်ပြီးတော့ အခုလို အဖြေထွက်လာတာပေါ့'

အချင်းက ခေါင်းညိတ်လိုက်သည်။

'ဒီမှတ်စုက ကယ်ပေလို့ပေါ့၊ နို့မဟုတ်ရင် ကျားကြီးကို မှော်အာဘတ် တတ်တဲ့လူလို့ ထင်ကြမှာပဲ'

အာဏာသားဝတုတ်က....

'ခင်ဗျားက မှတ်စုနဲ့ လက်တွေ့ ဘယ်လို ပေါင်းစပ်ကြည့်တာလဲ'

ယင်းဖုံးက....

'မှတ်စုထဲမှာ အဓိကပါရှိတဲ့အချက်ဟာ (၂)ချက်ပဲရှိတယ်'

အာဏာသားဝတုတ်က နားစွင့်နေ၏။

ယင်းဖုံးက စကားဆက်လိုက်ပြန်သည်။

'ပထမအချက်ကတော့ ကျားကြီးမှာ အမွှာပူးညီအစ်ကို တစ်ယောက်ရှိတဲ့အချက်ပါပဲ'

ဝတုတ်က....

'ဒုတိယအချက်ကော'

ယင်းဖုံးက....

'ဒုတိယအချက်ကတော့ပန်းနုရောင်အဝတ်အစားကို မြင်တွေ့မိတိုင်း စိတ်ဖောက်ပြန်တတ်တဲ့ ကျားလေးရဲ့ အကြောင်းပါပဲ'

သူမက အချင်းဘက်သို့ လှည့်ကြည့်လိုက်သည်။

'ဖန်ကြည်ကြည်တို့ ရဲတိုက်ရောက်တဲ့ညမှာ ပန်းနုရောင် ပဝါ တစ်ထည် ပျောက်သွားတယ် မဟုတ်လား'



အချင်းက ခေါင်းညိတ်လိုက်သည်။

'ဟုတ်ကဲ့'

'ဒီပဝါကို နောက်တစ်နေ့နံနက်မှာပြန်တွေ့တယ်မဟုတ်လား'

'ဟုတ်ပါတယ်'

'ကျားလေးက ညီမတို့လိုက်တဲ့ညမှာ သူက တစ်ခြားလူကို မဖမ်းဘဲ အားလုံးကို ဖြတ်ကျော်ပြီးမှ ညီမကို ဖမ်းတယ် မဟုတ်လား'

'ဟုတ်ပါတယ်'

'အဲဒီအချိန်မှာ ညီမက အဝတ်အစား ဘာအရောင်ဝတ်ထားသလဲ'

အချင်းက အနည်းငယ် စဉ်းစားလိုက်သည်။

'ပန်းနုရောင်'

ယင်းဖုံး ပြုံးလိုက်သည်။

'ကျားလေးသာ ပန်းနုရောင် အဝတ်အစားဝတ်ဆင်ထားတဲ့ မိန်းမမှန်သမျှကို သူ့ရဲ့ဇနီးလောင်းလို့ ထင်မှတ်ပြီး လိုက်ဖမ်းနေတယ်ဆိုတာ ရှင်းမနေဘူးလား'

အချင်း ပါးစပ်ပိတ်ထားလိုက်လေသည်။

အာဏာသားဝတုတ် မျက်မှောင်ကုတ်သွား၏။

'ဒီလိုဆိုရင် အဖမ်းခံခဲ့ရတဲ့ အမျိုးသမီးတွေဟာ ပန်းနုရောင် အင်္ကျီ ဝတ်ဆင်ထားတဲ့အတွက် ဟုတ်လား'

ယင်းဖုံး ခေါင်းညိတ်လိုက်သည်။

'ဒီလိုပဲ ကျွန်မ ခန့်မှန်းမိပါတယ်'

အာဏာသားဝတုတ်က....

'ဒါနဲ့ ကျားကြီးဟာ တရားခံ မဟုတ်ဘူးပေါ့'

ယင်းဖုံး သက်ပြင်းတစ်ချက် ချလိုက်သည်။

'အနည်းဆုံးတော့ ကျားကြီးဟာ ဖန်ကြည်ကြည်ကို ဒုက္ခမပေးတဲ့အပြင် အစစ အရာရာ စောင့်ရှောက်ပေးပါတယ်'

ဝတုတ် မျက်မှောင်ကုတ်သွားသည်။

'ခင်ဗျား ဘယ်လိုအထောက်အထားရှိလို့ ပြောနိုင်တာလဲ'

ယင်းဖုံးက....

'အထောက်အထားရှိလို့ ပြောနေတာပေါ့ရှင်'

ဝတုတ်က....

'ပြောပြနိုင်ရင် ပြောပြပါဦး'

ယင်းဖုံးက....

'ဖန်ကြည်ကြည်တို့ ရဲတိုက်ကို ပထမည ရောက်တုန်းက အကြောင်းပြောပြမယ်'

သူမကချင်းချင်းဘက်သို့ လှည့်ကြည့်လိုက်လေသည်။

'အဲဒီကျားကြီးက ရေနွေးကြမ်းလှမ်းပေးရင်းဖန်ကြည်ကြည်ရဲ့ကိုယ်ပေါ်ကို ဖိတ်စဉ်သွားတယ် မဟုတ်လား'

'ဟုတ်ပါတယ်'

'အဲဒီညမှာ ဖန်ကြည်ကြည်က ပန်းနုရောင် အင်္ကျီ ဝတ်ဆင်ထားတယ်လေ၊ ရေနွေးကြမ်း ဖိတ်စဉ်မိလို့ အဝတ်အစားလဲလိုက်ရတယ် မဟုတ်လား'

'ဟုတ်ပါတယ်ရှင်'

'မနက်ကျတော့ ပန်းနုရောင်အင်္ကျီနဲ့ ရှမ်းရှမ်းရဲ့ ပန်းနုရောင် ခေါင်းစည်း ပျောက်သွားတယ် မဟုတ်လား'.



'ဟုတ်တယ်၊ တံခါးနဲ့ပြတင်းပေါက်တွေ အလုံ ပိတ်ထားလျက်နဲ့ ပျောက်သွားတာ'

ယင်းဖုံးက ပြုံး၍ ခေါင်းညိတ်ပြလိုက်၏။

'ငါတို့ ရဲတိုက်တစ်ခုလုံး လိုက်ရှာတဲ့အခါမှာ ကျားကြီးရဲ့ အခန်းမှာ ရှမ်းရှမ်းရဲ့ ခေါင်းစည်းကို တွေ့ခဲ့ ရတယ် မဟုတ်လား....

အချင်းက ခေါင်းညိတ်လိုက်သည်။

'ဟုတ်ပါတယ်ရှင်'

ယင်းဖုံးက ဝတုတ်ဘက်သို့ လှည့်လိုက်သည်။

'အဲဒါ ဘာကြောင့်လဲဆိုတာ သိလား'

'မသိပါဘူး'

ဝတုတ်က ပခုံးတစ်ချက်တွန့်ပြီး စကားဆက်လိုက်သည်။

'အခုထိ ကျုပ်နားမရှင်းသေးဘူးဗျ'

ယင်းဖုံးက ပြုံးလိုက်လေသည်။

'သဘောကတော့ ပန်းနုရောင်အင်္ကျီ ဝတ်ဆင် ထားတဲ့လူမှန်သမျှ ကျားလေးက လိုက်ဖမ်းမယ့် အန္တရာယ်ကို ကြိုတင်သိထားလို့ ကျားကြီးကရေနွေးကြမ်းကိုမတော်တဆလိုလို ဖန်ကြည်ကြည်ရဲ့ အင်္ကျီပေါ်ကို ဖိတ်စဉ်လိုက်တာပါ၊အင်္ကျီ ရေစိုသွားရင် တစ်ခြားအင်္ကျီလဲရမယ် မဟုတ်လား'

ဝတုတ် မျက်မှောင်ကုတ်သွားသည်။

'ဒါဖြင့် အင်္ကျီနဲ့ ခေါင်းစည်းကို ဘယ်သူက ခိုးသွားရတာလဲ'

ယင်းဖုံးက....

'ကျားကြီးပဲ ဖြစ်မှာပေါ့'

ဝတုတ် ကြောင်အမ်းအမ်း ဖြစ်သွားသည်။

'သူက ဘာဖြစ်လို့ ခိုးရတာလဲ'

ယင်းဖုံးက ပြုံးလိုက်သည်။

'ပန်းနုရောင် ခေါင်းစည်းရှိနေရင် စိတ်ဖောက်ပြန် နေတဲ့ ကျားလေးက အန္တရာယ်ပြုမှာကို စိုးရိမ်နေလို့ပေါ့'

သူမက စကားဆက်လိုက်သည်။

'ဒါတွေဟာ ကျားကြီးက ဖန်ကြည်ကြည်ရဲ့အပေါ် ထားရှိတဲ့ စေတနာတွေပါပဲ'

ဝတုတ်က ယင်းဖုံးရှင်းပြသည်ကို တဖြည်းဖြည်း သဘောပေါက် နားလည်လာလေ၏။

'ဒီလိုကိုး'

ယင်းဖုံးက....

'ကျောက်တုံးနဲ့ တည်ဆောက်ထားတဲ့ အခန်းအကြောင်းကို ပြောပြရဦးမယ်'

ဝတုတ် စိတ်ဝင်စားလာလေသည်။

'ဟုတ်တယ်၊ ဒီအိမ်အကြောင်းကို ကျုပ်လဲ အတော် စိတ်ဝင်စားတယ်'

ယင်းဖုံးက....

'အဲဒီအိမ်ထဲမှာ အကျဉ်းသမားကို ချုပ်နှောင်ဖို့ လက်ထိတ်များနဲ့ ခြေထိတ်များ သံကြိုးများ အားလုံး သာမန် လက်ထိတ် ခြေထိတ်တို့ထက်အဆပေါင်းအများကြီးခိုင်ခံ့တယ်၊ သံကြိုးလဲ အလွန်ကြီးတယ်'



ဝတုတ်က ခေါင်းညိတ်လိုက်၏။

'ဟုတ်တယ်၊ အဲဒါလဲ ထူးခြားတဲ့ အချက် တစ်ချက်ပါပဲ'

ယင်းဖုံးက

'အဲဒီ အကျဉ်းသားကို ချုပ်နှောင်တဲ့ကိရိယာတွေဟာအမြင်အားဖြင့် ဖန်းကျင်းကန်းက သူ့ရဲ့စည်းကမ်း ပျက်တဲ့ လက်အောက်ငယ်သားတွေအတွက် ထားတဲ့ကိရိယာ ဟုတ်ချင်မှ ဟုတ်မယ်'

ဝတုတ်က....

'ဒီလိုဆိုရင် ကျားကြီးက ကျားလေးစိတ်ဓာတ် ဖောက်ပြန်တဲ့အခါမှာ အပြင်ကိုမသွားနိုင်အောင် ချုပ်ထားတဲ့ ကိရိယာတွေ ဖြစ်နိုင်တယ်'

ယင်းဖုံးက ခေါင်းညိတ်လိုက်သည်။

'ဟုတ်ပါတယ်၊ ကျားလေးဟာ နဂိုက ခွန်အားကြီးတဲ့လူဖြစ်တယ်၊ စိတ်ဖောက်ပြန်လာတဲ့အခါ ခွန်အားက ပိုကြီးလာတဲ့အတွက် အခုလို ခိုင်ခံ့တဲ့ ခြေထိတ် လက်ထိတ်ကို ပြုလုပ်ထားတာ ဖြစ်တယ်'

ဝတုတ်က...

'ဒါတွေ ဟုတ်ပါပြီ၊ ဒါကြောင့် ကျားကြီးက ဖန်ကြည်ကြည်တို့ကို ဒီအခန်းထဲ အဝင်မခံရဲတာပေါ့'

ယင်းဖုံး ခေါင်းညိတ်လိုက်၏။

'ကျားလေးဟာ တစ်ချိန်လုံး စိတ်ဖောက်ပြန်တာမဟုတ်ဘူး၊ တစ်ခါတလေ ဖောက်ပြန်တဲ့သဘောရှိတယ်၊ ဒါကြောင့် ကျား

လေး စိတ်မဖောက်ပြန်တဲ့အချိန်မှာ အခန်းကိုဖွင့်ပြီးပြတာ ဖြစ်ရမယ်'

ဝတုတ် ခေါင်းညိတ်လိုက်သည်။

'ဒီအဖြေဟာ သဘာဝ ကျပါတယ်'

ယင်းဖုံးက....

'ကျွားလေးစိတ်ဖောက်ပြန်ပြီးတဲ့နောက်မှာ ကျွားကြီးကသူ့ကို ရဲတိုက်မြေအောက်ခန်းထဲမှာ ထားတယ်၊ သူ့ကိုလဲ ကြည့်ရှုထားတယ်လေ၊ နောက်ပိုင်းမှာ ကျွားလေးဟာ အပြင်ထွက်ပြီး အန္တရာယ်ပြုနေလို့ ကျွားကြီးက သူ့ကို အဲဒီအခန်းထဲမှာ လက်ထိတ်ခြေထိတ်ခတ်ပြီး ချုပ်နှောင်ထားတယ်'

ဝတုတ်က....

'ဒီလိုဆိုရင် ကျွားကြီးက ကျွားလေးကို တစ်ချိန်လုံး ချုပ်နှောင်ထားတာ မဟုတ်ဘူးပေါ့'

ယင်းဖုံးက ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်၊ ကျွားလေး စိတ်သက်သာသွားတဲ့အခါ သူက လွတ်လပ်ခွင့် ပေးထားပါတယ်'

ဝတုတ်က....

'ဒီလိုဆိုရင် ရွာထဲမှာ မိန်းကလေးတစ်ယောက် ပျောက်ဆုံးသွားတာက ကျွားလေးရဲ့ လက်ချက် ဖြစ်တယ်ဆိုတာ သေချာတာပေါ့'

ယင်းဖုံးက....

'ဟုတ်တော့ဟုတ်ပါတယ်၊ ဒါပေမယ့်သူ့ကိုမသမာလူတချို့က အသုံးချလိုက်တာ ဖြစ်တယ်လို့ ကျွန်မ ယူဆ ပါတယ်'



ဝတုတ်က ခေါင်းညိတ်လိုက်သည်။

'ခင်ဗျားပြောတာ သဘာဝကျပါတယ်၊ မသမာသူ ဆိုတာ ဘယ်သူ့ကို ဆိုလိုတာလဲ'

ယင်းဖုံးက....

'ကျွန်မ ရွာထဲဆင်းပြီး လက်တွေ့ စုံစမ်းစစ်ဆေး ကြည့်တဲ့အခါမှာ လူနှစ်ယောက်က ရွာထဲမှာ စားသောက် စရာတွေ အများကြီး ဝယ်သွားတယ်လို့ သိရတယ်၊ ကျွန်မက အဲဒီလူတွေ ဘယ်ကလဲလို့ မေးတဲ့အခါမှာ သူတို့က လူစိမ်းများဖြစ်ကြတယ်လို့ စုံစမ်းသိရှိရပါတယ်'

ဝတုတ် မျက်မှောင်ကုတ်သွားသည်။

'ဒီလူတွေဘယ်မှာနေတယ်ဆိုတာမမေးကြည့်ဘူးလား'

ယင်းဖုံးက ပြုံးလိုက်သည်။

'အိမ်ခြေ နည်းနည်း ရှိတဲ့ ရွာတစ်ခုဟာ မျက်နှာစိမ်းတစ်ယောက် ရောက်လာတာနဲ့ အားလုံး ဂရုစိုက်ကြတယ်၊ စပ်စုကြတယ်၊ ဒါပေမယ့် ဒီလူစိမ်းနှစ်ယောက်ဟာ ဘယ်က ရောက်လာတယ်၊ ဘယ်မှာနေတယ် ဆိုတာ သူတို့ လုံးဝ မသိကြရဘူး'

ဝတုတ်က....

'ဒီလူတွေဟာ ရဲတိုက်မှာ ခိုအောင်းနေတဲ့ လူမသမာတွေများ ဖြစ်နေမလား'

ယင်းဖုံးက ခေါင်းညိတ်လိုက်သည်။

'လက်ရှိ အခြေအနေအရ ဖြစ်နိုင်ဖို့များတယ်'

ဝတုတ်က....

'သူတို့ ရဲတိုက်မှာ ခိုအောင်းနေတယ်ဆိုတာ ကျားကြီးက သိမှာပဲ၊ သူက ဘာကြောင့် လက်ခံလိုက်တာလဲ'

ယင်းဖုံးက....

'ကျွန်မ စိတ်အထင် ပြောရမယ်ဆိုရင် ဒီကိစ္စကို ကျားကြီး က သိချင်မှ သိမှာ'

ဝတုတ်က....

'ဒီလို မသမာသူက အဆက်အသွယ်မရှိဘဲ ရဲတိုက် ထဲကို ဝင်ပြီး ခိုအောင်းနေဖို့ လွယ်ပါ့မလား'

ယင်းဖုံးက....

'ဘယ်လွယ်ပါ့မလဲ'

ဝတုတ်က....

'ဒါဖြင့်....'

ယင်းဖုံးက....

'ဒီသဲလွန်စကို ကျွန်မအမျိုးမျိုး စဉ်းစား ဆင်ခြင်မိတယ်၊ နောက်ဆုံး အဖြေတစ်ခုပဲ ထွက်လာတယ်'

ဝတုတ်က....

'အဖြေက ဘာလဲ'

ယင်းဖုံးက....

'ဒီမျက်နှာစိမ်းတွေဟာ ကျားကြီးရဲ့ ဇနီးနဲ့ ဆက်သွယ်မှုရှိ နေမယ်လို့ ယူဆဘယ်'



ဝတုတ် မျက်မှောင်ကုတ်သွားသည်။

'ကျားကြီးရဲ့ ဇနီးက ဒီမျက်နှာစိမ်း တွေကို လက်ခံပါ့ မလား'

ယင်းဖုံးက....

'လက်ခံနိုင်တဲ့အကြောင်း ရှိလို့ပေါ့'

ဝတုတ်က....

'ဘယ်လို အကြောင်းများလဲ'

ယင်းဖုံးက....

'ဒီမျက်နှာစိမ်းနှစ်ယောက်ထဲက တစ်ယောက်ယောက်ဟာ ကျားကြီးဇနီးရဲ့ ဆွေမျိုးရင်းချာ ဖြစ်နိုင်တယ်'

ဝတုတ်သည် ယင်းဖုံး၏ ဉာဏ်သွားပုံကို အလွန် သဘော ကျသွားလေသည်။

'ခင်ဗျား ဒီအခြေအနေအထိ ဖန်တီးနိုင်တာကိုက အလွန် ချီးကျူးစရာကောင်းတဲ့ ပုဂ္ဂိုလ်တစ်ယောက်ပါ'

ယင်းဖုံးက သူမ၏ နားထင်ကို လက်ညှိုးဖြင့် ထောက်ပြ လိုက်သည်။

'များများစဉ်းစားပါ၊ များများစဉ်းစားရင် ဘယ်အရာမျိုး မဆို အလွယ်တကူ ခန့်မှန်းလို့ ရပါတယ်'

ဝတုတ်က ခေါင်းညိတ်လိုက်သည်။

'ဟုတ်ပါတယ်ဗျာ'

ယင်းဖုံးက....

'မိန်းကလေးများကို ဖျားယောင်းသွားပြီး မြို့ကြီးပြကြီးမှာ သွားရောင်းစားတဲ့ လုပ်ငန်းကြီးတစ်ခု ဟောဒီရဲတိုက်ထဲမှာ စခန်းချထားတယ်လို့ ကျွန်မနားလည်ထားတယ်'

ဝတုတ်က....

'နောက်တစ်ခု နားမရှင်းတာ မေးချင်ပါသေးတယ်'

ယင်းဖုံးက....

'မေးပါ'

ဝတုတ်က....

'ကျောက်တုံးအိမ်ထဲမှာ ကျုပ်တို့က ကျားကြီးကို သေသေချာချာ ချုပ်နှောင်ထားတယ်၊ ဒါပေမယ့် ကျားကြီး ပျောက်သွားပြီး သေဆုံးနေတဲ့ ရှောင်ပေရုံက သူ့အစား လက်ထိတ်ခတ်ထားတာ ဘယ်လို ဖြေရှင်းမလဲ'

ယင်းဖုံးက ပြုံးလိုက်သည်။

'ဒါက လွယ်ပါတယ်၊ ဒီအခန်းထဲမှာ လျှို့ဝှက် မြေအောက်လမ်းရှိတာကို ရှင်လဲသိပြီးပြီ မဟုတ်လား'

ဝတုတ်က သဘောပေါက် နားလည်လာသည်။

'ဟုတ်တယ် မသမှာသူတို့က မြေအောက်လျှို့ဝှက်လမ်းကနေ အိမ်ထဲဝင်ပြီး ကျားကြီးကို ဖမ်းဆီး ခေါ်သွားပြီး သူ့အစား ရှောင်ပေရုံကို ခေါ်သွားတာ ဖြစ်ရမယ်'

ယင်းဖုံး ခေါင်းညိတ်လိုက်သည်။

'ရှင်လဲ သဘော ပေါက်ပြီပဲ၊ ကျွန်မ ရှင်းပြစရာ ဘာလိုတော့လို့လဲ'



အာဏာသား ဝတုတ်က....

'နေပါဦး၊ ကျားကြီးကို ဘယ်သူက သတ်လိုက်တာလဲ'

ယင်းဖုံးက....

'ဒီအကြောင်း ပြောရမယ်ဆိုရင် အစကနေပြောမှ သဘောပေါက်လိမ့်မယ်'

ဝတုတ်က....

'ပြောပါဗျာ၊ ကျုပ် အတော်စိတ်ဝင်စားလာပြီ'

ယင်းဖုံးက ချောင်းတစ်ချက် ဟန့်လိုက်ပြီးမှ....

'ဖန်ကြည်ကြည် ဒီကိုရောက်လာပြီးတော့ သူက မနေချင်တာနဲ့ ရဲတိုက်ကို ရောင်းဖို့ကြိုးစားတယ်'

ဝတုတ်က ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်၊ ဒါကို ရှေ့နေက ပြောပြလို့ သိပြီးပါပြီ'

ယင်းဖုံးက....

'ကျားကြီးက လုံးဝမကျေနပ်သော်လဲ သူက ကန့်ကွက်နိုင်ခွင့်မှ မရှိတော့ လက်လျှော့လိုက်ရတယ်၊ အဲဒါကို သူ့ ဇနီးရဲ့ လူတွေက ကျားကြီးကို အမွေများ အပိုင်စီးဖို့ နားချ ကြတယ်၊ ကျားကြီးက လက်ခံလိမ့်မယ်လို့လဲ သူတို့က ယုံကြည်တယ်'

ဝတုတ်က....

'ဒါလောက်များတဲ့ အမွေကို ကျားကြီးကလဲ သဘောကျမှာပေါ့ဗျ'

ယင်းဖုံးက ခေါင်းခါရမ်းလိုက်သည်။

'မထင်လိုက်ပါနဲ့၊ ကျားကြီးက သစ္စာရှိတဲ့ လူတစ်ယောက်ဖြစ်လို့ ငြင်းပယ်လိုက်ပါတယ်'

ဝတုတ်က သက်ပြင်းချလိုက်သည်။

'ကျားကြီးဟာ ရုပ်သွင်ဆိုးသလောက် ဒါလောက် သစ္စာရှိ လိမ့်မယ်လို့ ဘယ်ထင်မိကြမှာလဲ'

ယင်းဖုံးက ခေါင်းညိတ်လိုက်သည်။

'ဒါကြောင့် မသမာသူတွေဟာ ကျားကြီးရဲ့ ဇနီးနဲ့ပေါင်း ပြီး သူ့နည်းသူ့ဟန်နဲ့ အမွေကို အပိုင်စီးဖို့ ကြံစည်ကြတော့ တာပဲ'

ဝတုတ်က....

'သူတို့က ဘယ်လိုကြံစည်ကြတာလဲ'

ယင်းဖုံးက....

'ပမဆုံး သူတို့ခြေလှမ်းက ကျားကြီးရဲ့ အခန်းထဲမှာ ဖန် ကြည်ကြည်ရဲ့ ပန်းနုရောင် အင်္ကျီကိုခိုးပြီး ဖန်ကြည်ကြည် အိပ်တဲ့နေရာမှာ ပြန်ထားလိုက်တယ်၊ ပြီးတဲ့နောက် စိတ်ဖောက် ပြန်နေတဲ့ကျားလေးကို မြေအောက်လမ်းကနေ ဖန်ကြည်ကြည် တို့ အခန်းထဲ ဝင်ရောက်စေပြီး၊ ကျားလေးက ပန်းနုရောင် အင်္ကျီရှိတဲ့အနီးမှာ အိပ်ပျော်နေတဲ့ ဖန်ကြည်ကြည်ကိုဖမ်းမိ၊ တစ်နေရာရာမှာ ချုပ်နှောင်ထားတယ်၊ ဒါမှမဟုတ် သတ်ပစ်ပြီး အလောင်းဖျောက်ဖို့ ကြံစည်ကြတယ်'

သူမသည် စကားဆက်လိုက်ပြန်လေသည်။

'ရှမ်းရှမ်းနှင့် ဖန်ကြည်ကြည်တို့ ရှေ့ဆင့် နောက်ဆင့် နောက်ဆင့် ပျောက်ဆုံးသွားတာကို ကျားကြီးက ရှောင်ပေရှ ရဲ့ လက်ချက်ဖြစ်နေမှန်း သိထားတယ်၊ ဖန်ကြည်ကြည်ကို သူ့



မိန်းမရဲ့လူများက ကျားလေးကို ဖျားယောင်းပြီး ဖမ်းဆီးသွား တယ်ဆိုတာလဲ သိထားတယ်၊ ဒါကြောင့် သူက ရှမ်းရှမ်းနဲ့ ဖန် ကြည်ကြည်ကို မဖြစ်မနေ ပြန်ရှာပေးပါမယ်လို့ အကြိမ်ကြိမ် ခွင့်တောင်းခဲ့တာကို ကျားကြီးရဲ့စေတနာကို တွေ့နိုင်ပါတယ်'

ဝတုတ် မျက်မှောင်ကုပ်သွားလေသည်။

'သူကဘာဖြစ်လို့ အကျိုးအကြောင်းကို ဖွင့်မပြောတာလဲ'

ယင်းဖုံးက....

သူက ဖွင့်မပြောနိုင်တဲ့ အခက်အခဲတွေရှိနေလို့ပါ'

ဝတုတ်က....

'သူ့ရဲ့အခက်အခဲက ဘာလဲခင်ဗျာ'

ယင်းဖုံးက....

'သူက အမှန်အတိုင်းဖွင့်ပြောရင် သူ့ရဲ့ အမြွာပူးညီအစ်ကို ဖြစ်တဲ့ ကျားလေးအကြောင်း ပြောပြရတော့မယ်၊ ဒီလိုပြော ပြလိုက်တာနဲ့ ကျားလေးရဲ့လူသတ်မှုတွေ ပေါ်လာမှာကိုစိုးရိမ် နေလို့ဖြစ်မှာပေါ့'

သူမက သက်ပြင်းတစ်ချက်ချပြီး စကားဆက်လိုက်လေ၏။

'ဒါကြောင့်သူကကျားလေးရဲ့ လျို့ဝှက်ချက်ကိုဖွင့်မပြောဘဲ ရှမ်းရှမ်းနဲ့ ဖန်ကြည်ကြည်ကို တွေ့အောင်ရှာဖို့ သူကြိုးစားနေရ တာပေါ့'

ဝတုတ် မျက်မှောင်ကုတ်သွားသည်။

'ဒါပေမယ့် သူက ရှမ်းရှမ်းတို့ကို ရအောင် မရှာနိုင်ပါလား'

ယင်းဖုံးက ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်၊ သူနဲ့ ရှောင်ပေရှံတို့ရင်ဆိုင် တိုက်ခိုက်တဲ့ အခါမှာ သူက ဒဏ်ရာရပြီး ပြန်လာခဲ့ရပါတယ်'

သူမက စကားဆက်လိုက်ပြန်လေသည်။

'ကျားကြီးဟာ ဖန်ကြည်ကြည်ကို သူ့ဇနီးရဲ့ ဆွေမျိုးများက ဖမ်းဆီးသွားတယ်ဆိုတာ သိတယ်၊ ဒါကြောင့် သူက ပြန်လွှတ်ပေးဖို့ တောင်းဆိုတယ်၊ ဒါပေမယ့် အလွန် ကောက်ကျစ်စဉ်းလဲတဲ့ သူတို့က သူ့ကို မဟုတ်ရပါဘူးလို့ ငြင်းတယ်'

ဝတုတ်က....

'သူက ဖွင့်ပြောလိုက်ရင် ဒီလူဒွေကို ကျုပ်တို့က လိုက်ရှင်းမှာပေါ့'

ယင်းဖုံးက ပြုံးလိုက်သည်။

'ကျားကြီးက ဖွင့်ပြောလို့မရတဲ့ ကျားလေး အကြောင်းရှိနေလို့ ကျွန်မတို့ကို ဖုံးကွယ်ထားတာပါ၊ ဒါပေမယ့် သူက ဖန်ကြည်ကြည်တို့ကို လျှို့ဝှက်တဲ့ နေရာတစ်ခုခုမှာ ဝှက်ထားတယ်ဆိုတာ ယုံကြည်လို့ သူ့ကိုအချိန်ပေးပါလို့ အကြိမ်ကြိမ်တောင်းပန်ခဲ့တယ် မဟုတ်လား'

ဝတုတ်က....

'ဒါနဲ့ ရှမ်းရှမ်းကို ရှောင်ပေရှံက ဖမ်းသွားတယ်ဆို'

ယင်းဖုံးက ခေါင်းညိတ်လိုက်၏။

'ဟုတ်တယ်'

ဝတုတ်က....

'ကျားကြီးက ရှောင်ပေရှံဆီ သွားသေးသလား'



ယင်းဖုံး ခေါင်းညိတ်လိုက်သည်။

'သွားလို့လဲ သူနဲ့တိုက်ခိုက်ပြီး ရှုံးနိမ့်သွားတယ်လေ'

ဝတုတ် သက်ပြင်းတစ်ချက် ချလိုက်သည်။

'ကျားကြီးအဖို့ တစ်ဖက်က ကျားလေးရဲ့ အကြောင်းကို ဖုံးကွယ်ထားလိုတယ်၊ တစ်ဖက်က ဖန်ကြည်ကြည်နဲ့ ရှမ်းရှမ်းကိုလဲ ပြန်ကယ်တင်ချင်တယ်၊ သူ့အဖို့ ဘေးကျပ်နံကျပ် ဖြစ်ခဲ့ရတာပေါ့'

ယင်းဖုံး ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်၊ သူက တစ်ရက်နှစ်ရက်လောက် အချိန်ယူနိုင်ဖို့ ကျွန်မကို ခြိမ်းခြောက်တဲ့ စကားလုံး အသုံးပြုလိုက် တာပဲ'

ဝတုတ်က....

'ခင်ဗျားက ဒီအကြောင်းသိရင် ဘာဖြစ်လို့ ခွင့်မပြု လိုက်ရတာလဲ'

ယင်းဖုံးက....

'အမှန် ပြောရမယ်ဆိုရင် အဲဒီတုန်းက ကျွန်မလဲ ဒီအထိ မသိရသေးဘူး၊ အထူးသဖြင့် ဌာနမှူးတို့က သူ့အပေါ် လုံးဝ ယုံကြည်မှု မရှိဘူး'

သူမက စကားဆက်လိုက်သည်။

'ကျွန်မက သူတို့ဖမ်းထားတယ်ဆိုတာ သူ့ရဲ့ လျှို့ဝှက်ချက်များ ဖွင့်ပြောလာအောင် ရည်ရွယ်ပြီး ဖမ်းလိုက်တာပါ'

ဝတုတ်က ခေါင်းညိတ်လိုက်၏။

'ဟုတ်ပါတယ်၊ ကျုပ်တို့က သူ့အပေါ် သံသယ ဖြစ်နေလို့ သူ့ရဲ့လက်အိတ်ကို အတင်းချွတ်ကြည့်ရာက သူပိုဒေါသ ထွက်ပြီး ဖြစ်ရပ်အမှန်ကို လုံးဝမပြောတော့ဘဲ နေလိုက်တာ'

ဝတုတ် ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်ဗျာ၊ ကျုပ်တို့က အရင်စလို ဖြစ်သွားတယ်'

ယင်းဖုံးက....

'နောက်ပြီး ကျွန်မတို့က ကျားကြီးကို အခန်းထဲမှာ ချုပ်နှောင်ထားတာကိုးက အများကြီးမှားတယ်'

ဝတုတ်က....

'ဘာဖြစ်လို့လဲ'

ယင်းဖုံးက....

'မသမာသူတွေဟာ ကျားကြီးကို အခန်းထဲမှာ လက်ထိတ်ခတ်ထားတဲ့ သတင်းကို သိသွားတာနဲ့ သူတို့က လျှို့ဝှက် မြေအောက်ခန်းကလာပြီး အိမ်ထဲကို ဝင်သွားတယ်၊ ကျားကြီးကို မေ့ဆေးနဲ့ အသက်ရှူရပ်အောင်လို့ လုပ်ပြီး အပြင်ကို သယ်ဆောင်သွားတယ်၊ အဲဒီနောက်မှာ ရှောင်ပေရှုံကို ကျားကြီးနေရာမှာ အစားထိုး ချုပ်နှောင်ထားလိုက်တယ်'

ဝတုတ်က....

'သူတို့က ဘာရည်ရွယ်ချက်နဲ့ ဒီလိုလုပ်ရတာလဲ'

ယင်းဖုံးက....

'ဒါက စိတ်ခေတ်စစ်ဆင်ရေးပါ၊ သူတို့ရည်ရွယ်ချက်က ကျုပ်တို့ကို မတွေးတတ်အောင် ဦးနှောက်ချောက်အောင် ဒီအမှုကို လက်လျှော့သွားအောင် လုပ်တာပါ'



ဝတုတ်....

'သူတို့က ဘာဖြစ်လို့ ရှောင်ပေရှုံကို သတ်လိုက်ရ တာလဲ'

ယင်းဖုံးက....

'ဒါက သူတို့အချင်းချင်း ဗိုလ်လုတဲ့ သဘောဖြစ်လိမ့် မယ်လို့ ထင်တယ်'

ဝတုတ်က ခေါင်းညိတ်လိုက်၏။

'ဟုတ်တယ်ဗျ၊ သူတို့ရဲ့ လှည့်ကွက်က အတော့်ကို အံ့သြဖို့ကောင်းတယ်မဟုတ်လား၊ ဘာပဲပြောပြော မဖြစ် နိုင်တာကို ဖြစ်အောင် လုပ်ပြနိုင်တယ်ဆိုတော့ ကျုပ်တို့ အလိုလို ကြောက်ရွံ့တဲ့စိတ်တွေ ပေါ်လာတာပေါ့'

ဝတုတ်က....

'ရှောင်ပေရှုံကို သူတို့က ဘယ်လိုလုပ်ကြံလိုက်တာလဲ'

ယင်းဖုံးက....

'ကျွန်မ ထင်ထားတာကတော့ သူတို့ဟာ အမွေ အပိုင် စီးဖို့ တွေ့ဆုံဆွေးနွေးနေကြတာ ဖြစ်မယ်၊ နောက်တော့ တစ်ယောက်နဲ့တစ်ယောက် သဘောကွဲလွဲတာနဲ့ မသမာသူများဟာ ကျားကြီးကို လုပ်ကြံသလို မေ့ဆေးနဲ့ ရှောင်ပေရှုံကို သတ် ပစ်လိုက်တာ ထင်တယ်'

ဝတုတ်က....

'ကျုပ် တစ်ခု မရှင်းတာ မေးပါရစေ'

ယင်းဖုံးက....

'မေးပါ'

ဝတုတ်က....

'ကျုပ်တို့က ကျားကြီးရဲ့ အလောင်းကို ခေါင်းထဲ သေသေချာချာထည့်ပြီး သံနဲ့ သေသေချာချာ ရိုက်ပြီး ပိတ်ထားခဲ့တယ်၊ အဲ့ဒါ အလောင်းကို ဘယ်သူက သယ်ထုတ်သွားတာလဲ'

ယင်းဖုံးက ပြုံးလိုက်သည်။

'ဒီမေးခွန်းဟာ မေးသင့်မေးထိုက်တဲ့ မေးခွန်းပါပဲ'

သူမက ဆက်၍ ရှင်းပြလိုက်သည်။

'ပထမဆုံး သူတို့က အမျိုးသမီးတစ်ယောက်ကို ကယ်ပါယူပါ တစာစာ အသံကုန်အော်ပြီး အကူအညီတောင်းပါတယ်၊ ကျွန်မနဲ့ ဦးရားတို့က အဲဒီ အမျိုးသမီးအသံရှိရာကို ပြေးသွားကြပါတယ်၊ အဲဒီအချိန်မှာ သူတို့က မြေအောက်လမ်းကနေပြီး အခန်းထဲရောက်လာပြီး အခေါင်းကိုဖွင့်၊ ကျားကြီးရဲ့အလောင်းကို မြေအောက်ခန်းကို သယ်သွားပါတယ်'

ဝတုတ်က....

'သူတို့ ဒီလိုလုပ်တာ ဘာအဓိပ္ပာယ်ရှိလို့လဲ'

ယင်းဖုံးက ရယ်မောလိုက်သည်။

'သူတို့ ဒီလိုလုပ်လို့လဲ ရှင်တို့က သေပြေးရှင်ပြေး ပြေးရတယ် မဟုတ်လား'

ဝတုတ်က ပါးစပ်ပိတ်ထားလိုက်သည်။

ယင်းဖုံးက စကားဆက်လိုက်သည်။

'သူတို့က အလောင်းကို မြေအောက်ခန်းသယ်သွားတဲ့အခါမှာ သူ့အစ်ကို သေဆုံးသွားတာကိုတွေ့တော့ ဒေါသထွက်လာတာပေါ့၊ အဲဒီအချိန်မှာ မသမာသူက သူ့ကို မြှောက်ပင့်တဲ့စကားပြောပြီး ကလဲ့စားချေဖို့ လွှတ်လိုက်တယ်လေ'



ဝတုတ်က သဘောပေါက် နားလည်လိုက်သည်။

'ဟုတ်တယ်ဗျို့၊ သေသေချာချာ စဉ်းစားမှ တရေးရေးပေါ်လာတယ်ဗျ'

ယင်းဖုံးက....

'ဌာနမှူးကိုထန်က ကျားလေးကို တွေ့တဲ့အခါမှာ ကျားကြီးက အသက်ပြန်ရှင်လာကြတယ်ထင်ပြီး ကြောက်ရွံ့သွားကြတယ် မဟုတ်လား'

ဝတုတ်က....

'သူကတော့ ဌာနမှူးကိုထန်ကို ကလဲ့စားချေဖို့ ရောက်လာတယ်ဆိုရင် ဘာကြောင့် အားလုံးကို လွှတ်ပြီး အချင်းကိုမှ ဖမ်းခေါ်သွားရတာလဲ'

ယင်းဖုံးက....

'စိတ်ဖောက်ပြန်တဲ့ လူတစ်ယောက်ဟာ သူ့ရဲ့ စိတ်ဟာ မတည်ငြိမ်ပါဘူး၊ အစကတော့ အစ်ကို့အတွက် ဌာနမှူးကိုထန်ကို ကလဲ့စားချေဖို့အတွက် ဖြစ်ပေမယ့် နောက်တော့ ပန်းနုရောင် အင်္ကျီဝတ်ထားတဲ့ အချင်းကို တွေ့တော့မှ သူက စိတ်ဖောက်ပြန်ပြီး အချင်း နောက်ကို လိုက်သွားတာပေါ့ရှင်'

ဝတုတ်က....

'နောက်တစ်ခု မေးချင်ပါသေးတယ်'

ယင်းဖုံးက....

'မေးပါ'

ဝတုတ်က....

'ကျားကြီးကို အခန်းထဲမှာ ချုပ်နှောင်ထားစဉ်တုန်းက သော့တွေအားလုံး ကျုပ်တို့ဆီမှာရှိရက်နဲ့ ဘာကြောင့် သော့ကို ဖွင့်နိုင်တာလဲ'

ယင်းဖုံးက....

'သော့ဆိုတာမျိုးဟာ နှစ်စုံထားတတ်ပါတယ်၊ ဒါကြောင့် သူတို့က သိမ်းဆည်းထားတဲ့ သော့တစ်စုံကို အသုံးပြုတာ ဖြစ်မှာပါ'

ဝတုတ်က....

'ထားပါတော့လေ၊ ကျားကြီး သေဆုံးပြီးတဲ့နောက် ကျုပ်တို့က သူ့ကို လက်ထိတ်ခတ်ပြီး ခေါင်းထဲကိုထည့်လိုက်ပါတယ်၊ အဲဒီ လက်ထိတ်ခတ်တဲ့ သော့ဟာ သူတို့မှာ မရှိပါဘူး၊ အဲဒါ သူတို့ ဘယ်လိုလုပ်ဖွင့်လိုက်တာလဲ'

ယင်းဖုံးက....

'ဒါကတော့ ရှင်တို့အဖွဲ့ထဲမှာ တစ်ယောက်က ကျားလေးကို မြင်ပြီး ကျားကြီး အသက်ရှင်လာတယ်လို့ ထင်ပြီး အကြောက်လွန်လို့ သတိမေ့သွားတာ မဟုတ်လား'

ဝတုတ်က ခေါင်းညိတ်လိုက်သည်။

'ဟုတ်ပါတယ်'

ယင်းဖုံးက....



'လက်ထိတ်ခတ်တဲ့ သော့ဟာ အဲဒီ အမောင့်ဆီက ယူသွားတယ်လို့ ကျွန်မ ဖြေရင် မှားနိုင်ပါ့မလား'

ဝတုတ် ပါးစပ်ပိတ်ထားလိုက်သည်။

သူသည် အတန်ကြာသောအခါမှ သက်ပြင်း တစ်ချက် ချလိုက်သည်။

'ကျုပ်တို့ အပြန်အလှန် လျှို့ဝှက်ထူးဆန်းတဲ့ အချက်အလက်များကို ခင်ဗျားက ရှင်းပြလိုက်တော့လဲ ဘာမှ မထူးဆန်းပါလား၊ ဒါပေမယ့်....'

ယင်းဖုံးက....

'ဒါပေမယ့် ဘာဖြစ်သလဲ'

ဝတုတ်က....

'ကျားကြီးနဲ့ ကျားလေးတို့က အမြွှာပူးဖြစ်နေလို့ ရုပ်သွင်တူတယ်ပဲထား၊ သူတို့ လက်တစ်ဖက်မှာ ဘာဖြစ်လို့ ထူးဆန်းတဲ့ လက်တစ်ဖက်ဖြစ်ပြီး လက်အိတ်နဲ့ စွပ်ထားရတာလဲ'

ယင်းဖုံးက ပြုံးလိုက်သည်။

'ကျားကြီးရဲ့ ဘယ်ဘက်လက်ဟာ အလွန် အကျည်းတန်တဲ့ လက်တစ်ဖက်ဖြစ်လို့ လက်အိတ်စွပ်ထားရသလို၊ ကျားလေးရဲ့ ညာဘက်လက်မှာလဲ အလွန်အကျည်းတန်တဲ့အတွက် လက်အိတ် စွပ်ထားရပါတယ်'

သူမသည် သက်ပြင်းချလိုက်၍ စကားဆက်လိုက်သည်။

'အမှန် ပြောရမယ်ဆိုရင် ကျားကြီးရဲ့ ဘယ်ဘက်လက်ဟာ လက်အိတ်စွပ်ထားတဲ့ လက်ဖြစ်တယ်၊ ကျားလေးရဲ့ ညာဘက် လက်ဟာလဲ လက်အိတ်စွပ်ထားတဲ့ လက်ဖြစ်တယ်၊ ဒါပေမယ့်

ကြောက်ရွံ့နေတော့ သတိမထားမိကြတော့ဘူးပေါ့၊ ဒါကြောင့် ကျားကြီး သေသွားလို့ ကျားလေးကို တွေ့မြင်လိုက်တဲ့အခါမှာ ကျားကြီး အသက် ပြန်ရှင်လာတယ်လို့ အထင်မှားကြတာပေါ့ ရှင်'

ဝတုတ်က ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်၊ ခင်ဗျားပြောတာ သိပ်ကိုမှန်တယ်၊ ကျုပ်က အာဏာသားတစ်ယောက်ပါ၊ ဒါပေမယ့် ကျားလေးကိုတွေ့မြင်ရတဲ့ အခါမှာလဲ ကျားကြီးလို့ အထင်မှားခဲ့မိပါတယ်'

ယင်းဖုံးက....

'ကျွန်မ ရှင်းပြတဲ့ အချက်အလက်တွေဟာ ကွင်းဆက်နဲ့ သဲလွန်စတွေကို တစ်ခုချင်း ပေါင်းစပ်ပြီး တွေ့ရှိတဲ့ အချက်အလက်တွေပါ၊ ကျွန်မရဲ့ ဝေဖန်သုံးသပ်တာကို လက်တွေ့နဲ့ စမ်းသပ်ကြည့်တဲ့အခါ အချက်အလက်တွေဟာ ကိုက်ညီနေတာကို တွေ့ရတယ်'

သူမက ပြုံး၍ စကားဆက်လိုက်သည်။

'ကျွန်ရှိတဲ့ အချက်အလက်တွေကိုတော့ လက်တွေ့ကျမှသာ မှန် မမှန်ဆိုတာ သိရှိရမှာပဲ'

ဝတုတ် မျက်မှောင်ကြုတ်သွားသည်။

'တကယ်လို့ အမွေဆက်ခံနိုင်တဲ့ (၃)ယောက် ဖြစ်တဲ့ ဖန်ကြည်ကြည်၊ ကျားကြီးနဲ့ ရွှောင်ပေရှုံတို့ သေဆုံးသွားမယ်ဆိုရင် ဒီအမွေကို အစိုးရဘဏ္ဍာတော်ငွေ ဖြစ်သွားမှာပေါ့'

ယင်းဖုံးက ခေါင်းခါယမ်းလိုက်သည်။



'အဲဒီအချိန်ကျတော့ ကျားကြီးရဲ့ ဇနီးက သူ့အမွေဆက်ခံထိုက်တယ်လို့ အာဏာပိုင်ကို လျှောက်ထားမှာပေါ့'

ဝတုတ်က ခေါင်းညိတ်လိုက်သည်။

'ဒါနဲ့ အခု အမှုကို နောက်ကွယ်ကနေပြီး ကြံစည်တဲ့လူဟာ ဘယ်သူဘယ်ဝါဆိုတာ ခင်ဗျား သိသလား'

ယင်းဖုံးက....

'မသိပါဘူး'

ဝတုတ်က....

'ဒါဖြင့် သူတို့ကို ဘယ်လိုဖမ်းဆီးနိုင်မှာလဲ'

ယင်းဖုံးက....

'ကျွန်မ ထင်ထားတာကတော့ အဲဒီ မသမာသူလူစုတွေဟာ တောအုပ်ထဲမှ စခန်းရှိတယ်လို့ ယုံကြည်တယ်'

ဝတုတ်က....

'ဒီလိုဆိုရင် ကျုပ်တို့ တောအုပ်ထဲဝင်ပြီး ရှာဖွေကြည့်ရင် မကောင်းဘူးလား'

ယင်းဖုံးက ခေါင်းညိတ်လိုက်သည်။

'ကျွန်မ အစီအစဉ် ရှိပါတယ်'

သူမက ပြုံး၍ စကားဆက်လိုက်သည်။

'ညတုန်းက ကျွန်မ တမင်တကာ အသံကျယ်ကျယ်နဲ့ ဒီတောအုပ်ကို ဘယ်တော့မှမလာတော့ဘူးလို့ ဦးရားကို ပြော လိုက်တယ်'

ဝတုတ်က....

'ခင်ဗျား ဘာဖြစ်လို့ ဒီလိုပြောလိုက်ဘာလဲ'

ယင်းဖုံးက....

'ကျွန်မ ပြောပြတဲ့ စကားကို သူဘို့က ကြားသွားရင် ကျွန်မ မသွားတော့ဘူးဆိုရင် စိတ်ချလက်ချ နေကြမယ် မဟုတ်လား'

ဝတုတ်က ရယ်မောလိုက်လေသည်။

'ခင်ဗျားအကြံ ဘယ်ဆိုးလို့တုံး'

ယင်းဖုံးက....

'ကျွန်မပြောတဲ့ အချက်အလက်တွေကို ဌာနမှူးကိုထန်ကို ပြောပြရင် သူ ယုံနိုင်ပါ့မလား'

ဝတုတ်က....

'သူ ယုံမှာမဟုတ်ဘူး'

ယင်းဖုံးက....

'အခု ကျားကြီးနဲ့ ကျားလေးရဲ့ အလောင်းနှစ်လောင်းဟာ မြေအောက်ခန်းမှာ ရှိတယ်'

သူမသည် ဦးရားဘက်သို့ လှည့်လိုက်သည်။



'ဦးရား၊ ကျားကြီးနဲ့ ကျားလေးရဲ့ လက်နှစ်ဖက်ကို လက်တွေ့လေ့လာဖို့ လိုက်ပြပါဦးကွယ်'

ဦးရားက ဝတုတ်အား အရိုအသေပြုလိုက်သည်။

'ကျွန်မနောက် လိုက်ခဲ့ပါ'

ဝတုတ်သည် ဦးရားနောက်သို့ လိုက်သွားလေသည်။

## နောက်ကွယ်ရာမှာ လူတစ်စု

နောက်တစ်နေ့နံနက်။

ဌာနမှူးကိုထန်သည် ရဲတိုက်သို့ ပြန်လည် ရောက်ရှိလာသည်။ ဝတုတ်က ကမန်းကတန်း အရှိအသေပြုလိုက်သည်။

'ဆရာ ဘာကိစ္စရှိလို့လဲ'

ဌာနမှူးကိုထန်က ဆေးတံကို အားရပါးရ ဖွာရှိုက်လိုက်သည်။

'ကျုပ်က တာဝန်မှ မပြီးပြတ်သေးဘဲ၊ လာရမှာပေါ့'

ဝတုတ်က....

'ဆရာက ဒီအမှုကို တာဝန် ယူထားတုန်းပဲလား'



ဌာနမှူး ကိုထန်က သူ့အား စိုက်ကြည့်လိုက်သည်။

'မင်းဘယ်လို ပြောလိုက်တာလဲ'

ဝတုတ်က ရယ်မောရင်း....

'ဆရာက ဒီအမှုဟာ ဆက်ပြီးလုပ်ဖို့ တာဝန် မရှိဘူးလို့ ပြောနေတယ်မဟုတ်လား'

ဌာနမှူး ကိုထန်က....

'အဲဒီတုန်းက ကျုပ်က ဗိုက်မကောင်းလို့ ပြန်သွားတာပါကွာ'

သူတို့ စကားပြောနေစဉ် ညှော်ခန်းထဲသို့ ယင်းဖုံးနှင့် ဝူးရား ရောက်ရှိ လာလေသည်။

သူမတို့သည် ကိုယ်ကျပ်အင်္ကျီ ဝတ်ဆင်ထားကြပြီးခါးကိုယ်စီ ဖြင့်ရှိနေသည်ကို တွေ့ရသေသည်။

ဌာနမှူးကိုထန်က မျက်မှောင်ကုတ် သွားလေသည်။

'ခင်ဗျားတို့ ဘယ်ကို သွားကြမလို့လဲ'

ယင်းဖုံးက ပြုံးလိုက်သည်။

'ကျွန်မတို့လူဆိုးသွားဖမ်းမလို့'

ဌာနမှူးကိုထန် အံ့အားသင့်သွားသည်။

'လူဆိုးကို ဘယ်မှာ သွားဖမ်းမှာလဲ'

ယင်းဖုံးက ပြုံးလိုက်သည်။

'တောအုပ် ထဲမှာ'

ဌာနမှူးကိုထန်က....

'ဟုတ်လား၊ ဒီလိုဆိုရင် ကျုပ်လဲ လိုက်မယ်'

ဝတုတ်က နှာခေါင်းရှုံ့လိုက်သည်။

'ဆရာလိုက်လို့ ဖြစ်ပါ့မလား'

ဌာနမှူး ကိုထန်က....

'ဘာဖြစ်လို့ မဖြစ်ရမှာလဲ'

ယင်းဖုံးက ကြားဖြတ်ပြောလိုက်သည်။

ဌာနမှူး မသွားခင် မြေအောက်ခန်းမှာ ရှိတဲ့ အလောင်း နှစ်လောင်းကိုသွားကြည့်ပါဦး'

ဌာနမှူး ကိုထန်က....

'ဘယ်သူ့အလောင်း မို့လို့လဲ'

ဝတုတ်က....

'ကျားကြီးနဲ့ ကျားလေးရဲ့ အလောင်း'

ဌာနမှူးကိုထန် ခေါင်းရှုပ် သွားလေသည်။

'ကျားကြီး ဆိုတာတော့ င သိတယ်၊ ကျားလေး ဆိုတာက ဘယ်သူလဲ'

'ကျားလေးဆိုတာ ကျားကြီးရဲ့ အမွှာညီအစ်ကိုပါ'

'ဝတုတ်သည် အကျိုးအကြောင်း အသေးစိတ် ရှင်းပြလိုက်လေသည်။

* * *



ဝတုတ်၏ စကားကို စိတ်ဝင်စားစွာ နားထောင်ရင်း ဌာနမှူး ကိုထန်၏ မျက်နှာပေါ်တွင် အံ့သြခြင်း၊ မယုံကြည်နိုင်ခြင်း စသည့်အရိပ်အယောင်များ ပေါ်လွင် လာလေသည်။

ဝတုတ်၏ စကားဆုံးသွားတော့မှ ဌာနမှူး ကိုထန်သည် လေပူ မှုတ်ထုတ်လိုက်လေသည်။

'ကျုပ်ဖြင့် ကြောက်စရာကောင်းတဲ့ ပုံပြင်တစ်ပုဒ်နားထောင်နေရသလားအောက်မေ့ရတယ်'

ဝတုတ်က ပြုံးလိုက်သည်။

'တကယ် ဖြစ်ရပ်အမှန်ဟာ ပုံပြင်ထက်တောင် ဆန်းတယ်ဆိုတာ သိပ်မှန်တာပဲဗျာ'

ဌာနမှူးကိုထန် ထိုင်ရာမှ ထလိုက်သည်။

'ကဲ-သွားကြပါစို့'

* * *

ယင်းဖုံးသည် ရှေ့ဆုံးမှသွားနေ၏။

သူမ၏နောက်တွင် ဦးရားနှင့် ဝတုတ်က လိုက်ပါနေ၏။

ဌာနမှူးကိုထန်နှင့် အချင်းတို့သည် နောက်ဆုံးမှ နေရစ်ခဲ့ရလေသည်။

သူတို့သည် တောအုပ်ထဲသို့ ရောက်ရှိလာသောအခါ လူစုဖြန့်၍ ပိုက်စိပ်တိုက် ရှာဖွေသည့် လုပ်ငန်းကို စတင်လိုက်လေသည်။

သူတို့သည် တောအုပ်ထဲ၌ ခက်ခက်ခဲခဲ တိုးဝင်သွားပြီး ရှာဖွေသောအခါ တောအုပ်၏ အလယ်တွင် အိမ်တစ်အိမ်ကို တွေ့မြင်ရလေသည်။

ဝူးရားက စတင် တွေ့မြင်လိုက်ခြင်းဖြစ်သည်။

သူမသည် ယင်းဖုံး ပေးထားသော ကိရိယာ တစ်ခုကို ပါးစပ်ထဲသည့်၍ မှုတ်ပြီး အချက်ပြလိုက်ရာ ယင်း အသံသည် ပုဇဉ်း၏ အော်သံနှင့် အနည်းငယ်ဆင်သည်။

သူမသည် ယင်းသို့ အချက် ပြလိုက်သည်နှင့် ယင်းဖုံးက သူမထံသို့ ပြေးလွှား ရောက်ရှိလာလေသည်။

'ဝူးရား–ညည်း ဘာတွေ့ တွေ့သလဲ'

ဝူးရားက ရှေ့သို့ ညွှန်ပြလိုက်သည်။

'ဟိုမှာ အိမ်တစ်လုံးတွေ့တယ်'

ထိုအချိန် ဌာနမှူးကိုထန် အပါအဝင် အားလုံးသော လူများသည်၊စုဝေး ရောက်ရှိလာကြလေသည်။

သူတို့အားလုံးသည် တောအုပ်ထဲ၌ ရှိနေသော အိမ်ကလေး ရှိရာသို့ မျက်လုံးများ ရောက်ရှိသွားကြလေသည်။

ယင်းဖုံးသည် ထိုအိမ်ကလေးကို အတန်ကြာ အကဲခတ်ပြီးမှ....

'ဒီအိမ်ဟာလူဆိုးတွေရဲ့ စခန်းဖြစ်ရမယ်'

သူမသည် ဌာနမှူးကိုထန်အား အရိုအသေ ပြုလိုက်သည်။



'ဌာနမှူး ကျွန်မတို့ လူစုခွဲပြီး လူဆိုး ထွက်မပြေးနိုင်အောင် ဒီအိမ်ကို ဝိုင်းလိုက်ရင် မကောင်းဘူးလား'

ဌာနမှူး ကိုထန်က ခေါင်းညိတ်လိုက်သည်။

'ကောင်းပါတယ်၊ ခင်ဗျားပဲ စီမံခန့်ခွဲလိုက်ပါ'

'ဟုတ်ကဲ့ပါ ဌာနမှူး'

ယင်းဖုံးသည် ၎င်းအိမ်ကို ညွှန်ပြလိုက်သည်။

'ဟောဒီအိမ်ကို ကျွန်မတို့ ဝိုင်းမယ်၊ ရှင်တို့က နောက်ဘက် ထွက်မပြေးနိုင်အောင် သွားပြီး စောင့်ကြပ် ရမယ်'

ဝူးရားက....

'ကျွန်မ သွားမယ်'

ဝတုတ်က....

'ကျုပ်လဲ သွားမယ်'

ယင်းဖုံးက ခေါင်းညိတ် လိုက်သည်။

'ကဲ....အားလုံး တပြိုင်တည်းအိမ်ကို အရောက် ပြေးပြီး ဝိုင်းကြမယ်'

သူမသည် လက်တစ်ဖက်ကို အပေါ် မြှောက်ထား လိုက်လေသည်။

'အားလုံး အသင့်ပြင်'

ဝူးရားနှင့် ဝတုတ်တို့သည် အသင့် ပြင်ထားကြလေသည်။

ယင်းဖုံးက မြှောက်ထားသော လက်ကို ချလိုက်သည်။

'တက်ကြဟေ့'

ဝူးရားသည် မြားတစ်စင်းပမာ ပြေးထွက်သွားလေသည်။

ဝတုတ်ကလည်း အညံ့မခံ ပြေးလိုက်သွားသည်။

ဌာနမှူးက ယင်းဖုံးအားကြည့်လိုက်သည်။
'ခင်ဗျားက ဘာဖြစ်လို့ လိုက်မသွားတာလဲ'
ယင်းဖုံးက သူ့အား ပြုံးပြလိုက်လေသည်။
ထို့နောက်....
တစ်ဟုန်ထိုးပြေးလွှားသွားလေသည်။
ဌာနမှူး ကိုထန်သည် ပထမတွင် ကြောင်အမ်းအမ်း ဖြစ်နေ၏။
နောက်မှ သတိရလာပြီး ကမန်းကတန်း ပြေးလိုက်သွားလေသည်။
အချင်းမှာမူ နောက်မှ အစွမ်းကုန်လိုက်သွားလေသည်။

* * *

'စုန်း....'
ယင်းဖုံးသည် နောက်ဆုံးမှ ပြေးထွက်လာသူတစ်ယောက် ဖြစ်သည်။ သို့သော် သူမက အရင်ဆုံး ရောက်သွားခြင်း ဖြစ်သည်။
သူမသည် ရောက်ရောက်ခြင်း တံခါးကို ခြေထောက်ဖြင့် ကန်လိုက်ခြင်း ဖြစ်သည်။
တံခါး ပြင်းထန်စွာ ပွင့်သွားလေသည်။



ယင်းဖုံးသည် တစ်ဟုန်ထိုး အိမ်ထဲသို့ ပြေးဝင်သွားရာ အိမ်ခန်းထဲ၌ အသက် (၃၀)ကျော်ခန့်ရှိသော လူနှစ်ယောက် ထိုင်နေသည်ကို တွေ့မြင်ရလေသည်။

သူတို့သည် ယင်းဖုံး ရောက်ရှိလာသည်ကို တွေ့ရသဖြင့် ထိတ်လန့်တုန်လှုပ်သွားကြလေသည်။

သို့သော် ထိုလူများသည် အတွေ့အကြုံ ရင့်ကျက်သော လူများ ဖြစ်သည့်အလျောက် သူတို့သည် ချက်ချင်းပင် ဣန္ဒြေဆည် လိုက်လေသည်။

ဝတုတ်က ဓားကို ဆွဲထုတ်လိုက်သည်။

'ချွမ်း....'

သူသည် ဓားကို လူတစ်ယောက်၏ ရင်ဝသို့ ထောက်ထား လိုက်သည်။

'မင်းတို့အကြောင်း မသိရင်ခက်မယ်'

ထိုလူနှစ်ယောက်တည်းမှ လူတစ်ယောက်က....

'ကျုပ်တို့မှာ ဘာအပြစ်ရှိသလဲခင်ဗျာ'

'ဟား....ဟား....ဟား'
ဌာနမှူးကိုထန် ရယ်မောလိုက်သည်။
'ကျုပ်တို့က မင်းတို့ကို အပြစ်ရှိတယ်လို့ ဘယ်သူက ပြောသေးလို့လဲ'
ထိုလူ ကြောင်အမ်းအမ်း ဖြစ်သွားသည်။

ဌာနမှူးကိုထန်က....
'မင်းတို့မဟုတ်တာ လုပ်ခဲ့လို့ မလုံမလဲ ဖြစ်နေကြတယ် မဟုတ်လား'

ထိုလူက....

'ဒါကတော့ ခင်ဗျားတို့က အေးအေးဆေးဆေး ဝင်လာတာမှ မဟုတ်ဘဲ၊ တံခါး ရိုက်ချိုးပြီး ဝင်လာတာကိုး'

ဌာနမှူး ကိုထန်က ခါးမှာ ချိတ်ထားသော လေးဒေါင့်ကြေးပြားကို ထုတ်ပြလိုက်သည်။

'တွေ့လား၊ ကျုပ်က နေပြည်တော်က ထောက်လှမ်းရေးမှူး တစ်ယောက် ဖြစ်တယ်'

ထိုလူက မဲ့ပြုံးပြုံးလိုက်လေသည်။

'ကဲ....ကျုပ်သိပါပြီတဲ့၊ ခင်ဗျားက ဘာလုပ်မလို့လဲ'

ဌာနမှူးကိုထန်က....

'ကျုပ်မေးတဲ့ မေးခွန်းကို မကွယ်မဖုံးဘဲ ဖြေရမယ်'

'ခင်ဗျားမေးနိုင်ပါပြီ'

ဌာနမှူးကိုထန်က ခေါင်းညိတ်လိုက်သည်။

'မင်းနာမည် ဘယ်လိုခေါ်သလဲ'

'ယူထုံးပါ'

'အသက်'



'(၃၃)နှစ်'

'မင်း ဒီမှာ ဘာလာလုပ်တာလဲ'

ထိုလူက ကျားကြီး၏ ဇနီးကို ညွှန်ပြလိုက်သည်။

'ကျုပ်အစ်မဆီလာတာ အပြစ်လား'

ယင်းဖုံးက ကြားဖြတ်မေးလိုက်သည်။

'ရှင်က ကျားကြီးဇနီးရဲ့ မောင်လေး ဟုတ်လား'

'ဟုတ်ပါတယ်'

'ဒီကိုရောက်လာတာ ဘယ်လောက်ကြာပြီလဲ'

'(၁၀)ရက်လောက်ပဲ ရှိပါသေးတယ်'

ယင်းဖုံးက ဌာနမှူးကိုထန်ဘက်သို့ လှည့်လိုက်သည်။

'ဆက်မေးပါ ဌာနမှူး'

ဌာနမှူးကိုထန်က....
'ပြောစမ်း....ဖန်ကြည်ကြည်နဲ့ရှမ်းရှမ်းကို ဘယ်မှာဝှက်ထားသလဲ'

ယူထုံးက ခေါင်းခါယမ်းလိုက်သည်။
'ခင်ဗျားပြောတာ ကျုပ်ဘာမှ နားမလည်ဘူး'
ဌာနမှူးကိုထန်က သူ့အားစိုက်ကြည့်လိုက်သည်။
'မင်းတကယ် မှုသိဘူးလား'
'မသိပါဘူးဗျာ'

ဌာနမှူးကိုထန်က ကျန်ရှိသော လူတစ်ယောက် ဘက်သို့ လှည့်ကြည့်လိုက်သည်။

'မင်းရော နာမည်ဘယ်လိုခေါ်သလဲ'

'ဝမ်းချစ်ပါ'

'အသက်ဘယ်လောက်ရှိပြီလဲ'

'သုံးဆယ့်ခြောက်နှစ်'

'မင်း ဒီကို ဘာကိစ္စနဲ့လာတာလဲ'

'ယူထုံးက သူ့အစ်မအိမ် လာချင်တယ်ဆိုပြီး အဘင်းခေါ်လို့ အဖော်လိုက်ခဲ့ရတာ'

ဌာနမှူးကိုထန် မျက်မှောင်ကုတ်သွားသည်။

'မှန်မှန်ကန်ကန် ပြောစမ်း၊ မင်းတို့က ရှမ်းရှမ်းနဲ့ ဖန်ကြည်ကြည်ကို ဘယ်မှာဝှက်ထားသလဲ'

ဝမ်းချစ်က ပြတ်သားစွာဖြေလိုက်သည်။

'ဖန်ကြည်ကြည်ကိုကျုပ်တောင် မမြင်ဖူးပါဘူးဗျာ'

ထိုစဉ် ယင်းဖုံးကကြားဖြတ်၍ ကျားကြီး၏ ဇနီးကိုကြည့်လိုက်သည်။

'ဒေါ်ဒေါ်က ဘာဖြစ်လို့ ရဲတိုက်မှာမနေဘဲ ဒီတော ထဲမှာလာနေရတာလဲ'

ကျားကြီး၏ဇနီးက မည်ကဲ့သို့ပြန်ပြောရမှန်းမသိဘဲ ထစ်ထစ် ငေါ့ငေါ့ဖြစ်နေ၏။



ယင်းဖုံးက သူမအားစိုက်ကြည့်လိုက်သည်။

'ပြောပါ ဒေါ်ဒေါ်၊ ဖန်ကြည်ကြည်ကို ဖမ်းထားတယ် မဟုတ်လား'

'ခင်ဗျား ပါးစပ်ပိတ်ထားပါ'

ယူထုံးက အသံကျယ်လောင်စွာဖြင့် ဟန့်တားထားလိုက်လေသည်။ ယင်းဖုံးက ယူထုံးအားမကြည့်ဘဲ ကျားကြီး၏ဇနီးအား ပြုံးပြလိုက်သည်။

'ဒေါ်ဒေါ်၊ ကျားကြီးနဲ့ ကျားလေးလဲ အသက်ဆုံးရှုံးသွားပါပြီ၊ အဖြစ်အပျက်အမှန်ကို ပြောပြပါ'

'ဟုတ်ကဲ့....ကျွန်မဘာပြောရမှန်း မသိလို့ပါ'

ယင်းဖုံးက ပြုံးလိုက်သည်။

'မပြောတတ်ရင် နေပါစေ၊ ကျွန်မမေးတာကိုသာ မှန်မှန် ဖြေပါ'

ထိုစဉ် ယူထုံးကတစ်ဟုန်ထိုးပြေးဝင်လာလေသည်။

'ခင်ဗျားပါးစပ်ပိတ်ထားလိုက်ရင် ကောင်းမယ်ထင်တယ်'

ယင်းဖုံးက ယူထုံး၏ သွေးကြောကို ပိတ်ထားလိုက်ရလေသည်။

* * *

ယင်းဖုံးသည် အနှောင့်အယှက် ပေးနေသော ယူထုံး၏ သွေးကြောကိုပိတ်လိုက်လေသည်။ ဝတုတ်ကလည်း ဝမ်းချစ်၏ သွေးကြောကိုပိတ်လိုက်လေသည်။

ယင်းဖုံးက ကျားကြီး၏ဇနီးအား ပျော့ပျောင်းသောလေသံဖြင့်....

'ကဲ....ဒေါ်ဒေါ်ကိုကျွန်မမေးမယ်၊ မှန်တဲ့အတိုင်းဖြေနော်'

'ဟုတ်ကဲ့၊ မှန်တဲ့အတိုင်း ဖြေပါ့မယ်'

ကျားကြီး၏ဇနီးသည် စိတ်မကောင်းစွာဖြင့် မျက်ရည်ကျလာလေသည်။

ယင်းဖုံးက စတင်မေးလိုက်သည်။

'ဖန်ကြည်ကြည်ကို ဘယ်သူဖမ်းထားတာလဲ'

'ယူထုံးနဲ့ ဝမ်းချစ်တို့ပါ'

'ဒီကိစ္စ ကျားကြီးသိသလား'

'မသိပါဘူး'

'သူတို့က ဖန်ကြည်ကြည်ကိုသတ်ဖို့ ကျားကြီးနဲ့တိုင်ပင်သေးသလား'

'တိုင်ပင်ပါတယ်'

'ကျားကြီးက ဘာပြောသလဲ'

'သူက လုံးဝသဘောမတူပါဘူး'



'ဒါကြောင့် ဒေါ်ဒေါ်တို့က ဖန်ကြည်ကြည်ကို တိတ်တဆိတ် ဖမ်းလိုက်တယ် မဟုတ်လား'

'ဒေါ်ဒေါ်မပါပါဘူး၊ သူတို့က သူတို့သဘောနဲ့ ဖမ်းဆီးလိုက်တာပါ'

'သူတို့က ဖန်ကြည်ကြည်ကို ဘယ်လိုနည်းနဲ့ ဖမ်းဆီးခေါ်ဆောင်သွားတာလဲ'

'သူတို့ကိုယ်တိုင် မဖမ်းပါဘူး၊ ကျားလေးကို ဖျားယောင်းပြီး ဖမ်းခိုင်းလိုက်တာပါ'

ယင်းဖုံး သဘောကျစွာဖြင့် ခေါင်းညိတ်လိုက်သည်။

'ဒါနဲ့ဒေါ်ဒေါ်၊ ရွာထဲကမိန်းကလေး လေးယောက်ပျောက်ဆုံးသွားတာလဲ ကျားလေးရဲ့ လက်ချက်ဟုတ်လား'

'ဟုတ်ပါတယ်၊ သူတို့ပဲ ကျားလေးကိုအသုံးချပြီး ဖမ်းခေါ်လိုက်တာဖြစ်ပါတယ်'

'အခု ဖန်ကြည်ကြည်နဲ့ အဲဒီမိန်းကလေး လေးယောက်ကို ဘယ်မှာဝှက်ထားသလဲ'

ကျားကြီး၏ဇနီးသည် ပြောသင့် မပြောသင့် စဉ်းစားနေသည်။

ယင်းဖုံးက ပြုံးပြလိုက်သည်။

'သူတို့ကြောင့် ဒေါ်ဒေါ်ရဲ့ယောကျ်ား အသတ်ခံရတယ် မဟုတ်လား၊ ဘာဖြစ်လို့ သူတို့ကို အကာအကွယ် ပေးချင်ရတာလဲ'

သူမက စကားဆက်လိုက်သည်။

'နောက်ပြီး မိန်းကလေးတွေရဲ့ မိဘတွေဟာ သောကမီး ဘယ်လောက် တောက်လောင်နေတယ်ဆိုတာလဲ ဒေါ်ဒေါ် ကိုယ်ချင်းစာဖို့ ကောင်းပါတယ်'

ကျားကြီး၏ဇနီးသည် ယင်း၏စကားကို ကြားလိုက်ရသောအခါ တွေဝေနေရာမှ ခေါင်းညိတ်ပြလိုက်လေသည်။

'ဟုတ်ကဲ့....ဒေါ်ဒေါ် ပြောပါ့မယ်'

'ပြောပါ ဒေါ်ဒေါ်'

'သခင်မလေးနဲ့ မိန်းကလေး လေးယောက်ကို သူတို့က မြေအောက်ခန်းတစ်ခုမှာ ချုပ်နှောင်ထားတာဖြစ်ပါတယ်'

ယင်းဖုံးသည် ကျေနပ်စွာဖြင့် ဌာနမှူး ကိုထန်အားမော့ကြည့်လိုက်သည်။ ဌာနမှူးကိုထန်က ကျေနပ်စွာ ဖြင့် ပြုံးပြလိုက်သည်။

ယင်းဖုံးက စကားဆက်လိုက်သည်။

'မြေအောက်ခန်းဆိုတာ ဘယ်မှာလဲ'

'ရဲတိုက်ရဲ့ မြေအောက်မှာ ရှိပါတယ်'



'ဒီနေရာကို ဒေါ်ဒေါ်သိသလား'

'သိပါတယ်'

'သိရင် ကျွန်မတို့ကို လိုက်ပြပါ'

* * *

ဤနေရာသည် မြေအောက်ခန်းတစ်ခုရှိသည်ဟူ မည်သူကမျှ သိနိုင်စွမ်းမရှိပါ။

အကယ်၍သာ ကျားကြီး၏ဇနီးက လိုက်လံပြသခြင်းမပြုဘူးဆိုရင် မည်သူမျှသိရှိနိုင်မည်မဟုတ်ပါ။

ဖန်ကြည်ကြည်သည် ဝူးရားတို့ လူစုအား တွေ့မြင်လိုက်ရသောအခါ ဝမ်းသာသွားလေသည်။

အချင်းက အခန်းထဲသို့ရှေ့ဆုံးမှ ပြေးဝင်သွားသည်။

'သခင်မလေး'

သူမသည် ဖန်ကြည်ကြည်အား သိုင်းဖက်ကာ ငိုကြွေးလေတော့သည်။ ဌာနမှူး ကိုထန်မှာမူ ချုပ်နှောင်ထားသော

မိန်းကလေး လေးယောက်အား အားပေးစကားပြောကာ မြေအောက်ခန်းမှ ထွက်လာကြသည်။

သို့သော် ရှမ်းရှမ်းတစ်ယောက်မှာ ပျောက်ချင်းမလှပျောက်နေသေး၏။ ဝူးရားစိတ်မရှည်နိုင်တော့ပါ။ သူမသည်ကျားကြီး၏ဇနီးလက်ကို ဆွဲလိုက်သည်။

'ဒေါ်ဒေါ်၊ ရှမ်းရှမ်းဘယ်မှာ ရှိသလဲဆိုတာပြောဦးမှပေါ့'

ကျားကြီး၏ ဇနီးက ခေါင်းခါရမ်းလိုက်သည်။

'ဒေါ်ဒေါ်က မသိလို့ပါကွယ်'

ဝူးရား ဒေါသခြောင်းခြောင်း ထွက်နေ၏။

'ဘာ မသိရမှာလဲ'

သူမသည် ကျားကြီး၏ ဇနီးအား ဒေါသကြီးစွာဖြင့် မေးနေသည်။

ယင်းဖုံးက ဟန့်တားလိုက်လေသည်။

'ဝူးရား မလုပ်နဲ့'

မည်သူ့ကိုမျှ မကြောက်တတ်သော ဝူးရားသည် ယင်းဖုံး၏ စကားကို မည်သည့်အခါမျှ မဖီဆန်ဝံ့ပါ။

သူမက ပါးစပ်ပိတ်ထားလိုက်လေသည်။

သူမသည် ယင်းဖုံး၏စကားကို မငြင်းပယ်ဝံ့ သော်လည်း စိတ်ထဲ၌ မကျေမနပ်ဖြစ်နေသဖြင့် နှုတ်ခမ်းစူထားလေသည်။



ယင်းဖုံးက ကြိတ်၍ ပြုံးနေသည်။

သူမက ရှင်းပြလိုက်လေသည်။

'ရှမ်းရှမ်းဘယ်မှာရှိတယ်ဆိုတာ မမသိပါတယ်'

ဝူးရားက အံ့အားသင့်သွားလေသည်။

'မမသိတယ် ဟုတ်လား'

ယင်းဖုံးက ခေါင်းညိတ်လိုက်၏။

'မမသိရက်နဲ့ ဘာကြောင့်သွားပြီး မကယ်တာလဲ'

ယင်းဖုံးက ပြုံးပြလိုက်သည်။

'ကျားကြီးအမှုက ပိုပြီးအရေးကြီးနေလို့ ဦးစားပေး လုပ်နေရတယ်၊ နောက်ပြီး သူတို့က ရှမ်းရှမ်းကို ဘာမှ မလုပ်ဝံ့ဘူးဆိုတာ သိထားလို့ပါ'

ဝူးရားက မကျေမနပ် ဖြစ်သွားသည်။

'ကဲ အခု ဒီအမှုလဲ ပြီးသွားပါပြီ၊ ရှမ်းရှမ်းကို အမြန်ဆုံးကယ်ကြရအောင်'

ဝတုတ်က ကြားဖြတ်လိုက်၏။

'ရှမ်းရှမ်းကို ဘယ်အိမ်မှာ ချုပ်ထားမှန်းလဲ မသိပဲ ဘယ်လိုလုပ် သွားကယ်နိုင်မှာလဲ'

ယင်းဖုံးက....

'စုံစမ်းရင်တော့ ရကောင်းပါတယ်'

ဝတုတ်က....

'ဘယ်လို စုံစမ်းရမှာလဲ'

ယင်းဖုံးက....

'ကျွန်မက ဒီကိစ္စပြီးရင် ဘုံကျောင်းဆီကို ရောက်အောင် သွားရမယ်'

'ဝတုတ်က မျက်မှောင်ကြုတ်သွားသည်။

'ရှမ်းရှမ်းက ဟိုမှာ နေလို့လား'

ယင်းဖုံးက....

'မရှိပါဘူး'

ဝတုတ်က....

'ဒါဖြင့် ဘာသွားလုပ်မှာလဲ'

ယင်းဖုံးက....

'အဲဒီ ဘုံကျောင်းတစ်ဝိုက်မှာ အရေပြား ရောဂါရှိတဲ့ လူတစ်ယောက်ကို လိုက်ရှာရမှာမို့လို့ပါ'

သူမက စကားဆက်လိုက်သည်။

'အဲဒီ အရေပြား ဝေဒနာရှင်ကို ရှာလို့တွေ့ရင် ရှမ်းရှမ်းကို တွေ့တာနဲ့ အတူတူပဲ'

ဝတုတ်က....



'ရှမ်းရှမ်းကို အရေပြား ရှိတဲ့လူက ဖမ်းသွားတယ် မဟုတ်လား....'

ယင်းဖုံးက....

'ဒီလိုပါ၊ အရေပြား ရောဂါရှိတယ်ဆိုတာ ကျွန်မဆီကို စာလာပေးတုန်းက စာအိတ်ပေါ်မှာ အရေပြားလိမ်းတဲ့ ဆေးကို လိမ်းထားတဲ့ ဆေးအနံ့ ပါလာလို့ပါ'

ဝတုတ်က....

'ဟုတ်တယ်ဟေ့ - ကျုပ်က ဒီအထိအောင် မစဉ်းစားမိဘူးဗျ'

ယင်းဖုံးက ပြုံးလိုက်သည်။

'ကျုပ်တို့က ထောက်လှမ်းရေး သမားတွေပါ၊ အရာရာကို သတိထားရင် အကျိုးရှိပါလိမ့်မယ်'

ဝတုတ်က ခေါင်းညိတ် လိုက်သည်။

'ဟုတ်တယ်၊ ဒါနဲ့ ခင်ဗျားက ဘယ်လိုလုပ် ဒီအချက်ကို တွေ့ရှိထားတာလဲ'

ယင်းဖုံးက

'ဒါတော့ စာအိပ်ပေါ်မှာ အရေပြား ဆေး လိမ်းထားတဲ့ ဆီတွေ စွန်းနေလို့ပါ'

ဝတုတ်က ပြုံးလိုက်သည်။

'တကယ်လို့ ဒီစာဟာ တခြား လူ တစ်ယောက်ယောက် ခေါ်ပြီး ရေခိုင်းတယ် ဆိုရင်ကော'

ယင်းဖုံးက....

'ဒါလဲ လွယ်ပါတယ်၊ အရေးပြားရောဂါ ရှိတဲ့လူကို စုံစမ်းမေးမြန်း လိုက်ရင် သိနိုင်ပါတယ်'

သူမသည် ပြုံး၍ စကား ဆက်လိုက်သည်။

'ဒီလိုဆိုရင် ကျွန်မတို့ ဘုံကျောင်း အနီးတဝိုက်မှာ အရေပြားရောဂါ ရှင်တွေကိုလိုက်ပြီး စုံစမ်းရင် ရှမ်းရှမ်းကို ကယ်နိုင်မယ်မဟုတ်လား'

ဝတုတ်ပြုံးလိုက်သည်။

'ကျုပ်လဲ အဖော်လိုက်ပြီး ဝိုင်းရှာပေးပါ့မယ်'

သူကသက်ပြင်း တစ်ချက် ချလိုက်သည်။

'အမှန်ပြောရမယ်ဆိုရင် လွယ်တော့ မလွယ်ဘူး ထင်တယ်'

ယင်းဖုံးက....

'ဘာဖြစ်လို့လဲ'

ဝတုတ်က....

'အရေပြားရောဂါရှိတဲ့လူဟာ ဘုံကျောင်းအနီးတစ်ဝိုက်မှာ ရှိတယ်ဆိုတာ ခင်ဗျား ဘယ်လိုလုပ် ပြောနိုင်မှာလဲ'



ယင်းဖုံး ပြုံးလိုက်လေသည်။

'သူတို့ ပေးလိုက်တဲ့စာကို ရှင်လဲ ဖတ်ခဲ့တယ်မဟုတ်လား'

ဝတုတ် ခေါင်းညိတ်လိုက်သည်။

'ဖတ်ကြည့်ခဲ့ပါတယ်'

ယင်းဖုံးက....

'စာထဲမှာ အလုံဖြူ ထောင်ရမယ်လို့ ပါတယ်မဟုတ်သား'

ဝတုတ် ခေါင်းညိတ်လိုက်သည်။

'တွေ့ပါတယ်'

ယင်းဖုံး ပြုံးလိုက်သည်။

'အလံဖြူကို မြင်နိုင်အောင် သူတို့က ဘုံကျောင်းအနီးတဝိုက်မှာ ရှိမှဖြစ်မယ်မဟုတ်လား'

ဝတုတ်က သဘောပေါက် ကျေနပ်သွားလေသည်။

'ခင်ဗျားပြောမှပဲ ကျုပ် နားရှင်းသွားတော့တယ်'

ဝတုတ်က အတန်ကြာ ဆိတ်ဆိတ်နေပြီးမှ ခေါင်းမော့လိုက်လေသည်။

'ကောင်းပြီလေ၊ ကျုပ်လဲ လိုက်ပါ့မယ်'

* * *

ညနေ....

ဘုံကျောင်းအနီးတစ်ဝိုက်....

ဘုံကျောင်းအနီးတစ်ဝိုက်တွင် ဈေးသည်များ၊စားသောက်ဆိုင်များဖြင့် အလွန်စည်ကားသည်။

တိုလီမိုလီရောင်းနေသော ဈေးသည်များ၊ စားသောက်ဖွယ်ရာများ ရောင်းသောဈေးသည်တို့သည် တစာစာ ဈေးခေါ်နေကြ၏။

ဝူးရားသည် လူအုပ်ကြားမှ တိုးဝှေ့ကာ ဘုံကျောင်းထဲသို့ဝင်ရောက်သွားလေသည်။ ဝတုတ်က ဘုံကျောင်းထဲ၌ ရောက်နှင့်နေပြီး ဖြစ်လေသည်။

ဝတုတ်သည် ဝူးရားဝင်လာသည်ကို တွေ့မြင်လိုက်သည်နှင့် လက်မြှောက်၍ အချက် ပြလိုက်လေသည်။ ဝူးရားက သူ့ထံလျှောက်သွားသည်။

'ဘာသတင်းရသလဲ'

ဝတုတ်က စတင်မေးလိုက်သည်။

ဝူးရားက စိတ်ပျက်စွာဖြင့်....

'ဘာမှ အကြောင်း မထူးဘူး'

သူမက ပြန်မေးလိုက်သည်။

'ရှင်ကော'

ဝတုတ်က ခေါင်းခါယမ်းလိုက်သည်။



'ကျုပ်လဲ ဘာသတင်းမှ မရခဲ့ပါဘူး'

သူက စကား ဆက်လိုက်ပြန်သည်။

'အရေပြားရောဂါရှိတဲ့လူမပြောနဲ့၊ သံသယဖြစ်မယ့်လူတောင်ရှာမတွေ့ပါဘူး'

ဝူးရားက သက်ပြင်းတစ်ချက် ချလိုက်သည်။

'ကျွန်မလဲ တောင်ခြေအနီးအထိ ရောက်သွားတယ်၊ ဘာကိုမှ မတွေ့ခဲ့ဘူး'

သူမက သက်ပြင်းတစ်ချက် ချလိုက်ပြန်သည်။

'ရှမ်းရှမ်းကို သူတို့က တစ်အိမ်အိမ်မှာ ဝှက်ထားတာတော့သေချာတယ်၊ ခက်တာက တစ်အိမ်တက်ဆင်း ဘယ်လိုလုပ်ရှာနိုင်မလဲ'

ဝတုတ်က....

'ဒါနဲ့ ယင်းဖုံးတစ်ယောက် ရောက်မလာသေးဘူး'

ဝူးရားက....

'သူရောက်လာပါစေလို့ ဆုတောင်းနေရမှာပဲ'

*　*　*

ယင်းဖိုးတို့သည် သူတို့ အလိုရှိနေသော အရေပြားရောဂါသည်တွေကို လိုက်လံရှာဖွေကြသည်။

သူတို့သည် ဘုံကျောင်းနေရာကို သတင်းဖလှယ်ရန် ဌာနတစ်ခုအနေဖြင့် သတ်မှတ်ထားခြင်း ဖြစ်လေသည်။

ယခုမှာမူ....

နံနက်အချိန်ကစပြီး ညနေခင်းအချိန်ထိ သူတို့သည် ရရှိသော အခြေအနေများကို လာရောက် ဖလှယ်ကြခြင်း ဖြစ်သည်။

လက်ရှိ အခြေအနေအရ ဝတုတ်နှင့် ဝူးရားတို့မှာ မည်သည့်သတင်းကိုမှ မရရှိခဲ့ပါ။

ထို့ကြောင့်....

သူတို့သည် ရောက်လာမည့် ယင်းဖုံးမှာ တစ်စုံတစ်ခု ထူးထူးခြားခြား တွေ့ရှိနိုင်ပါစေဟု ဆုတောင်းနေရခြင်း ဖြစ်လေသည်။

သူတို့သည်အတန်ကြာအောင် နေတော့မှ ယင်းဖုံး ရောက်ရှိလာလေသည်။

* * *



ယင်းဖုံးသည် ဘုံကျောင်းသို့ လှမ်းဝင်လိုက်သည်နှင့် အလွန်စိတ်မြန်သော ဝူးရာက ဆီး၍ မေးလိုက်လေသည်။

'မမ သတင်း ထူးလား'

ယင်းဖုံးက ခေါင်းခါယမ်းလိုက်သည်။

'ဘာမှမထူးပါဘူး'

သူမသည် ဝူးရားနှင့် ဝတုတ်အား တလှည့်စီကြည့်လိုက်သည်။

'ရှင်တို့ကော'

ဝတုတ်နှင့်ဝူးရားတို့က ပြိုင်တူ ခေါင်းခါယမ်း ပြလိုက်သည်။

ယင်းဖုံး မျက်မှောင်ကုတ်သွားသည်။

'ငါ့ရဲ့ယူဆချက်တွေ မှားများ နေပြီလား'

ဝူးရားက....

'ဒုက္ခပါပဲ၊ သူတို့ ချိန်းထားတဲ့ အချိန်တွေ လွန်သွားရင် ရှမ်းရှမ်းကို သူတို့ကမီးရှို့သတ်မယ်လို့ ပြောထားတယ်'

ဝတုတ်က....

'ဟုတ်တယ်'

ဝူးရားက....

'ကျွန်မတို့ ဘာဆက်လုပ်ကြမယ် ကောင်းမလဲ'

ဝတုတ်က....

'တို့ဘာဆက်လုပ်ရမလဲဆိုတာ ယင်းဖုံးကိုပဲ မေးကြည့်မှ ဖြစ်မယ်'

ဝူးရားက ယင်းဖုံးဘက်သို့လှည့်လိုက်သည်။

'မမ....ကျွန်မတို့ ဘာဆက်လုပ်ကြမလဲ'

ယင်းဖုံးက....

'မမလဲ မစဉ်းစားတတ်အောင်ဖြစ်နေပြီ'

ဝတုတ်က....

'ဘာပဲဖြစ်ဖြစ် ရှမ်းရှမ်း အသတ်မခံရအောင် လက်လျှော့ လိုက်ပါတော့'

ယင်းဖုံးက ခေါင်းခါယမ်းလိုက်သည်။

'ဒုစရိုက်သမားတွေကို ဘယ်တော့မှ ဒူးထောက်အရှုံးမပေး ပါဘူး'

ဝတုတ်က....

'ဟုတ်တော့ ဟုတ်ပါတယ်၊ ဒါပေမယ့် အခုဟာ တို့မှာ အချိန်များများမရတော့ဘူး မဟုတ်လား'

ဝူးရားက....

'ဟုတ်တယ်မမ၊ မိုးချုပ်တော့မယ်၊ တစ်ခုခု ဆုံးဖြတ်မှ ဖြစ်မယ်'

ဝတုတ်က အတန်ကြာ စဉ်းစားပြီးမှ....



'ကျုပ် အကြံတစ်ခုရလာတယ်ဗျ'

ယင်းဖုံးက သူ့အားလှည့်ကြည့်လိုက်သည်။

'ပြောပါ'

ဝတုတ်က....

'ကျုပ်တို့ သစ်ပင်ထိပ်ဖျားကိုတက်ကြည့်မယ်၊ သူတို့ကန့်သတ်တဲ့အချိန် ရောက်လာတာကို မတွေ့ရင် အိမ်ကိုမီးရှို့တော့မှာပဲ၊ အဲဒီတော့ အိမ်မီးလောင်တာကို တွေ့တာနဲ့ အမှီလိုက်နိုင်တာပေါ့'

ယင်းဖုံးက ပြုံးလိုက်သည်။

'ထားပါတော့လေ၊ ရှင်ပြောသလို အိမ်မီးလောင်တာကို တွေ့ပြီးမှသွားကယ်မယ်ဆိုရင် ငါတို့ရောက်တဲ့ အချိန်မှာ သူ ပြာကျသွားရောပေါ့'

သူတို့သုံးယောက်သည် စကားတစ်ခွန်းမှ မပြောတော့ဘဲ တိတ်ဆိတ်စွာ ထိုင်ချလိုက်လေသည်။

* * *

ဝါးရုံးရားတို့ရောက်ရှိနေသော ဘုံကျောင်းနှင့် (၅) မိုင်ကွာနေရာတွင် နဂါးပတ်တောင်ဟူသော အမည်တွင်သော တောင်တစ်လုံးရှိသည်။

ထိုနဂါးပတ်တောင်သည် မြင့်မားသော တောင်တစ်လုံး မဟုတ်ပါ။ထို နဂါးပတ်တောင်၏ တောင်ကလပ်တစ်နေရာတွင် အလွန်ကြီးမားပြီး ခန့်ညားသော သစ်သားအိမ် တစ်လုံး တည်ဆောက်ထားသည်ကို တွေ့ရသည်။

ယင်းအိမ်ထဲ၌ ရှမ်းရှမ်းက အကျဉ်းသား တစ်ယောက်အနေဖြင့် အိမ်တစ်ခန်းမှာ ထားရှိလေသည်။

သူမ၏ လက်နှစ်ဘက်ကိုလည်း ကြိုးဖြင့် မလှုပ်နိုင်အောင် တုပ်နှောင်ထားလေသည်။ ထို့ပြင် သူမအော်ဟစ်မည်ကို စိုးရိမ်သဖြင့် ပါးစပ်ထဲသို့ အဝတ်ပိတ်ဆို့ထားလေသည်။

ထိုအိမ်ရှေ့ဝရံတာအနီးတွင် ကုလားထိုင်တစ်လုံး ရှိသည်။ ယင်းကုလားထိုင်ပေါ်၌ လက်တစ်ဘက်မှာ အရေပြားဆေးကို လိမ်းထားသော လူတစ်ယောက်က ထိုင်နေ၏။ သူနှင့်မျက်နှာချင်းဆိုင်ကုလားထိုင်ပေါ်၌မျက်လုံးစွေနေသော လူတစ်ယောက်က ထိုင်နေသည်။

'ညမှောင်လာပြီ၊ ဘာသတင်းမှ မထူးခြားပါလား'

မျက်လုံးစွေသောလူက....

'စိတ်ချ၊ သူတို့လာကိုလာရမယ်'



အရေပြားရောဂါရှိသောလူက....

'မင်းက လာမယ်သာပြောနေတာ၊ အလံဖြူထောင်တာလဲ မမြင်ရသေးပါလား'

မျက်လုံးစွေသောလူက....

'အချိန်ကသိပ်နောက်မကျသေးပါဘူး၊ ဆက်ပြီးစောင့်ကြည့်ပါဦးလေ'

အရေပြားရောဂါရှိသောလူက....

'မင်းက ရှောင်ပေရှုံအတွက် အကြံအများကြီး ပေးခဲ့တယ်၊ အခုတော့ အမှေ့မရတဲ့အပြင် အဖမ်းခံဖို့တော့ သေချာပြီ'

မျက်လုံးစွေသောလူက....

'ဒါဖြင့် ခင်ဗျား အခု ဘာလုပ်မလဲ'

အရေပြားရောဂါရှိသောလူက....

'ကျုပ်သဘောက ရှမ်းရှမ်းကို အမြန်ဆုံး ပြန်လွှတ်လိုက်ရင် ကောင်းမယ်ထင်တယ်'

မျက်လုံးစွေသောလူက....

'တို့လွှတ်လိုက်တာက အရေးမကြီးဘူး၊ သူတို့ကရော ကျုပ်တို့ကို ခွင့်လွှတ်မလား'

အရေပြားရောဂါရှိသောလူက....

'ဒါဖြင့် မင်း ဘာလုပ်ချင်သလဲ'

မျက်လုံးစွေသောလူက....

'အချိန်စောင့်ကြည့်ဦးမယ်၊ မဟာန်ဘူးဆိုရင် တို့ပြောထားတဲ့

18 အတိုင်း အိမ်ကို မီးရှို့ပြီး ထွက်ပြေးကြတာပေါ့'

အရေပြားရောဂါရှိသောလူက....

'ဖြစ်ပါ့မလားကွာ'

မျက်လုံးစွေသောလူက....

'ဒီလမ်းတစ်လမ်းပဲရှိတယ်၊ မင်းက ရှမ်းရှမ်းကို လွှတ်လိုက်ရင် တို့အပေါ် အမှုပြု ပတ်မှာကွ'

အရေပြားရောဂါရှိသောလူက....

'ဒါဖြင့် အချိန်နည်းနည်း စောင့်ကြတာပေါ့'

မျက်လုံးစွေသောလူသည် ထိုင်ရာမှ ထလိုက်ပြီး အပြင်သို့ ထွက်သွားလေသည်၊

သူသည် ဘုံကျောင်းဘက်သို့ လှမ်း၍ အကဲခတ်ကြည့်နေလေသည်။

* * *

မျက်လုံးစွေသောလူ၏အမည်မှာ ခုံးခုံးဖြစ်သည်။

အရေပြားရောဂါရှိသောလူမှာ ပိအု ဖြစ်သည်။

သူတို့နှစ်ယောက်သည် ရှောင်ပေရှုံ၏ အဖွဲ့သားများ ဖြစ်ကြလေသည်။



သူတို့နှစ်ယောက်သည် ရှောင်ပေရှုံနှင့်အတူ ဖန်ကြည်ကြည် အမွေကို အပိုင်စီးရန် ကြံစည်သော လူများ ဖြစ်လေသည်။

သူတို့၏အကြံမှာ ဖန်ကြည်ကြည်အား ဖမ်းဆီးထားပြီး ကျားကြီးကိုလည်း သတ်ရန် ဖြစ်လေသည်။

သို့သော် ရှောင်ပေရှုံက ဖန်ကြည်ကြည်ကို မဖမ်းမိဘဲ ရှမ်းရှမ်းအား လူမှား၍ ဖမ်းလာမိလေသည်။

ဖြစ်ပေါ်လာသော အခြေအနေများသည် သူတို့အဖို့ ပို၍ ပို၍ ဆိုးဝါးလာလေသည်။

ရှောင်ပေရှုံ အသတ်ခံရပြီးနောက် သူတို့သည် ရှမ်းရှမ်းအတွက် ယင်းဖုံးထံသို့ ငွေတောင်းပြီး ထွက်ပြေးရန် ကြံစည်နေခြင်းဖြစ်သည်။

သို့သော် ယင်းဖုံးက လုံးဝအရှုံးမပေးသောကြောင့် သူတို့သည် အကြံအိုက်နေခြင်း ဖြစ်လေသည်။

* * *

အချိန်သည် တဖြည်းဖြည်း ကုန်ဆုံးသွားသည်။

ဝန်းကျင်တစ်ခုလုံးမှာ မှောင်စပြုလာလေသည်။

ပိအုနှင့် ခိုးခိုးတို့သည် အပြင်သို့ အကြိမ်ကြိမ် ထွက်လာပြီး လျှင် ဘု ကျောင်းဘက်သို့ မျှော်ကြည့်လိုက်သည်။

သို့သော် အလံဖြူတင်ထားသည်ကို မတွေ့ရသေးပါ။

နောက်ဆုံး လုံး၀ မိုးချုပ်သွားပြီဖြစ်ရာ သူတို့၏ တောင်းဆို ချက်ကို လုံး၀ လက်မခံကြောင်း ရိပ်စားမိလာလေသည်။

ပိအုက ရှမ်းရှမ်းအနီးသို့ လျှောက်သွားလေသည်။

'ကဲ....ရှမ်းရှမ်း၊ ငါက အခွင့်အရေး အများကြီးပေးတယ်၊ ယင်းဖုံးက လုံး၀လက်မခံဘူး၊ ဒါကြောင့် မင်းကို မီးရှို့ပြီး ထားခဲ့ရမှာပဲ'

ရှမ်းရှမ်းသည် ပါးစပ်မှာ အ၀တ်ဖြင့် ပိတ်ထားသောကြောင့် ပြန်လည်ချေပပြောဆိုနိုင်စွမ်း မရှိပါ။

ပြောရန် ဆန္ဒလည်း မရှိပါ။

ထို့ကြောင့် သူမသည် မျက်လုံးပြူးကြည့်သည်မှအပ မည်သို့မျှ တတ်နိုင်စွမ်းမရှိပါ။

ခိုးခိုးက ပခုံးတစ်ချက် တွန့်လိုက်သည်။

'သူ့ကို ပြောနေလို့အပိုပဲ'

ပိအုက....

'တို့ ဆက်ပြီး စောင့်နေဖို့မသင့်ဘူး ထင်တယ်'

ခိုးခိုးက ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်၊ တို့ ဆက်ပြီးနေလို့ မဖြစ်တော့ဘူး'



သူသည် ရှမ်းရှမ်းအား ကောက်ကျစ်စွာ ပြုံးပြလိုက်သည်။

'ကဲ....ရှမ်းရှမ်းရေ တို့အပြစ်မဆိုနဲ့နော်၊ မင်းတို့ ယင်းဖုံးက ခေါင်းမာနေတာ'

သူက ပြောပြီး အခန်းထဲ၌ရှိနေသော ကုလားထိုင်၊ စားပွဲများကို အခန်း၏ အလယ်တွင် စုပုံထားလိုက်လေသည်။ ထို့ပြင် ကောက်ရိုးများဖြင့် စုပုံထားသည်။

ထို့နောက် အထုပ်ကလေးကိုယ်စီဖြင့် ပခုံးပေါ် သို့လွယ်ထားပြီးနောက် မီးအိမ်ထဲမှ ဆီများကို ကောက်ရိုးပုံသို့ လောင်းချ၍ မီးရှို့ လိုက်လေသည်။

သူတို့သည် မီးရှို့ပြီးသည်နှင့် အိမ်ခန်းထဲမှ လျှင်မြန်စွာ ထွက်ခွာသွားလေသည်။

* * *

ဝူးရှားသည် စိုးရိမ်မှုအပြည့်ဖြင့် လက်နှစ်ဖက် နောက်ပစ်ကာ ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေ၏။

၀တုတ်က ကုလားထိုင်ပေါ်တွင် ထိုင်နေ၏။ သူသည် ယင်းဖုံးအား မတွေ့ရသဖြင့်....

'ဦးရား၊ ယင်းဖုံးတစ်ယောက် မတွေ့ပါလား'

ဦးရားက....

'ခုနတုန်းကတော့ ဘုံကျောင်းနောက်ဘက် လျှောက်သွားတာကို တွေ့ရတယ်'

ဝတုတ်က-

'သူ ဘယ်ကိုသွားတာလဲ'

ဦးရားက ခေါင်းခါယမ်းလိုက်သည်။

'မသိဘူး'

ဝတုတ်က-

'ယင်းဖုံး အလုပ်လုပ်တာ တော်တော့ကို လျှို့ဝှက်တယ်။ အခု သူ ဘာလုပ်နေမှန်းလဲ မသိရဘူး'

ဦးရားက ပြုံးလိုက်သည်။

'ဒါကတော့ သူ့ရဲ့ အကျင့်ပါ၊ ဒါပေမယ့် သူက လှုပ်ရှားတော့မယ်ဆိုရင် အကြောင်းကြားမှာပါ'

ဝတုတ်က-

'မိုးချုပ်လာပြီ၊ လူဆိုးတွေက မစောင့်နိုင်ရင် ရှမ်းရှမ်းတော့ ဒုက္ခရောက်မှာ သေချာတယ်'

ဝတုတ်က သက်ပြင်းတစ်ချက်ချလိုက်သည်။

'ဘာပဲဖြစ်ဖြစ် ယင်းဖုံး ပြန်လာမှပဲ ဘာဆက်လုပ်ရမယ်ဆိုတာ သိရမှာပဲ'



ဝန်းကျင်တစ်ခုလုံး မှောင်မည်းလာပြီ ဖြစ်သည်။

ယင်းဖုံးက ပြန်မလာသေးပါ။

ရုတ်တရက် လေများ တဟူးဟူးတိုက်ခတ်လာလေသည်။

ဦးရားနှင့် ဝတုတ်တို့သည် ဘုံကျောင်း အပြင်ဘက်ရှိ လှေကားထစ်ပေါ်၌ ထိုင်နေကြလေသည်။

သူတို့၏ ခန္ဓာကိုယ်များသည် ငြိမ်သက်စွာရှိနေသော်လည်း သူတို့၏ စိတ်အစဉ်သည် လွင့်ပျံ့ရွေ့လျားနေလေသည်။

ရုတ်တရက် အရှေ့ဘက်မှ မီးခိုးလုံးများနှင့် မီးတောက်မီးလျှံများ ထောင်တက်လာသည်ကို တွေ့မြင်လိုက်ရလေသည်။

ဦးရားက ထိုင်ရာမှ ထခုန်လိုက်သည်။

'ဒုက္ခပါပဲ၊ ရှမ်းရှမ်းတော့ ဒုက္ခရောက်ပြီ'

သူမသည် ဝတုတ်ဘက်သို့ လှည့်လိုက်သည်။

'တို့ အမြန်ဆုံးသွားမှဖြစ်မယ်ထင်တယ်'

သူမသည် ပြောပြီး မီးတောက်မီးလျှံထွက်ပေါ်ရာနောက်သို့ ပြေးလိုက်သွားလေသည်။

ဝတုတ်က သူမနောက်သို့ ပြေးလိုက်သွားရလေသည်။

ဦးရားသည် အစွမ်းကုန် ပြေးလွှားနေ၏။

ဝတုတ်က နောက်မှ ပြေးလိုက်နေ၏။

သို့သော် သိုင်းပညာရပ်များ ကွာဟနေသဖြင့် ဝတုတ်သည် ဦးရားနောက်သို့ မမီဘဲ ဖြစ်နေ၏။

ဝူးရားသည် မရပ်မနားဘဲ တစ်ဟုန်ထိုး ပြေးလွှားနေရာ သူမတို့သည် မီးတောက် မီးလျှံ ရှိရာသို့ရောက်ရှိသွားသောအခါ တောက်လောင်နေသော မီးလျှံများသည် လောင်ရန်ပစ္စည်းများ မရှိသောကြောင့် မီးငွယ်ကျိုးသွားလေသည်။

ဝူးရားသည် မီးလောင်ကျွမ်း၍ ပြိုကျနေသော အိမ်ခန်းကို ကြည့်လိုက်ရာ မည်သည့်အရာကိုမှ မတွေ့ရတော့ပါ။

ရှမ်းရှမ်းတစ်ယောက် မီးလောင်ကျွမ်းနေသောကြောင့် သေဆုံးသွားပြီဟု တစ်ထစ်ချ ယုံကြည်လိုက်လေသည်။

သူမသည် မြေပေါ်သို့ ထိုင်ချကာ ဝမ်းနည်းကြေကွဲစွာဖြင့် ငိုကြွေးနေ၏။

တစ်ခဏကြာတော့မှ ဝတုတ်က မောဟိုက်စွာ ရောက်ရှိလာလေသည်။

သူသည် ဝူးရား ငိုကြွေးနေသည်ကို တွေ့ရသောအခါ ရှမ်းရှမ်းတစ်ယောက် မီးထဲပါသွားပြီဖြစ်ကြောင်း ရိပ်စားမိလိုက်လေသည်။

သူ၏ ရင်ထဲ၌ လင်းလက်လာလေသည်။

'ယင်းဖုံးလဲ မရောက်သေးပါလား'

ဝူးရားက ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်၊ မမတစ်ယောက် ဘယ်ကိုရောက်သွားမှန်းကို မသိဘူး'



ထိုစဉ် အဝေးမှ စကားပြောဆိုနေသော အသံများ ကြားလိုက်ရလေသည်။

ဝူးရား မျက်မှောင်ကြုတ်သွားသည်။

'စကားပြောသံကြားတယ်၊ မီးရှို့တဲ့လူတွေများ ဖြစ်နေသလား'

သူမသည် ဝတုတ်အား မေးလိုက်ခြင်း ဖြစ်သည်။

ဝတုတ်က နားစွင့်လိုက်သည်။

'ဟ.... စကားပြောရုံမကဘူး၊ တိုက်ခိုက်နေတဲ့ အသံကိုပါ ကြားနေရတယ်'

ဝူးရားက သေချာစွာ နားစွင့်လိုက်သည်။

'ဟုတ်တယ်၊ တို့ သွားကြည့်ကြရအောင်'

သူတို့နှစ်ယောက်သည် အသံလာရာသို့ ပြေးလွှားသွားလေသည်။

* * *

ဝါူးရားသည် အလွန်စိတ်မြန်သော အမျိုးသမီးတစ်ယောက် ဖြစ်သည်။

သူမသည် ပြေးလွှားလာသောအခါ ခပ်လှမ်းလှမ်းတွင် လူနှစ်ယောက် ထိုင်၍ စကားပြောနေသည်ကို တွေ့ရလေသည်။

သူမက ခြေလှမ်းရပ်တန့်လိုက်သည်။

'ဟော လူ၊ ရှင်တို့က အချိန်မတော် ဒီမှာ ဘာလာလုပ်တာလဲ'

ထိုလူနှစ်ယောက်လည်း ဝါူးရား မေးမြန်းနေသည်ကို လုံးဝ လှည့်မကြည့်ဘဲ သူတို့အချင်းချင်း စကားပြောမြဲ ပြောနေ၏။

ဝါူးရား ဒေါသထွက်လာလေသည်။

ထိုလူနှစ်ယောက်ထံသို့ ပြေးလွှားသွားလေသည်။

သူ၏ ခြေထောက်သည် ဖိုထားသော မြေပေါ်သို့ နင်းမိလိုက်သောအခါ...

'စွန်း'

သူမ၏ ခန္ဓာကိုယ်သည် အောက်သို့ ကျွံကျသွားလေသည်။

* * *



ထိုလူနှစ်ယောက်မှာ ပီအုနှင့် ခုံးခုံးတို့ပင် ဖြစ်လေသည်။

သူတို့သည် မူလက ထွက်ပြေးရန်ဖြစ်သော်လည်း မမျှော်လင့်ဘဲ ဝါူးရာတို့ လိုက်လာကြသည်ကို တွေ့ရသောအခါ ယခုကဲ့သို့ ထောင်ချောက် အကွက်ဆင်ထားခြင်း ဖြစ်လေသည်။

ယင်း မြေတွင်းသည် မုဆိုးများက တောရိုင်းတိရစ္ဆာန်တွေ ဖမ်းရန် တူးထားသော တွင်းဟောင်းတစ်ခုဖြစ်သည်။

ယခု ဝါူးရားသည် သူတို့ဆင်ထားသော ထောင်ချောက်ထဲသို့ သက်ဆင်းသွားရလေသည်။

* * *

ဝတုတ်သည် ဒေါသခြောင်းခြောင်းဖြင့် ပီအုနှင့် ခုံးခုံးတို့အား စိုက်ကြည့်နေ၏။

ခုံးခုံးနှင့် ပီအုတို့ကလည်း ဝတုတ်အား စိုက်ကြည့်နေ၏။ ဝတုတ်မှာ တစ်ယောက်တည်း ဖြစ်သည်။

သူတို့ဘက်တွင် နှစ်ယောက်ရှိသည့်အတွက် ဝတုတ်အား အနိုင်ရလိမ့်မည်ဟု ယုံကြည်လေသည်။

ဝတုတ်က ခေါးကို ဆွဲထုတ်လိုက်သည်။

'မင်းတို့ အသာတကြည်အဖမ်းခံမလား၊ ဒါမှမဟုတ် သေချင်သလား'

'ဟား ဟား ဟား'

ခိုးခိုးက ရယ်မောလိုက်သည်။

'တွေ့လား၊ ကျုပ်တို့ ဝူးရားကိုတောင် ဖမ်းနိုင်ခဲ့ပြီ၊ ခင်ဗျား သေဖို့သာ ပြင်ပေတော့'

ဝတုတ် ဒေါသခြောင်းခြောင်းထွက်လာလေသည်။

သူသည် စကားမပြောတော့ဘဲ ခိုးခိုးအား ဝင်ရောက် တိုက်ခိုက်လိုက်သည်။

ခိုးခိုးကလည်း ပြန်လည် တိုက်ခိုက်လိုက်သည်။

ပိအုမှာမူ လက်ပိုက်ကြည့်နေ၏။

သူတို့နှစ်ယောက်သည် သူတစ်ပြန်ကိုယ်တစ်ပြန် တိုက်ခိုက်နေရာ သိုင်းကွက် ၁၀)ကွက်မျှ ယှဉ်ပြိုင်လာသောအခါ ခိုးခိုးက ရှုံးနိမ့်သွားလေသည်။

ပိအုက ပါဝင်တိုက်ခိုက်လာသောအခါ အခြေအနေတစ်မျိုးတစ်ဖုံ ပြောင်းလဲသွားလေသည်။

ဝတုတ်သည် ကြာကြာခံနိုင်စွမ်းမရှိပါ။

ဝုန်း'



သူ၏ နောက်ကျောတွင် ပိအု၏ လက်ဝါးတစ်ချက်မိသွားသောကြောင့် မြေပေါ်လဲကျသွားလေသည်။

'ဟား ဟား ဟား'

ပိအုနှင့် ခိုးခိုးတို့ အားရပါးရ ရယ်မောလိုက်သည်။

'ကဲ....ဘယ့်နှယ်ရှိစ အာဏာသားရယ်'

ဝတုတ်က လူးလှိမ့်၍ ထလိုက်သည်။

သို့သော် ပိအုနှင့် ခိုးခိုးတို့က ထပ်မံ တိုက်ခိုက်လိုက်သောကြောင့်....

'ဝုန်း'

သူသည် ဒုတိယအကြိမ် မြေပေါ်သို့ ကျသွားလေသည်။ ခိုးခိုးနှင့် ပိအုတို့သည် ထပ်မံ တိုက်ခိုက်လိုက်ရာ ဝတုတ်က မထနိုင်တော့ပါ။

ပိအုနှင့် ခိုးခိုးတို့သည် အားရပါးရ ရယ်မောရင်း ဝတုတ်အား မြေတွင်းထဲသို့ ပစ်ချလိုက်လေသည်။

ဝူးရားနှင့်ဝတုတ်တို့သည် မြေတွင်းထဲမှနေပြီး အပေါ်သို့ တက်ရောက်နိုင်ရန် အမျိုးမျိုးကြိုးစားနေ၏။

သို့သော် မြေတွင်းသည် အလွန်နက်ရှိုင်းနေသောကြောင့် မည်သို့မျှ မတက်နိုင်ဘဲ ဖြစ်နေ၏။

နောက်ဆုံး သူတို့လက်လျှော့ပြီး ထိုင်ချလိုက်လေသည်။

ထိုစဉ် အပေါ်မှကြိုးတစ်ချောင်း တန်းသန်းချလာသည်ကို မမျှော်လင့်ဘဲ တွေ့မြင်ရလေသည်။

ဝူးရား ဝမ်းသာသွားသည်။ သူမသည် ကြိုးကိုတွယ်၍ အပေါ်သို့တက်ရန် ဟန်ပြင်လိုက်သည်။

'ခဏနေပါဦး'

ဝတုတ်က ဟန့်တားလိုက်သည်။

ဝူးရားက နားမလည်နိုင်သော မျက်လုံးများဖြင့် ဝတုတ်အား လှည့်ကြည့်လိုက်လေသည်။

'ဘာဖြစ်လို့လဲ'

ဝတုတ်က....

'ကြိုးကိုချပေးတဲ့လူ ဘယ်သူမှန်းမသိဘဲနဲ့ အရမ်းတက်ဖို့ မသင့်ဘူးထင်တယ်'

ဝူးရားက ခေါင်းညိတ်လိုက်သည်။

'ဒါလဲ .ဟုတ်သားပဲ'

ထိုစဉ် အပေါ်မှ အသံတစ်ခု ထွက်ပေါ်လာလေ၏။

'ဝူးရား ငါပါဟ၊ မြန်မြန်တက်ခဲ့'

၎င်းအသံသည် ယင်းဖုံး၏အသံဖြစ်သည်။

ဝူးရားနှင့် ဝတုတ်တို့က ဝမ်းသာသွားကြလေသည်။

'မမယင်းဖုံး'



ဝူးရားက ဝမ်းသာအားရစွာ အော်ခေါ်ရင်း ကြိုးကိုတွယ်ပြီး တက်သွားလေ၏။ ဝတုတ်လည်း နောက်မှလိုက်၍ တက်သွား၏။

အပေါ်သို့ ရောက်ရှိသောအခါ ဝူးရားက ဝမ်းနည်းပက်လက်ဖြင့် ငိုကျွေးလေတော့၏။ ယင်းဖုံးက မျက်မှောင်ကုတ်သွားသည်။

'ညီမက ဘာဖြစ်လို့ ငိုနေရတာလဲ'

ဝူးရားက....

'ရှမ်းရှမ်းတစ်ယောက် မီးထဲပါသွားပြီ'

ဝူးရားကပြောရင်း ငိုကြွေးပြန်လေသည်။ ဝတုတ်သက်ပြင်းတစ်ချက်ချလိုက်လေသည်။

'ကျုပ်လဲ စိတ်မကောင်းပါဘူးဗျာ'

ယင်းဖုံးက ခေါင်းခါယမ်းပြလိုက်လေသည်။

'စိတ်မကောင်း မဖြစ်ကြပါနဲ့၊ ရှမ်းရှမ်းမသေပါဘူး'

ဝူးရားနှင့် ဝတုတ်တို့က ပြိုင်တူအံ့ဩသွားကြလေသည်။

'ရှမ်းရှမ်း မသေဘူး ဟုတ်လား'

ဝူးရားက အလောတကြီးမေးလိုက်သည်။

ယင်းဖုံးက ပြုံးပြလိုက်သည်။

'ဟုတ်တယ်၊ မမကလိမ်ပြောပါ့မလား'

ဝျူးရားက ဝမ်းသာသွားသည်။

'ဒါဖြင့် အခုသူဘယ်မှာလဲ'

ယင်းဖုံး၏မျက်နှာ ညှိုးနွမ်းသွားလေသည်။

'သူ အခုဘယ်ရောက်နေသလဲဆိုတာမမလဲ မသိသေးပါဘူး'

ဝျူးရား ကြောင်အမ်းအမ်းဖြစ်သွားသည်။

'ဒါဖြင့်....'

ယင်းဖုံးက လက်ကာပြလိုက်သည်။

'မမရှင်းပြမယ်'

သူမက စကားဆက်လိုက်သည်။

'မမလဲ ရွာထဲမှာ အမြင့်ဆုံး သစ်ပင်တစ်ပင်ပေါ်ကနေပြီး ဘယ်နေရာမှာ မီးလောင်မလဲဆိုတာ စောင့်ကြည့်နေတယ်လေ'

ဝျူးရားက ခေါင်းညိတ်လိုက်သည်။

'ဒါကြောင့် မမကို ရွာမတွေ့တာကိုး'

ယင်းဖုံးက....

'မီးလောင်တာကို တွေ့မြင်မိတာနဲ့ မမပြေးထွက်သွားတာ'

ဝတုတ်နှင့် ဝျူးရားတို့က နားစွင့်နေသည်။

ယင်းဖုံးက....

'မမတို့ရောက်သွားတဲ့အခါမှာ မီးစွယ်ဟာတော်တော်တက်နေတာကို တွေ့ရတယ်၊ မမကအထဲကို အတင်းဝင်ကြည့်တဲ့အခါမှာ ရှမ်းရှမ်းကို မတွေ့ရတော့ဘူး'



ဝျူးရားက....

'ဒါဖြင့် ရှမ်းရှမ်း ဘယ်ရောက်သွားသလဲ'

ယင်းဖုံးက....

'ရှမ်းရှမ်းကို မတွေ့တော့ ရန်သူက ထောင်ထားတဲ့ ထောင်ချောက်တစ်ခုဖြစ်ပြီလို့ ချက်ချင်းသိလိုက်တယ်၊ ဒါကြောင့် အမြန်ဆုံး ပြန်ထွက်လာတယ်'

သူမသည် စကားကို ခေတ္တနားပြီးမှ ဆက်လိုက်သည်။

'အပြင်ဘက် ရောက်လာတဲ့ အခါကျမှ ရှမ်းရှမ်းကို လူတစ်ယောက်က ပခုံးပေါ်မှာ ထမ်းပြီးပြေးသွားတာကို တွေ့ရတယ်'

ဝျူးရား မျက်မှောင်ကုတ်သွားသည်။

'မမက လိုက်မသွားဘူးလား'

ယင်းဖုံးက....

'ဘယ်နေမလဲ၊ ပြေးလိုက်သွားတာပေါ့'

သူမသည် သက်ပြင်းတစ်ချက် ချလိုက်သည်။

'ဒါပေမယ့် မျက်ခြေပြတ်သွားတယ်'

ဝျူးရားက....

'မမရဲ့ကိုယ်ဖော့ပညာ ဘယ်လောက် တော်သလဲဆိုတာ ကျွန်မသိပါတယ်၊ ဘာဖြစ်လို့ မျက်ခြေပြတ်သွားရတာလဲ'

ယင်းဖုံးက သက်ပြင်းတစ်ချက်ချလိုက်သည်။

'အခု အဲဒီလူရဲ့ ကိုယ်ဖော့ပညာဟာ မမထက် အများကြီး သာတယ်'

ဝတုတ်က ကြားဖြတ်လိုက်သည်။

'လူတစ်ယောက်ကို ပခုံးပေါ်ထမ်းပြီး ပြေးနိုင်တယ်ဆိုတဲ့ ပညာဟာ ဘယ်ဆိုးလို့တုန်း'

ဝါးရားက....

'ဒီလူက ဘယ်သူလဲ'

ယင်းဖုံးက ခေါင်းခါယမ်းလိုက်သည်။

'မမလဲ မသိဘူး'

ဝါးရားက....

'ဒါဖြင့် ဘယ်လိုလုပ်ကြမလဲဟင်'

ယင်းဖုံးက ဝါးရား၏ပခုံးကို အသာအယာ ပုတ်လိုက်၏။

'ဒီအတွက်မပူပါနဲ့၊ ဒီလူကထွက်ပြေးသွားပေမယ့် ကျွန်မကိုတော့ စာတစ်စောင် ပစ်ပေးသွားတယ်'

ဝါးရားက....

'စာထဲမှာ ဘာပါသလဲ'

ယင်းဖုံးသည် အင်္ကျီအိတ်ထဲတွင်လုံးထွေးနေသောစာရွက်လုံးကလေးကို လှမ်းပေးလိုက်သည်။ ဝါးရားက လုံးထွေးနေသော စာရွက်ကို ဖြန့်ကြည့်လိုက်သည်။ သူမသည် ဖတ်ပြီးသည်နှင့် ဝတုတ်အား လှမ်းပေးလိုက်သည်။

ဝတုတ်က ဖတ်ကြည့်လိုက်ရာ....



ယင်းဖုံး ...

မင်းဟာ နေပြည်တော် ထောက်လှမ်းရေး ဌာနမှာ နောက်ဆုံးလေ့ကျင့် ပညာပေးပြီး ပြုစုပျိုးထောင်ခဲ့တယ်၊ အမျိုးသမီးထောက်လှမ်းရေးအဖွဲ့မှာအတော်ဆုံးလို့ သတင်းကြားရပါတယ်၊ဒါကြောင့် မင်းရဲ့သိုင်းပညာ အရည်အချင်း ဘယ်အဆင့်ရှိသလဲဆိုတာသိချင်ပါတယ်၊မနက်ဖြန် နေထွက်တဲ့အချိန်မှာ နဂါးပတ်တောင်ပေါ်ကို လာခဲ့ပါ၊ ခင်ဗျား ကျုပ်ကိုနိုင်တယ်ဆိုရင် ရှမ်းရှမ်းကိုပြန်လွှတ်ပါ့မယ်'

ပုံ....

သိုင်းပညာရှင်တစ်ဦး

* * *

ဝတုတ်သည် စာကိုပြန်ပေးလိုက်ပြီး မျက်မှောင်ကုတ်သွားသည်။

'ဒီလူရဲ့လေသံဟာ တော်တော် ဘဝင်မြင့်ပုံရတယ်'

ယင်းဖုံးက သက်ပြင်းတစ်ချက်ချလိုက်သည်။

'သူက ဘဝင်မြင့်မယ်ဆိုရင်လဲ မြင့်နိုင်ပါတယ်'

ဝူးရားက....
'ဒီလူရဲ့ သိုင်းပညာအဆင့်ကို မမက သိထားလို့လား'
ယင်းဖုံးက....
'သူ့ရဲ့ ကိုယ်ဖော့ပညာကိုကြည့်လိုက်တာနဲ့ သူ့ရဲ့သိုင်းပညာကို ခန့်မှန်းလို့ ရလောက်ပါပြီ'

ဝူးရားက....

'မမက သူ့ကိုနိုင်လိမ့်မယ်လို့ ထင်သလား'

ယင်းဖုံးက....
'သူ့ကိုနိုင်မယ် မနိုင်ဘူးဆိုတာ မမလဲ မခန့်မှန်းတတ်ပါဘူး၊ ဒါပေမယ့်....'

ဝူးရားက....

'ဒါပေမယ့် ဘာဖြစ်သလဲ'

ယင်းဖုံးက....
'ဒါပေမယ့် ဥပဒေသောင်ကို ကျောခိုင်းတဲ့ လူတစ်ယောက်ဟာ အများပြည်သူအတွက်ရပ်တည်နေတဲ့ ဘက်တော်သားကို ဘယ်တော့မှ မနိုင်ဘူးဆိုတာ မမက ယုံကြည်တယ်'
ဝူးရားက....
'ဒါဖြင့် မမ မနက်ဖြန် သူနဲ့သွားပြီး ယှဉ်ပြိုင်ရမှာပေါ့'
ယင်းဖုံးက ခေါင်းညိတ်လိုက်သည်။
ဝူးရားက....
'ကျွန်မလိုက်မယ်'



ာတုတ်က ရင်ကော့လိုက်သည်။
ကျုပ်လဲ လိုက်မယ်'

* * *

ခုံးခုံးနှင့်ပီအုတို့သည် အထုပ် ကလေးပိုက်ကာ ပြေးလွှားရှ်နေလေသည်။
သူတို့၏ မျက်နှာများပေါ်တွင် ဝမ်းသာပီတိဖြစ်နေသော အရိပ်အယောင်များ အတိုင်းသားပေါ်လွင်နေ၏။
ခုံးခုံးက ရယ်မောရင်း....
'ဘယ်သူက ဘာဖြစ်နေနေ ကျုပ်တို့ကတော့ တသက်လုံး စားမကုန်နိုင်လောက်အောင် ရလိုက်ပြီမဟုတ်လား'
ပီအုက ရယ်မောလိုက်လေသည်။
'ဟုတ်တယ်ဟေ့၊ မင်းကတခြားလူကိုတော့ အကြံကောင်းကောင်း မပေးတတ်ပေမယ့် ကိုယ့်အတွက်တော့ အကြံကောင်း ဉာဏ်ကောင်း ထွက်သားပဲ'
သူက စကားဆက်လိုက်သည်၊
'တို့က ယန်ကြူးမြို့ကိုရောက်သွားတာနဲ့ သူဌေးဘဝပြောင်းလဲသွားတော့မယ်ဟေ့'

'ဟား....ဟား....ဟား....'

သူတို့နှစ်ယောက်သည် အားရ ပါးရ ရယ်မောလိုက်လေသည်။

ထိုစဉ်မှာပင် အေးစိမ့်သောအသံတစ်သံ ထွက်ပေါ်လာလေသည်။

'ဟဲ....ဟဲ....မင်းတို့သူဌေးမဖြစ်ခင် သေဖို့သာ ပြင်ပေတော့'

ရယ်မောသံများ ရပ်တန့်သွားသည်။

သူတို့၏ ခြေလှမ်းများမှာလည်း တုန့်ခနဲ ရပ်သွားကြလေသည်။

* * *

လူတစ်ယောက်သည် မည်သည့်အချိန်က ရောက်ရှိနေမှန်းမသိ ခုံးခုံးနှင့် ပိအုတို့သွားရာလမ်းတည့်တည့် ဝါးတစ်ရိုက်လောက်အကွာတွင် ရပ်နေသည်ကို တွေ့ရလေသည်။

ထိုလူသည် အနက်ရောင်အဝတ်ဖြင့် မျက်လုံးနှစ်လုံးသာဖောက်ထားသောအဝတ်ဖြင့် မျက်နှာကို အုပ်ထားသည်။



သူ၏ ကိုယ်ပေါ်တွင် အနီရောင်ဝတ်ရုံ တစ်ထည် ခြုံထားလေသည်။

ပိအုနှင့်ခုံးခုံးတို့က မျက်နှာကွက်ခနဲ ပျက်သွားကြလေသည်။

သူတို့သည် ကမန်းကတန်း ဒူးထောက်လိုက်လေသည်။

'မင်းတို့က သဌေးဖြစ်တော့မှာပဲ၊ ငါ့ကိုဘာဖြစ်လို့ ဒူးထောက်နေရတာလဲ'

ပိအုနှင့်ခုံးခုံးတို့သည် အတုတ်ကလေးကို မြေပေါ်သို့ချထားလိုက်ပြီး....

'ဆရာကြီး၊ ကျွန်တော်တို့ကို အသက်ချမ်းသာပေးပါ'

'ဟား....ဟား....ဟား'

ထိုလူက အားရ ပါးရ ရယ်မောလိုက်သည်။

'မင်းတို့ သစ္စာဖောက်တွေကို ငါက အသက်ချမ်းသာပေးရမှာလား'

ခုံးခုံးနှင့် ပိအုတို့သည် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး အင်္ကျီလက်ထဲမှာ ဝှက်ထားသော ဓားငယ်ကို ပြိုင်တူဆွဲထုတ်လိုက်သည်။

ရုတ်တရက် ပြိုင်တူထခုန်လိုက်သည်။

မျက်နှာဖုံးနှင့် လူ၏ ဝဲယာဘက်မှနေပြီး ပြိုင်တူတိုက်ခိုက်လိုက်လေသည်။

'မင်းတို့သေပေတော့'

မျက်နှာဖုံးနှင့်လူက လက်ဝါးနှစ်ဘက်ဖြင့် ဆီး၍ရိုက်ချလိုက်ရာ....

'ဝုန်း....ဝုန်း'

ခုံးခုံးနှင့် ပိအုတို့၏ ခန္ဓာကိုယ်များသည် အဝေးသို့လွင့်စဉ်သွားပြီး မြေပြင်ပေါ်သို့ ပြင်းထန်စွာ ဆောင့်မိ သွား လေသည်။

သူတို့သည် လုံးဝမထနိုင်တော့ပါ၊ မျက်နှာဖုံးနှင့် လူသည် ရွှံမုန်းစွာ တစ်ချက်ကြည့်လိုက်ပြီး မြေပေါ်၌ချထားသော အထုပ်ကလေး နှစ်ထုပ်ကို ကောက်ယူလိုက်သည်။

ထိုအထုပ် ကလေးကိုဖြေကြည့်လိုက်ရာ ကျောက်သံပတ္တမြားများ ဝင်းဝင်းလက် တောက်ပနေသည်ကို တွေ့မြင်ရလေသည်။

'ဟား....ဟား .. ဟား'

ထိုလူက ကျေနပ်စွာဖြင့် အားရပါးရ ရယ်မောလိုက်လေသည်။

* *



နံနက်....

နေဝန်းကြီးသည် မြေပြင်ပေါ်သို့ ခေါင်း ပြူ ထွက် လာ ပြီဖြစ်သည်။

နဂါးပတ်တောင်ထိပ်၌ ယင်းဖုံးရောက်ရှိနေ၏။

ဝတုတ်၊ ဝူးရားနှင့် အချင်းတို့သည်လည်း နောက်တွင်နေရစ်ခဲ့လေသည်။

ယခု ယင်းဖုံးသည် မျက်နှာဖုံးလူနှင့် မျက်နှာချင်းဆိုင်ရပ်နေကြပြီဖြစ်သည်။ မျက်နှာဖုံးနှင့်လူက ရယ်မောလိုက်လေသည်။

'ဒီမှာယင်းဖုံး၊ မင်းဟာ လူ့မားမားက အထူးလေ့ကျင့်မွေးထုတ်လိုက်တဲ့ အမျိုးသမီးထောက်လှမ်းရေးမှူးတစ်ယောက်ဖြစ် တယ် ဆို တာ ကျုပ်သိတယ်၊ ဒါပေမယ့် အမျိုးသမီးထောက်လှမ်းရေးအဖွဲ့ ဟာ ဘယ်လောက် အရည်အချင်း ရှိသဲဆိုတာ ကျုပ်ကသိချင်တယ်'

ယင်းဖုံးက ခေါင်းညိတ်လိုက်သည်။

'ကျွန်မတို့အပေါ် အခုလိုစိတ်ဝင်စားတာကို ကျေးဇူးတင်ပါတယ်ရှင်၊ ဒါပေမယ့် ရှင့်ကိုကျွန်မတစ်ခုမေးရဦးမယ်'

'မေးပါ'

'ရဲတိုက်ရဲ့အရှုပ်အရှင်းထဲမှာ ရှင်က ခေါင်းဆောင်ဖြစ်တယ်ဆိုတာ ကျွန်မသံသယဖြစ်မိတယ်'

မျက်နှာဖုံးနှင့်လူက....

'သံသယဖြစ်မနေနဲ့၊ ဒီအမှုတွေဟာ ကျုပ်ကပဲဦးဆောင်လုပ်ခဲ့တယ်၊ မင်းကဝင်ရှုပ်နေလို့ပေါ့၊ နို့မဟုတ်ရင် ကျုပ်တို့အောင်မြင်နေပြီ'

ယင်းဖုံးက ခေါင်းခါယမ်းလိုက်သည်။

'လောကပေါ်မှာမကောင်းမှုပြုနေသမျှဘယ်တော့မှမအောင်မြင်ဘူးဆိုတာယုံပါ'

'ဟား...ဟား....ဟား'

ထိုလူက အားရပါးရ ရယ်မောလိုက်သည်။

'ကျုပ်ကတော့ကျုပ်လိုချင်တဲ့အရာမှန်သမျှရအောင်ယူတတ်တဲ့အကျင့်ရှိတယ်၊ ဒါကြောင့် ကျုပ်ရဲ့သွားလမ်းကို ပိတ်ဆို့ဟန့်တားတဲ့လူမှန်သမျှ ဖယ်ရှားပစ်ရမှာပဲ'

ယင်းဖုံးကပြုံးလိုက်သည်။

'ရှင့်ကိုယ်ရှင်တော့ အတော်အထင်ကြီးသားပဲ'

'ဟုတ်တယ်၊ အဲဒါ ဘာဖြစ်သလဲ'

ယင်းဖုံးက....

'ကိုယ့်ကိုကိုယ် အထင်ကြီးတဲ့လူဟာ လူရှေ့သူရှေ့မှာ ကိုယ့်မျက်နှာတောင်မပြရဲတာ တော်တော်ရယ်စရာကောင်းပါတယ်'

'ဟား....ဟား... ဟား'

ထိုလူက ရယ်မောလိုက်သည်။

'မင်းက ငါ့ကိုမခံချင်အောင် ပြောနေတာလား၊ ကျုပ်ဘယ်သူ ဘယ်ဝါဆိုတာ အခုပဲသိရမှာပါ၊ ဒါပေမယ့်....'

သူသည် စူးရှတောက်ပသော မျက်လုံးအစုံဖြင့် ဝတုတ်ဝူးရားနှင့် အချင်းတို့အား တစ်ချက်ဝေ့ကြည့်လိုက်သည်။



'ကျုပ်ရဲ့မျက်နှာကို မြင်တွေ့ရတဲ့လူမှန်သမျှ လောကပေါ်မှာ အသက်ရှင်သန်ပြီး မနေရတော့ဘူးသာမှတ်'

သူသည် ပြောပြီးသည်နှင့် စွပ်ထားသော မျက်နှာဖုံးကို ဆွဲဖြုတ်လိုက်လေသည်။

'ဟာ....'

'ဟာ....'

အားလုံးသောလူများသည် အံ့သြလွန်း၍ ဟာခနဲဟင်ခနဲ ဖြစ်ကုန်ကြလေသည်။ အလွန်တည်ငြိမ်နေသော ယင်းဖုံးပင်လျှင် အံ့အားသင့်သွားလေသည်။

အကြောင်းမှာ ထိုလူသည် ဌာနမှူးကိုထန်ပင်ဖြစ်လေသည်။

ယင်းဖုံးက သက်ပြင်းတစ်ချက်ချလိုက်သည်။

'ရှင်က သိပ်ပြီးအယောင်ဆောင်ကောင်းတဲ့ လူတစ်ယောက်ဆိုတာ ကျွန်မတော့ချီးကျူးမိပြီ'

ဌာနမှူးကိုထန်သည် ခါတိုင်းကဲ့သို့ အရာရာကိုကြောက်ရွံ့တတ်သောအသွင်မရှိတော့ပါ။ သူ၏မျက်နှာကို မြင်တွေ့လိုက်သည်နှင့် အလိုလိုကြောက်ရွံ့သောစိတ် ပေါ်လာစေသောရုပ်သွင်မျိုးဖြစ်၏။

ကိုထန် မဲ့ပြုံးပြုံးလိုက်သည်။

'ကဲ-ကျုပ်ဘယ်သူလဲဆိုတာ သိကြပြီမဟုတ်လား၊ ငရဲပြည်သွားဖို့သာ ပြင်ထားကြပေတော့'

သူသည် ယင်းသို့ပြောပြီး ယင်းဖုံးအား တိုက်ခိုက်လိုက်လေသည်။

ယင်းဖုံးသည် ပေါ့ပေါ့တန်တန်စိတ်မျိုး မထားဝံ့တော့ပါ။ သူမသည် သတိကြီးစွာဖြင့် ပြန်လည်ခုခံတိုက်ခိုက်လိုက်လေသည်။

သူမ ကြိုတင်ခန့်မှန်းထားသည့်အတိုင်း ကိုထန်၏ သိုင်းပညာမှာ မိမိထက်မညံ့သည့်တိုင်အောင် မိမိထက်ပင် အနည်းငယ်သာလွန်လိမ့်မည်ဟု တွေ့ရှိရလေသည်။

သို့သော် သိုင်းပညာဟူသည် တရားသေသဘောမရှိပါ။ သိုင်းကွက်အပေါ် သတိပြုရန်လိုသည့်ပြင် ဦးနှောက်ကိုလည်းအားထားရသော သိုင်းပညာရပ်ဖြစ်လေသည်။

ထို့ကြောင့်လည်း တစ်ခါတစ်ရံ သိုင်းပညာအားနည်းသောလူသည် သူ့ထက်သိုင်းပညာမြင့်သောလူအပေါ် အနိုင်ယူခဲ့သည့်သာဓကရှိခဲ့သည် မဟုတ်ပါလော။

ယင်းဖုံးသည် သတိကြီးစွာဖြင့် ကိုထန်နှင့် သိုင်းကွက်တစ်ရာကျော်ခန့် ယှဉ်ပြိုင်လာခဲ့ရာ မည်သူကမှ အနိုင်မရရှိဘဲဖြစ်နေ၏။

သို့သော် ယင်းဖုံးသည် ကိုထန်နှင့်ယှဉ်ပြိုင်ခဲ့သော သိုင်းကွက်တစ်ရာကျော်အတွင်းမှာ လေ့လာကြည့်ရှုရာမှ ကိုထန်၏သိုင်းကွက်တည်းမှ အလွန်သေးငယ်သော ဟာကွက်တစ်ခုကို တွေ့ရှိလိုက်ရလေသည်။

ကိုထန်၏တိုက်ခိုက်မှုပညာတွင် အလွန်ထက်မြက်သော သိုင်းကွက်တစ်ကွက်ကို တွေ့ရှိထားသည်။

ယင်းသိုင်းကွက်မှာ ညာဘက်လက်မှအားထားပြီး တိုက်ခိုက်ရာမှ ရုတ်တရက်တိုက်ခိုက်လာသော အဓိကအင်အားကို ဘယ်ဘက်လက်သို့ ပြောင်းလဲလိုက်သော အကွက်ဖြစ်လေသည်။



ဘယ်ဘက်လက် ပြောင်းလိုက်သောအခါ တဒင်္ဂအချိန်သာ ရလိုက်သော ဟာကွက်တစ်ခု ပေါ်လာလေသည်။

ယင်းဟာကွက်ကို တော်ရုံတွေ့မြင်နိုင်မည်မဟုတ်ပါ။ သို့သော် သိုင်းပညာကို ဉာဏ်အမျိုးမျိုးဖြင့် ပူးပေါင်းအသုံးပြုကြသော ယင်းဖုံးက တွေ့ရှိသွားလေသည်။

ထို့ကြောင့် ယင်းဖုံးသည် ယင်းဟာကွက်ကို မိမိရရအခွင့်ရေးကို လက်လွှတ်မခံဘဲ လက်သီးတစ်လုံးဖြင့် ရှိသမျှအားကို အသုံးပြုကာ ပစ်သွင်းလိုက်လေသည်။

သူမ၏ သိုင်းကွက်မှာ အလွန်တိကျမှန်ကန်လေသည်။

သူမ၏ ပြင်းထန်သောလက်သီးတစ်လုံးသည် ကိုထန်၏ရင်ဝ တည့်တည့်သို့ တိုးမိသွားလေသည်။

'အား....'

ကိုထန်သည် စူးရှစွာအော်ဟစ်ပြီး နောက်သို့ ပက်လက်လှန်လဲကျသွားလေသည်။ ယင်းဖုံးသည် ဒဏ်ရာပြင်းထန်စွာရရှိသွားသော ကိုထန်အား တစ်ချက်ကြည့်လိုက်သည်။

'ရှင်က အလွန်ဉာဏ်ကောင်းပါတယ်၊ သိုင်းပညာလဲ ကျွန်မထက်သာတယ်၊ ဒါပေမယ့် ရှင် တတ်မြောက် ထားတဲ့ ပညာနဲ့ ပြည်သူတွေရဲ့ အကျိုးမပြုဘဲ တစ်ကိုယ်တော် ကောင်းစားရေး စိတ်ကူးမှားသွားတာနဲ့ အခုလို ကျဆုံးသွားရတာ ကျွန်မတော့ စိတ်မကောင်းတာ အမှန်ပါပဲရှင်'

ကိုထန် ခေါင်းငိုက်စိုက်ချထားလိုက်လေသည်။

ယင်းဖုံးက ဝတုတ်ဘက်သို့ လှည့်ကြည့်လိုက် လေသည်။

'ကဲ ကျွန်မတာဝန်ပြီးဆုံးသွားပါပြီ၊ သူ့ကို တရား ဥပဒေအရ ဆုံးဖြတ်တာကို ခံယူပါစေ၊ နောက်ပြီး ရဲတိုက်ရဲ့ အမှုကိုလဲ ရှင်တို့ကပဲ ဆက်ပြီး ဆောင်ရွက်သွားပါ'

သူမသည် ကိုထန်ဘက်သို့ လှည့်ကြည့် လိုက်လေသည်။

ကိုထန်က ခါးမှ ပလွေတိုတစ်ချောင်း ထုတ်ယူ၍မှုတ်လိုက်လေသည်။

'ရွှီ....'

တစ်ခဏအကြာတွင် မြင်းခွာသံတစ်သံကို ကြားလိုက်ရလေသည်။

ရှမ်းရှမ်းသည် လက်နှစ်ဖက် ကြိုးတုပ်ကာ မြင်းပေါ်မှ စီးနင်းလိုက်ပါလာသည်ကို တွေ့ရလေသည်။

ဝူးရားက ထခုန်လုမတတ် ဝမ်းသာသွား၏။

'ရှမ်းရှမ်း....'

သူမသည် ရှမ်းရှမ်းထံသို့ ပြေးလွှားသွားလေသည်။

'ဝူးရား'

ရှမ်းရှမ်းကလည်း အားရဝမ်းသာ ဖြစ်သွား၏။

ဝူးရားက ရှမ်းရှမ်း၏ လက်ပေါ်မှ ကြိုးများကို ဖြေပေးလိုက်လေသည်။

သူမသည် မြင်းပေါ်မှ ခုန်ဆင်းလာလေသည်။

ယင်းဖုံးက သူမအား ပြုံးပြလိုက်သည်။

'ညီမ မင်းဘာမှ မဖြစ်ဘူးနော်'

ရှမ်းရှမ်းက ပြုံးလိုက်သည်။

'မမက ကျွန်မကို လာကယ်မယ်ဆိုတာ ယုံကြည်ပြီးသားပါ'



ယင်းဖုံးသည် ရှမ်းရှမ်းနှင့် ဝူးရားတို့အား သိုင်းဖက်ကာ ဖန်ကြည်ကြည်နှင့် ဝတုတ်တို့အား နှုတ်ဆက်လိုက်လေသည်။

'ဖန်ကြည်ကြည် ကျွန်မတို့သွားတော့မယ်၊ အခု ငါ့ ညီမ ကြောက်ရမယ့် ကိစ္စအဝဝလဲ ပပျောက်သွားပါပြီ၊ ဒါကြောင့် ကိုယ့်မိဘအမွေအနှစ် ကျန်ရစ်ခဲ့တဲ့ ရဲတိုက်ကို ဆက်လက် ထိန်းသိမ်းပါလို့ အကြံပြုချင်ပါတယ်'

ဖန်ကြည်ကြည် ခေါင်းညိတ်လိုက်သည်။

'ကျွန်မ သဘောပေါက်ပါပြီ၊ ဒီမှာပဲ နေရစ်ခဲ့ပြီး အများပြည်သူအတွက် အကျိုးပြုတဲ့လုပ်ငန်းကို ဆက်လက် လုပ်သွားမှ ဘဘရဲ့ ဆန္ဒကို ဖြည့်စွက်နိုင်မယ်ဆိုတာ နားလည်ပါပြီရှင်'

'ဒီစကား ကြားရတာ အလွန်တန်ဖိုးရှိပါတယ်၊အောင်မြင်ပါစေလို့ လဲ ကျွန်မတို့ အမျိုးသမီး ထောက်လှမ်းရေး ကိုယ်စား လိုက်လိုက်လှဲလှဲ ကြိုဆိုပါတယ်'

ယင်းဖုံးသည် ရှမ်းရှမ်းနှင့် ဝူးရားတို့၏ လက်ကို ဆွဲကာ ထိုနေရာမှ ထွက်ခွာသွားလေတော့သည်။

ဖန်ကြည်ကြည်သည် သူမတို့ ပျောက်ကွယ်သွားသည် အထိ ကြည့်ကာ ရင်ထဲ၌ ဟာ၍ ကျန်ရစ်ခဲ့လေတော့သည်။

ဇာတ်သိမ်းပိုင်း ပြီး၏။

မိုးကျော်သူ